ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၄ ရက်၊ ကြာသပတေးနေ့၊ (21-5-2015) (၈၂၀၇)

## အေးစေ မြဲစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
- အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး။
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံ့မမုန်း။
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# နိုင်ငံတော်သမ္မတအား အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာနမှ ရွှေစပါးနှံဂုဏ်ပြုဆု ချီးမြှင့်

**နေပြည်တော် မေ ၂၀**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသန ဌာန(IRRI)မှ ရွှေစပါးနှံ ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားနှင့် မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ အစီအမံ စတင်ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အေဂျင်စီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာန (IRRI)မှ ညွှန်ကြားရေးမှူးချုပ်နှင့် ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်သမ္မတ၏ ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရောဘတ်ဇိဂလာက မြန်မာနိုင်ငံဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်

စာမျက်နှာ ၈ ကော်လံ ၁ သို့☆




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရောဘတ်ဇိဂလာက ရွှေစပါးနှံဂုဏ်ပြုဆု ပေးအပ်စဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

သာဓုခေါ်ဆို မိပါသည် — စာမျက်နှာ - ၂

တစ်နာရီအနည်းဆုံး လုပ်ခ ၁၅ ဒေါ်လာ လော့စ်အိန်ဂျလိစ် ကောင်စီအတည်ပြု — စာမျက်နှာ - ၄

နတ်မောက်တွင် ရာသီမရွေး သောက်သုံးရေ ရရှိရေး ဆောင်ရွက် — စာမျက်နှာ - ၁၁

**ပြည်ပသို့ တရားမဝင်သွားရောက်၍ အလုပ်လုပ်ကိုင်ကြသဖြင့် လူကုန်ကူးခြင်းခံနေကြရပြီး လုပ်ခလစာ မရရှိမှု၊ လုပ်ခလစာ အပြည့်အဝမရရှိဘဲ အနည်းငယ်သာရရှိမှု၊ မတရားချုပ်နှောင်ခံရမှု၊ ညှဉ်းပန်းနှိပ်စက်ခံရမှုများအပြင် အသက်အန္တရာယ်ပါ ရင်ဆိုင်ကြုံတွေ့နေရမှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိနေကြရပေသည်။**

စာ ›› ၁၀

# ကမ္ဘာ့ရွှေဈေးတည်ငြိမ်နေသော်လည်း ပြည်တွင်းရွှေဈေးနေ့စဉ်မြင့်တက်

ယခု မေလအတွင်း ကမ္ဘာ့ရွှေဈေးမှာတည်ငြိမ်နေသော်လည်း ပြည်တွင်းရွှေဈေးမှာ နေ့စဉ်တစ်ရိပ်ရိပ်ဈေးနှုန်းမြင့်တက်နေကြောင်း ရွှေဈေးကွက်အတွင်းမှ သိရသည်။

မေလ ပထမပတ်က အခေါက်ရွှေဈေးမှာ တစ်ကျပ်သားလျှင် ကျပ် ၆၈၀၀၀၀ ကျော်သာရှိရာမှ မေ ၁၂ ရက်တွင် ကျပ် ၇၀၁၂၀၀ ထိ မြင့်တက်ခဲ့ပြီး မေ ၁၉ ရက်၌ ဈေးကွက်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၇၁၈၀၀၀ ကျော်အထိ ဈေးမြင့်တက်ခဲ့ကာ မေ ၂၀ ရက်၌ ဈေးကွက်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၇၂၃၀၀၀ ထိ ဆက်တိုက်မြင့်တက်လာကြောင်း မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးထုံရွှေဆိုင်ပိုင်ရှင် ဦးကျော်ဝင်းက ပြောသည်။

"ကမ္ဘာ့ရွှေဈေးက ငြိမ်နေပေမယ့် ပြည်တွင်းရွှေဈေးက ဆက်တက်လာတယ်။ ရွှေဈေးတက်တာက အိမ်ခြံမြေဈေးရော၊ ကားဈေးကွက်ရောက ငြိမ်နေတော့ အခုရက်ပိုင်း ရွှေဈေးကွက်ကို အဝယ်လိုက်လာကြလို့ ဈေးတက်လာတာ" ဟု ဦးကျော်ဝင်းက ပြောသည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❒



အတွေးအမြင်

ကြေးမုံစာတည်းရှုထောင့် ၂၁-၅-၂၀၁၅၊ ကြာသပတေးနေ့

# သာဓုခေါ်ဆိုမိပါသည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် အဘိဓမ္မာ၊ အဘိဓမ္မာဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်ကျင်းပခဲ့ရာ စာမေးပွဲအောင်မြင်သူများစာရင်းကို ထုတ်ပြန်ကြေညာလိုက်သည်ဟု ကြားသိလိုက်ရပါသည်။

အဆိုပါစာမေးပွဲများကို သာသနာရေးဝန်ကြီးဌာနက သာသနာတော် ထွန်းကားပြန့်ပွားစေရန် ရည်သန်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များ အတွင်းရှိ သာသနာရေးမှူးရုံး စာဖြေဌာန ၃၃၆ ခုတွင် ကျင်းပခဲ့ရာ ဗုဒ္ဓသာသနာကို ကြည်ညိုသဒ္ဓါပွား စိတ်ဝင်စားကြသူ မြန်မာနိုင်ငံတစ်ဝန်းမှ ပြည်သူများ စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုကြသည်ကို မြင်တွေ့ရသဖြင့် ဝမ်းမြောက်ပီတိဖြစ်မိပါသည်။

မြန်မာနိုင်ငံသည် ဘာသာသာသနာ၏ အဆုံးအမနှင့်အညီ ပြုမူနေထိုင်ခဲ့ကြသော တိုင်းပြည်ဖြစ်၍ ယဉ်ကျေးသိမ်မွေ့သော နိုင်ငံသားများအဖြစ် အသိအမှတ်ပြုခံခဲ့ကြရသူများဖြစ်ပါသည်။ မျက်မှောက်ကာလ ရေစီးကြောင်းအရ ခေတ်စနစ်များ တိုးတက်ပြောင်းလဲလာသောအခါ အဆိုပါ ဘာသာသာသနာ၏ အဆုံးအမများ လျော့ပါးလာသည်ဟု ဆိုနိုင်ပါသည်။

ထိုသို့သော အချိန်အခါကာလတွင် သာသနာတော်ထွန်းကားပြန့်ပွားရေး၊ ဘာသာတရားတိုးတက်ရှင်သန်ရေးအတွက် လူပုဂ္ဂိုလ်အလိုက်၊ အဖွဲ့အစည်းအလိုက် ကြိုးပမ်းအားထုတ်မှုများကို မြင်တွေ့နေရသလို သာသနာရေးဝန်ကြီးဌာနကလည်း ဤကဲ့သို့ ပရိယတ္တိထွန်းကားရေးကို အလေးထားဆောင်ရွက်ပေးနေသည်ကို မြင်တွေ့ရသဖြင့် အထူးပင်ဝမ်းမြောက်မိပါသည်။

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် မြန်မာတစ်နိုင်ငံလုံးမှ ၁၈၂၉၄ ဦးဝင်ရောက်ဖြေဆိုခဲ့ကြပြီး ၁၄၆၇၀ စာမေးပွဲအောင်မြင်ခဲ့သည်ကို တွေ့ရပါသည်။ တစ်ပြည်လုံး၌ အတန်းသုံးတန်းစလုံးတွင် နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၃၂၄၄ ဦးရှိပြီး တစ်ပြည်လုံးတွင် ပထမ၊ ဒုတိယ၊ တတိယ သုံးဦးစီရရှိခဲ့ကြောင်း မြင်တွေ့ကြားသိရ၍ ဗုဒ္ဓတရားများ ထုံမွမ်းသော ထိုလူပုဂ္ဂိုလ်များအား သာဓုခေါ်ဆိုမိပါသည်။

မြတ်စွာဘုရားရှင်သည် ပုဂ္ဂလဇ္ဈာသယ(ပုဂ္ဂိုလ်တို့၏စရိုက်)အလိုက် လူနာနှင့်ဆေး တည့်အောင်ပေးသည့်ပမာ လိုက်လျောညီထွေသော တရားတော်များ၊ ကျင့်စဉ်များကို လူသာမန်များ၊ ဝေနေယျများ၊ ကျွတ်ထိုက်သော ပုဂ္ဂိုလ်များအား အသိတရား၊ အကျင့်တရား၊ အကျွတ်တရားများရစေမည့် တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးပေးသနားတော်မူခဲ့ပါသည်။

ဘုရားရှင်ဟောကြားခဲ့သော တရားတော်များတွင် အဘိဓမ္မာ ပိဋကတ်များသည် သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကတည်းဟူသော လောကသုံးပါး၌ နေထိုင်ကြကုန်သော အပါယ်လေးဘုံသားများနှင့် လူ၊ နတ်၊ ဗြဟ္မာများ၏ အကျိုးအတွက် ဟောကြားထားချက်များဖြစ်ပါသည်။

ထိုဝေနေယျသတ္တဝါအပေါင်းတို့၏ စိတ်၊ စေတသိက် စေစားမှုတို့ဖြင့် ပြုလုပ်ခဲ့ကြသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကြောင့် ရရှိခံစားကြရသော ဘုံစဉ်များ၊ ဆင်းရဲမှု၊ ချမ်းသာမှုများ စသည့် ကောင်းကျိုး၊ ဆိုးကျိုးအစုံအလင်တို့ကို စစ်စစ်ပေါက်ပေါက် သေချာစွာသိမြင်လိုလျှင် ထိုပရမတ္ထဒေသနာတော်များကို လေ့လာအားထုတ်ရမည်ဖြစ်သည်။

သိကုံးပန်းသွင် ဆင်ယင်ထားသော ထိုတရားဒေသနာများကို လေ့လာလိုက်စားအားထုတ်ကြသော လောကလူသားတို့အတွက် လောကီအကျိုး၊ လောကုတ္တရာအကျိုးတရားများ ရရှိစေမည်မှာ အမှန်ဖြစ်ပါသည်။ ထို့ထက်မက ဗုဒ္ဓဟောကြားထားသော တရားဒေသနာများသည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးကျင့်စဉ်တရားများလည်းဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သော နိုင်ငံဖြစ်သည်နှင့်အညီ မြတ်ဗုဒ္ဓ၏တရားတော်များကို မကွယ်ပျောက်ဘဲ ထွန်းကားပြန့်ပွားအောင် အားထုတ်နေသော မြန်မာနိုင်ငံ၌ ဗုဒ္ဓတရားတော်များအပေါ်တွင် သက်ဝင်ယုံကြည်ပွားတိုးအောင် အားထုတ်ကြကုန်သော ထိုအမျိုးကောင်းသားများအား သာဓုအနုမောဒနာ ခေါ်ဆိုလိုက်ပါသည်။ ။

# မန္တလေးမြို့၌ ဒစ်ဂျစ်တယ်စနစ် သုံးဖက်မြင်ရုပ်လုံးကြွပြစက်များနှင့် ဒစ်ဂျစ်တယ်စတူဒီယိုအသံစနစ် တပ်ဆင်ထားသည့် JCGV ရုပ်ရှင်ရုံများဖွင့်လှစ်




owi; - wiarni? atnio&(rEav;)

**မန္တလေး မေ ၂၀**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးအိုးရှင်းစူပါစင်တာ တတိယထပ်တွင် JCGV ရုပ်ရှင်ရုံဖွင့်ပွဲကို ယနေ့နံနက် ၁၁ နာရီက ကျင်းပရာ ရှေးဦးစွာ JCGV ၏ အမှုဆောင်အရာရှိချုပ် Mr.Kim Min Kyu က ရုပ်ရှင်ရုံများဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက ရုပ်ရှင်ရုံသစ်များ ဖွင့်လှစ်နိုင်ခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။**(ယာပုံ)**

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်း၊ JCGV ၏ အမှုဆောင်အရာရှိချုပ် Mr. Kim Min Kyu နှင့် JCGV Present of Board ဒေါ်စန္ဒာထွန်းတို့က JCGV ရုပ်ရှင်ရုံများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် JCGV ရုပ်ရှင်ရုံ အမှတ်(၁)၌ မကြာမီရုံတင်ပြသမည့် နမူနာဇာတ်ကားများကိုပြသရာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက ကြည့်ရှုအားပေးကြသည်။

ယခုဖွင့်လှစ်သည့် ရုပ်ရှင်ရုံ သုံးရုံသည် JCGV အနေဖြင့် မန္တလေးမြို့တွင် ပထမဆုံး ဖွင့်လှစ်သော ရုပ်ရှင်ရုံများဖြစ်ပြီး တစ်နိုင်ငံလုံးတွင် JCGV ၏ ကိုးရုံမြောက် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါရုပ်ရှင်ရုံများတွင် ဘယ်လ်ဂျီယံနိုင်ငံမှထုတ်လုပ်သည့် ဒစ်ဂျစ်တယ်စနစ် သုံးဖက်မြင် ရုပ်လုံးကြွပြစက်များနှင့် ဒစ်ဂျစ်တယ် စတူဒီယိုအသံစနစ် တပ်ဆင်ထားကြောင်း၊ ရုံအမှတ်(၁)တွင် ထိုင်ခုံပေါင်း ၁၆၉ ခုံ၊ ရုံအမှတ်(၂)တွင် ၁၅၇ ခုံနှင့် ရုံအမှတ်(၃)တွင် ၁၁၇ ခုံ ပါဝင်ပြီး ဝင်ကြေးအနေဖြင့် လက်မှတ်တစ်စောင်လျှင် ငွေကျပ် ၁၀၀၀၊ ၂၅၀၀ နှင့် ၆၅၀၀ တို့ဖြင့် သုံးမျိုးပါဝင်ကြောင်း၊ တစ်ရက်လျှင် ပုံမှန်လေးပွဲနှင့် သောကြာ၊ စနေနေ့များတွင် ငါးပွဲပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်တွင် JCGV ရုပ်ရှင်ရုံများကို လွန်ခဲ့သည့် နှစ်နှစ်ခန့်က မင်္ဂလာမန္တလေးအဆင့်မြင့်အိမ်ရာ စီမံကိန်းနှင့်အတူ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ မင်္ဂလာမန္တလေးအဆင့်မြင့် အိမ်ရာစီမံကိန်းသည် လူနေတိုက်ခန်းများ၊ ဆိုင်ခန်းများနှင့် Shopping Mall တို့ဖြင့် စည်ကားလျက်ရှိပြီး အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၀**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၁၇၀၀၀ - ၇၁၈၀၀၀ | |
| မန္တလေး | ရွှေဈေး | ၇၁၇၀၀၀ - ၇၁၈၀၀၀ | |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၉၁၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၂၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၀၈၂.၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၂၀၄.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၇၄.၃၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၂.၂၇၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၂၉၉.၆၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၆.၉၆၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၈၉၅.၁၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၈.၈၅၃ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၅၆.၁၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၈၀၉.၇၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း


သင့်သွေးဖြင့် အသက်ကယ်ပါ

**ပိုင်ရှင်မှ တိုက်ရိုက်ရောင်းမည်။**

ကိုယ်ပိုင်နေရန်အထူးအဆင့်မြင့်သည်၊ အငှားထားလျှင်ဈေးကောင်းရမည်၊

ကျောက်မြောင်း၊ လမ်းကောင်း၊ အဆင့်မြင့်အသင့်နေတိုက်ခန်းများ အိမ်ရှေ့ ဗာဂျာဆွဲတံခါးမကြီး၊ အဆင့်မြင့် ကနုတ်သံပန်းအလှများနှင့် ဆန်းရိုက်တစ်အိမ်လုံးပြည့်တပ်ဆင်၍၊ ပန်းကနုတ်ကျွန်းတံခါးများနှင့် PVC ပြတင်းပေါက်ကျယ်များ တစ်အိမ်လုံးပြည့် တပ်ဆင်ထားသည်။ (အိပ်ခန်း(၂)ခန်းပါ) A/C (1) လုံး၊ မျက်နှာကျက်ကောနစ်၊ မီးအလှနှင့် အဆင့်မြင့် မီးဆိုင်းများ တပ်ဆင်ထားသည်။ အဆင့်မြင့်ပါကေးခင်းပြီး၊ ကြွေပြားများ တစ်အိမ်လုံးပြည့် ခင်းကပ်၍ မီးဖိုခုံနှင့် ဗီဒိုများ တပ်ဆင်ထားသည်။ ရေချိုးခန်း Pressur Pump၊ ရေပူ/ရေအေး တပ်ဆင်ပြီး ဘိုထိုင်၊ ရေမီးကိုယ်ပိုင် (အသင့်နေနိုင်)(ပွဲစား၊ အကျိုးဆောင်၊ ကြော်ငြာများမလိုပါ။)

အင်းဝလမ်း၊ ပထမထပ်(15'×50')ကျပ်သိန်း(560) Ph:09-5053076
ကျားကွက်သစ်လမ်းမကြီး၊ တတိယထပ်၊(17'×60')ကျပ်သိန်း(710)



**"စိုးခံ (လင်း:)" ရုံးချုပ်မှအမြန်ရောင်းမည်**

| | | | |
|---|---|---|---|
| ၁။ ကမရ၊အင်းယားလမ်းအနီး | (47x90) | 1RC | 16000L |
| ၂။ ဗဟန်း၊နတ်မောက်လမ်း | (5900Sqft)မြေ | | 13000L |
| ၃။ ပါရမီ၊ချော်တွင်းကုန်းအနီး | (45x65) | 2RC | 9980L |
| ၄။ (၇)မိုင်၊ကုန်းမြင့်ရိပ်သာ | (70x70) | မြေ | 9700L |
| ၅။ ရန်ကင်း၊ပါရမီ | (40x60) | 2RC,ပြင်ပြီး | 8500L |
| ၆။ အေးရိပ်မွန်၊စကားဝါလမ်း | (64x75) | မြေ | 8400L |
| ၇။ (၉)ရပ်ကွက်၊ဝေဇယန္တာအနီး | (40x60) | 1PT | 5300L |
| ၈။ တ/ဥ၊ငွေကြာယံရိပ်သာ | (40x60) | မြေ | 4800L |
| ၉။ ရန်ကင်း၊သစ္စာလမ်း(ဂုတ်) | (55x65) | မြေ | 4500L |
| ၁၀။ သဃက၊ပြည်သာယာ | (40x50) | 2RC,သစ် | 4480L |
| ၁၁။ တ/ဥ၊ပါရမီလမ်းမအနီး | (40x60) | မြေ | 3000L |

☎ - 510 600, 510 950, 09 5173690, 09 5185534,09 5040160


**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**မော်တော်ယာဉ်သုံးတာယာများ၊ စာရေးကိရိယာပစ္စည်းများ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအတွက် လိုအပ်နေသော မော်တော်ယာဉ်သုံးတာယာများ၊ စာရေးကိရိယာပစ္စည်းများ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများအား ဝယ်ယူလိုပါသည်။

၂။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၅)၊ နေပြည်တော်တွင် ၂၀-၅-၂၀၁၅ ရက်မှစ၍ တင်ဒါလျှောက်လွှာများ ဝယ်ယူနိုင်ပြီး ၁၉-၆-၂၀၁၅ ရက် ညနေ ၃ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိသော တင်ဒါပုံစံများကို ရွေးချယ်မည်မဟုတ်ကြောင်း ကြိုတင် အသိပေးအပ်ပါသည်။

၄။ တင်ဒါပုံစံအပါအဝင် တင်ဒါခေါ်ယူသည့် မော်တော်ယာဉ်သုံးတာယာများ၊ စာရေးကိရိယာပစ္စည်းများ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် စုံစမ်းရယူနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**ရုံးအမှတ်(၁၅)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၀၁၄၊ ၀၆၇-၄၁၀၁၄၉**

## ပြည်တွင်းရေးရာ

**❐ရခိုင်ပြည်နယ်မှ**
ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ရှာဖွေပေးနေမှုများ၊ ရခိုင်ပြည်နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြသူများ အမိုးအကာလုံခြုံမှုရှိစေရန်နှင့် အလုပ်အကိုင်များရရှိအောင် ဆောင်ရွက်ပေးနေမှုများကို လည်းကောင်း၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှူးက မြန်မာ့ပင်လယ်ပြင် ကမ်းရိုးတန်းတစ်လျှောက်တရားမဝင်လူမှောင်ခိုတားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးက တရားဥပဒေစိုးမိုးရေးနှင့် နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးကာကွယ်ရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့် ဦးခင်ရီ၊ ရဲချုပ်တို့က ဖြည့်စွက်တင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ရခိုင်ပြည်နယ်သည် တဖြည်းဖြည်း တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသည်လည်း အရှိန်အဟုန် ရရှိလျက်ရှိပါကြောင်း၊ ထိုကဲ့သို့ ဖြစ်ပေါ်တိုးတက်လာခြင်းသည် ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် ဖြစ်ပါကြောင်း၊ ထို့အတူ ပြည်နယ်အစိုးရအဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုကောင်းမွန်အောင် ဖြည့်ဆည်းပေးရန်နှင့် သို့မှသာ ပြည်သူများ၏ယုံကြည်မှုကို ယခုထက်ပိုမိုရရှိလာပြီး ဒေသဖွံ့ဖြိုးမှုအရှိန်အဟုန် တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်း တရားမဝင်လူမှောင်ခိုကူးမှုများ ဖြစ်ပေါ်ခြင်းမရှိစေရန်နှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများဖြစ်ပွားမှုမရှိအောင် အလေးထားဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များနှင့်အတူ သင်္ကေပြင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဒေသခံပြည်သူများ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဖြည့်ဆည်းပေးပြီး ကျောင်းဆောင်အသစ် တိုးချဲ့ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် စစ်တွေမြို့ရှိ သင်္ကေပြင်ကယ်ဆယ်ရေးစခန်း၊ သဲချောင်းကယ်ဆယ်ရေးစခန်းနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စစ်တွေမြို့နယ် ရေချမ်းပြင်ကျေးရွာအုပ်စု အုန်းရည်ပေါ်ကျေးရွာရှိ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ရွာကြီးမြောက်ရပ်ကွက်နှင့် ဆက်ရိုးကျရပ်ကွက်တို့ကို ဆက်သွယ်သည့် ဆက်ရိုးကျချောင်းကူးတံတား တည်ဆောက်ပြီးစီးမှုကို လည်းကောင်း၊ စစ်တွေမြို့မြို့လယ်ချောင်း(ဘီလူးမ)တံတား တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းနှင့် မြို့လယ်ချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောက်ရွက်နေမှုများကို လည်းကောင်း၊ ကစ္ဆပနဒီမြစ်ကြောင်းတစ်လျှောက် မြို့ပြမြေယာဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ပွိုင့်အပန်းဖြေစခန်း အဆင့်မြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အလိုတော်ပြည့်ကျောင်းတိုက်များ၏ ပဓာနနာယက စစ်တွေမြို့ အလိုတော်ပြည့်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တအရိယဝံသအား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆပ်ကပ်လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**

**○ကျောဖုံးမှ**
ကြာမြင့်လာသဖြင့် သဲနုန်းများ ပို့ချကာ သိသိသာသာ တိမ်ကောလာခဲ့သည်။ မိတ္ထီလာကန် ရေအနက်မှာလည်း လျော့နည်းလာပြီး ကျွန်းများ ပေါ်ကာ ဒိုက်ပင်များ ပေါက်ရောက်နေသည်။ မိတ္ထီလာမြောက်ကန်ကြီး ကောလာသဖြင့် ရေသိုလှောင်မှုနည်းလာကာ ကန်ရေသောက် လယ်ဧကများမှာလည်း စိုက်ပျိုးရေရရှိမှုနည်းလာသဖြင့် စိုက်ဧက သိသိသာသာ ကျဆင်းလာသည်။ လယ်သမားများမှာလည်း ဝင်ငွေလျော့နည်းလာသည်။ တစ်ချိန်က ၁၂ လရာသီပတ်လုံး ရေဖွေးဖွေး လေအေးအေးတွင် နိမ့်မြင့်ပျံတက်လူးလာပျော်ပါး ကျက်စားနေသော ကျေးငှက် တိရစ္ဆာန်များမှာလည်း ယခုအခါ မတွေ့ရတော့ပြီဖြစ်သည်။ ကန်ရေအတွင်း ပျော်မြူးနေသော ဗျိုင်း၊ ရေကြက်၊ ဟင်္သာစသည့် သတ္တဝါများလည်း မရှိတော့ပေ။ သဘာဝပတ်ဝန်းကျင် ခြောက်သွေ့ပူပြင်းလာသည်ကို တွေ့ရသည်။ မိတ္ထီလာမြောက် ကန်ကြီး သဲနုန်းပို့ချကာ ကောလာသဖြင့် ကန်ရေပြင်တွင် ရေများခန်းခြောက်ကာ ပပ်ကြားအက်နေသည်ကို မြင်တွေ့ကြရသော မြို့သူမြို့သားများမှာ စိတ်မချမ်းမသာ ဖြစ်နေကြသည်။ မိတ္ထီလာ(မြောက်)ကန်ကြီး ကောနေသည်ကို မြို့လူထု၏ စိတ်ဝမ်းညှိုးနွမ်းနေကြသည်။ မိတ္ထီလာ(မြောက်)ကန်ကြီး ကန်ရေပြင်တဖွေးဖွေးဖြင့် ရေပြည့်နေသည်ကို မြို့လူထုက မြင်တွေ့လိုကြသည်။ မိတ္ထီလာမြို့နေပြည်သူလူထု၏ အတောင့်တဆုံး၊ အလိုအပ်ဆုံး ရင်တွင်းခံစားချက်ကို သိမြင်သော နိုင်ငံတော်သမ္မတကြီးသည် ဆည်မြောင်းဦးစီးဌာနအား ပြန်လည်ပြုပြင်တူးဖော်ရန် လမ်းညွှန်မိန့်ကြားခဲ့သည်။ ထို့ကြောင့် ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၅ ခုနှစ် မေလအတွင်း အကြိုစူးစမ်းတိုင်းတာမှုအားပြုလုပ်ပြီး စက်ယန္တရား အင်အား ၄၀၀ ဖြင့် မိတ္ထီလာ(မြောက်) ကန်ကြီးကို ပြန်လည်ပြင်ဆင်တူးဖော်နိုင်ရန် နှစ်လအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခု မိတ္ထီလာ(မြောက်)ကန်ကြီးမှာ ကန်ပေါင်အလျား ပေ ၂၃၀၀၊ ကန်ပေါင်အမြင့် ၄၆ ပေ၊ ကန်ပေါင်ထိပ် အကျယ်ပေ ၃၀၊ ပျမ်းမျှရေအနက် ၄ ပေ ၆ လက်မ၊ ရေလှောင်ပမာဏ ဧကပေ ၃၀၀၀၊ ရေထုတ်ပေါက် (၃၅ × ၃၅) ပေ နှစ်ခုသာရှိတော့သည်။ သီးနှံစိုက်ပျိုးမှုအနေဖြင့်လည်း မိုးစပါး ၂၆၃၄ ဧကနှင့် နွေစပါး ၄၄၅ ဧကအား စိုက်ပျိုးနိုင်တော့သည်။ ယခု သဲနုန်းပို့ချနေသော(မြောက်)ကန်မြေအား ဆည်မြောင်းဦးစီးဌာနမှ ပြန်လည်တူးဖော်ရာတွင် ကန်ပေါင်အလျား ပေ ၂၅၆၀၀၊ ကန်ပေါင်အမြင့် ၄၆ ပေ၊ ကန်ပေါင်ထိပ် အကျယ်ပေ ၅၀၊ ပျမ်းမျှရေအနက် ၈ ပေ၊ ရေလှောင်ပမာဏ ဧကပေ ၇၂၀၀အထိ တူးဖော်ပြုပြင်သွားမည်ဖြစ်ပြီး သီးနှံစိုက်ပျိုးမှုအနေဖြင့်လည်း မိုးစပါး ၆၆၅၅ ဧကနှင့် နွေစပါး ၆၉၅ ဧကအထိ တိုးချဲ့စိုက်ပျိုးနိုင်တော့မည်ဖြစ်သည်။ မိတ္ထီလာ(မြောက်)ကန်ကြီး ပြန်လည်တူးဖော်သည့်အတွက် မြောက်ကန်ရေဝင်ချောင်းအနီးရှိ မြင်သာကျေးရွာ၊ သဲတောကျေးရွာ၊ ရွာမကျေးရွာ၊ လက်ပံခါးကော့ကျေးရွာနှင့် ရှင်မြို့ကျေးရွာများမှာ ရေကြီးရေနစ်မြုပ်မှုမှ ကာကွယ်သွားနိုင်မည်ဖြစ်သည်။ မိတ္ထီလာ(မြောက်) ကန်ကြီး ရေပြင်တဖွေးဖွေးဖြင့် ပြန်လည်ရေပြည့်လာသည့်အခါ ကျေးငှက်သာရကာ တိရစ္ဆာန်များမှာလည်း ရေထဲတွင် ပျော်ရွှင်မြူးထူးစွာ ပျံသန်းဆင်းသက်လာကြမည်ဖြစ်သည်။

မိတ္ထီလာ(မြောက်)ကန်ပြန်လည်ပြုပြင်တူးဖော်ခြင်း လုပ်ငန်းတွင် သဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင်များပိုးခြင်း၊ ကန်ပေါင်အသစ်ပြုလုပ်ခြင်း၊ ဆင်ခြေလျှောလှိုင်းကာကျောက်ရိုးစီခြင်း၊ ရေထိန်းတံခါးနှင့် ကန်ခြားရေတံခါးများကိုလည်း အထူးစီမံကိန်းအသွင်ဖြင့် စက်ယန္တရားကြီးများ အလုံးအရင်းနှင့် ပြန်လည်ပြုပြင်တူးဖော်သွားမည်ဖြစ်သည်။

နှစ်ပေါင်းများစွာ သဲနုန်းဖို့တိမ်ကောနေသည့် မိတ္ထီလာ(မြောက်) ကန်ကြီး ပြန်လည်ပြုပြင်ပေးရန် မြို့လူထု၏ စိတ်ကူးယဉ်အိပ်မက်အား လက်တွေ့မျက်မြင် အကောင်အထည်ဖော်လာသည့်အတွက် မိတ္ထီလာမြို့လူထုနှင့် မြောက်ကန်ဆည်ရေသောက်လယ်သမားများမှာ အထူးပျော်ရွှင်ဝမ်းသာနေကြသည်။

## မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းဝင်အဆိုပြုလွှာပေးအပ်

**လှိုင်သာယာ မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရပ်ကွက်ပေါင်း ၂၀၊ ကျေးရွာအုပ်စု ကိုးအုပ်စု၌ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းများကို မေ ၅ ရက်မှ ၂၈ ရက်အထိ ထပ်မံတိုးချဲ့ဖွဲ့စည်းလျက်ရှိရာ မေ ၁၆ ရက်က အမှတ် (၁၃) ရပ်ကွက် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အတွင်းရေးမှူးက မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးသန်းဆင့်ထံ အသင်းဝင် အဆိုပြုလွှာများ ပေးအပ်ခဲ့ကြောင်းသိရသည်။

## စက်ဘီးစီးရင်းကုသိုလ်ပြုမည့်အစီအစဉ် စက်ဘီးဝါသနာရှင်တိုင်းပါဝင်နိုင်

**ရန်ကုန် မေ ၂၀**

စက်ဘီးစီးရင်း ကုသိုလ်ပြုနိုင်မည့် အစီအစဉ်တစ်ရပ်ကို လာမည့် မေ ၂၄ ရက်တွင် စက်ဘီးစီးဝါသနာရှင်များ စုပေါင်း၍ စီစဉ်ထားလျက်ရှိရာ ဝါသနာရှင်တိုင်းပါဝင်နိုင်ရန် ဖိတ်ခေါ်ထားကြောင်း မြန်မာနိုင်ငံ စက်ဘီးစီးနင်းသူများ ကွန်ရက် (BNM) မှ သိရသည်။

အဆိုပါအစီအစဉ်သည် စက်ဘီးစီးဝါသနာရှင်များ၏ တတိယမြောက် ကုသိုလ်ပြုရန် စက်ဘီးစီးနင်းသွားရောက်မည့် အစီအစဉ်မျိုးဖြစ်ပြီး ကွမ်းခြံကုန်းမြို့နယ် ထီပါကျေးရွာအုပ်စု ညောင်ဝိုင်းသံကြိုးကျေးရွာရှိ မူလတန်းကျောင်းသို့ စက်ဘီးဖြင့် သွားရောက်လှူဒါန်းကြမည်ဟု သိရသည်။

ထိုသို့ အလှူပြုရန် စက်ဘီးစီးနင်းမှုကို ယခင်က ဒလမြို့နယ်အတွင်း သောက်ရေသန့်လှူဒါန်းရန် စီစဉ်ခဲ့သော်လည်း ယခုအခါ မိုးရွာသွန်းမှုရှိလာခြင်း၊ အခြားသော အလှူရှင်အများအပြားမှ လှူဒါန်းမှုရှိလာခြင်းကြောင့် ကွမ်းခြံကုန်းမြို့နယ်မှ ခုနစ်မိုင်ကွာတွင်ရှိသော အဆိုပါမူလတန်းကျောင်းသို့ သွားရောက်လှူဒါန်းရန် စီစဉ်ခြင်းဖြစ်သည်။ လိုက်ပါ စက်ဘီးစီးနင်းကြမည့် စက်ဘီးစီးဝါသနာရှင်များသည် ယင်းနေ့နံနက် ၅ နာရီခွဲတွင် လှိုင်မြို့နယ် ပါရမီလမ်းရှိ အောင်ကောင်းစံလက်ဖက်ရည်ဆိုင်မှ စုပေါင်းထွက်ခွာကြမည်ဟု သိရသည်။

ပထမအကြိမ် ကုသိုလ်ပြုသည့် ခရီးစဉ်ကို လှည်းကူးမြို့နယ် အားလားကျေးရွာရှိ ရေဘေးအကူအညီများနှင့် ဒုတိယအကြိမ်တွင် ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်လမ်းရှိ ဘလုပ်ညွန့်မီးဘေးတွင် သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(၆၈၀)**



## ရာမာဒီမြို့ ပြန်လည်သိမ်းပိုက်ရေး အမျိုးသားလုံခြုံရေးကောင်စီတွင် အိုဘားမားဆွေးနွေး

**ဝါရှင်တန်  မေ  ၂၀**

အမေရိကန်သမ္မတ ဘာရက် အိုဘားမားသည် အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါအယ်လ်အဘက်ဒီ၏ ရာမာဒီမြို့ ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရေးအစီအစဉ်ကို ထပ်မံထောက်ခံအားပေးခဲ့သည်။

အိုဘားမားသည် ရာမာဒီမြို့ ပြန်လည်သိမ်းပိုက်ရေးအတွက် အင်္ဂါနေ့က အမျိုးသားလုံခြုံရေးကောင်စီ အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ အိမ်ဖြူတော်တာဝန်ရှိသူများက အိုဘားမားသည် ကာကွယ်ရေးဝန်ကြီး အက်ရှ်တန်ကာတာနှင့် ရာမာဒီဒေသတွင် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်နေသည့် တပ်မှူးတစ်ဦးတို့ကို တွေ့ဆုံပြီး စစ်ရေးတာဝန်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အိုင်အက်စ်စစ်သွေးကြွများသည် အန်ဘာပြည်နယ်အနောက်ပိုင်းရှိ ရာမာဒီမြို့ကို တနင်္ဂနွေနေ့က တိုက်ခိုက်သိမ်းပိုက်သွားခဲ့သည်။ ယခုအခါ အီရတ်ဝန်ကြီးချုပ်က ရာမာဒီမြို့ ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရေးအတွက် ပြင်ဆင်လျက်ရှိသည်။

"တနင်္ဂနွေနေ့က ရာမာဒီမြို့ တိုက်ပွဲမှာ အီရတ်တပ်ဖွဲ့တွေဟာ စစ်ဘက်ဆိုင်ရာယာဉ် အစီး ၁၀၀ ကျော်လောက်ကို ထားပြီးထွက်ပြေးလာခဲ့ကြပါတယ်။ သူတို့ ထားခဲ့တဲ့ စစ်လက်နက်ပစ္စည်းတွေထဲမှာ အမေရိကန်ထောက်ပံ့ထားတဲ့ သံချပ်ကာ ကားတွေလည်းပါပါတယ်" ဟု ကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူ စတီဗင်ဝါရန်က ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**




## တစ်နာရီအနည်းဆုံးလုပ်ခ ၁၅ ဒေါ်လာ လော့စ်အိန်ဂျလိစ်ကောင်စီ အတည်ပြု

**လော့စ်အိန်ဂျလိစ်  မေ  ၂၀**

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့တော်ကောင်စီက အလုပ်သမားများ၏ လုပ်ခလစာကို လက်ရှိတစ်နာရီလျှင် ကိုးဒေါ်လာမှ ၂၀၂၀ ခုနှစ်ထက်နောက်မကျဘဲ အနည်းဆုံး ၁၅ ဒေါ်လာအထိ မြှင့်တင်ရန် မေ ၁၉ ရက်တွင် မဲပေးဆုံးဖြတ်ခဲ့သည်။

အလုပ်သမားများနှင့် အလုပ်သမားအုပ်စုများ၏ အောင်မြင်မှုသည် အခြားသော အမေရိကန် မြို့ပြအုပ်ချုပ်ရေးဒေသများ၌လည်း လုပ်ခလစာတိုးမြှင့်ရေးအတွက် တွန်းအားပေးလိုက်သကဲ့သို့ ဖြစ်သည်။

မြို့တော်ကောင်စီက လုပ်ခလစာ တိုးမြှင့်ပေးရေးအစီအစဉ်ကို ထောက်ခံမဲ ၁၄ မဲ၊ ကန့်ကွက်မဲတစ်မဲဖြင့် အတည်ပြုခဲ့ပြီးဖြစ်သော်လည်း နောက်ဆုံးအတည်ပြုပေးရေးအတွက် ဘုတ်အဖွဲ့ထံသို့ တင်ပြရဦးမည်ဖြစ်သည်။

အဆိုပါ တိုးမြှင့်ရေး အစီအစဉ်အရ ဝန်ထမ်း သို့မဟုတ် အလုပ်သမား ၂၅ ဦးအထက်ရှိသော လုပ်ငန်းများသည် ၂၀၂၀ ခုနှစ်ထက်နောက်မကျဘဲ တစ်နာရီလုပ်ခ ၁၅ ဒေါ်လာဖြင့် အလုပ်သမားများကို ပေးရမည်ဖြစ်သည်။ လုပ်ငန်းငယ်များအနေဖြင့် ယင်းစည်းမျဉ်းကို လိုက်နာရန်နောက်ထပ် အချိန်တစ်နှစ် ပိုမိုရရှိမည်ဖြစ်သည်။

ဆန်ဖရန်စစ္စကို၊ ဆီယက်တဲလ်တို့အပါအဝင် အခြားမြို့ကြီးများ၌လည်း လိုက်နာကျင့်သုံးရမည့် ယင်းလုပ်ခလစာတိုးမြှင့်ရေး အစီအစဉ်က ခန့်မှန်းခြေ အလုပ်သမား ၈၀၀၀၀၀ ကို လစာတိုးပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ဖက်ဒရယ် အနည်းဆုံး လုပ်ခလစာသည် ၂၀၀၉ ခုနှစ်ကတည်းက တစ်နာရီလျှင် ၇ ဒသမ ၂၅ ဒေါ်လာနှုန်းဖြင့် မပြောင်းလဲဘဲရှိနေရာ အလုပ်သမားနှင့် ဘာသာရေး အုပ်စုများက ရီပတ်ဘလီကန်များ ကြီးစိုးသော ကွန်ဂရက်မှ ၎င်းတို့၏ လုပ်ခလစာတိုးမြှင့်ရေး မျှော်လင့်ချက်မှာ မရေမရာရှိနေသော်လည်း ဒေသဆိုင်ရာ အစိုးရအဖွဲ့များအား ကိုယ်ပိုင်လုပ်ခလစာတိုးမြှင့်သည့် ဥပဒေပြဋ္ဌာန်းရန် ပိုမိုဖိအားပေးခဲ့သည်။

လော့စ်အိန်ဂျလိစ်မြို့၌ လုပ်ခလစာတိုးမြှင့်ရေး အဆိုပြုချက်အတွက် ရှေ့ပြေးအတည်ပြုချက် ရရှိလိုက်ခြင်းမှာ လုပ်ခနည်းပါးသော အလုပ်သမားများအား လုပ်ခတိုးပေးရေးထောက်ခံသူများအတွက် အောင်မြင်မှုသင်္ကေတဖြစ်သည်။

လုပ်ခလစာ ၆၂ ရာခိုင်နှုန်း တိုးပေးရေးအစီအစဉ်ကို တဖြည်းဖြည်း အကောင်အထည်ဖော်ရမည်ဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် တစ်နာရီလျှင် ၁၀ ဒသမ ၅၀ ဒေါ်လာမှ ၂၀၂၀ ခုနှစ်မတိုင်မီ ၁၅ ဒေါ်လာအထိ ရောက်ရှိစေရန် နှစ်စဉ် တဖြည်းဖြည်းတိုးပေးရမည်ဖြစ်သည်။ အလုပ်သမား သို့မဟုတ် ဝန်ထမ်း ၂၅ ဦးနှင့် အောက်ရှိသော ကုမ္ပဏီများသည် သတ်မှတ်အနည်းဆုံး လုပ်ခလစာရောက်ရှိရန် အချိန်ပို၍ ရရှိမည်ဖြစ်သည်။

**ရိုက်တာ။**

## စစ်ဘက်ဆိုင်ရာနေရာများအား နျူစစ်ဆေးရေးမှူးများ စစ်ဆေးခွင့်မရှိကြောင်း အီရန်ပြော

**တီဟီရန်  မေ  ၂၀**

အီရန်နိုင်ငံ၏ စစ်ဘက်ဆိုင်ရာ နေရာများအား နိုင်ငံတကာ နျူကလီးယား စစ်ဆေးရေးမှူးများက ဝင်ရောက်စစ်ဆေးခြင်း၊ မိမိတို့၏ သိပ္ပံပညာရှင်များအား ၎င်းတို့က လူတွေ့မေးမြန်းခန်းပြုလုပ်ကာ စစ်ဆေးမေးမြန်းခြင်းတို့ ပြုလုပ်ခွင့်ပေးမည်မဟုတ်ကြောင်း ယင်းနိုင်ငံ၏ ခေါင်းဆောင်ချုပ် အယာတိုလာအလီခါမေနီက မေ ၂၀ ရက်တွင် ပြောကြားလိုက်သည်။

မိမိ၏ စစ်စခန်းများအား နိုင်ငံခြားသားများက ဝင်ရောက်စစ်ဆေးခြင်းကို လက်ခံမည်မဟုတ်ကြောင်း၊ နျူကလီးယားနည်းပညာအား ဖော်ထုတ်နေကြသည့် အီရန်သိပ္ပံပညာရှင်များကိုလည်း မေးမြန်းခွင့်ပြုမည်မဟုတ်ကြောင်း အလီခါမေနီက ပြောကြားသည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ ဆွေးနွေးပွဲတွင် အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ အကြောင်းယုတ္တိမခိုင်လုံသောတောင်းဆိုမှုများ ပြုလုပ်ခြင်းကိုလည်း မိမိတို့လက်ခံမည်မဟုတ်ကြောင်း ခါမေနီကပြောကြားသည်။

ထိုစဉ်အတွင်း ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ အီရန်နှင့်ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံတို့မှ ကျွမ်းကျင် ပညာရှင်များသည် နျူကလီးယားဆိုင်ရာ ဆွေးနွေးပွဲကို မေ ၂၀ ရက်တွင် ပြန်လည်စတင်လိုက်သည်။ အဆိုပါဆွေးနွေးပွဲသို့ အီရန်၊ အမေရိကန်၊ ရုရှား၊ တရုတ်၊ ဗြိတိန်၊ ပြင်သစ်နှင့်ဂျာမနီနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြရန်စီစဉ်ထားသည်။

**ရိုက်တာ။**

## အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ ဝင်ငွေ တစ်ရက်လျှင် ဒေါ်လာတစ်သန်းကျော်ရှိဟုဆို

**နယူးယောက်  မေ  ၂၀**

အစ္စလာမ့်စ်နိုင်ငံတော် (အိုင်အက်စ်) စစ်သွေးကြွအဖွဲ့သည် ခြိမ်းခြောက်ငွေညှစ်ခြင်းနှင့် အခွန်အတုပ်ကောက်ယူခြင်းတို့မှ တစ်ရက်လျှင် အမေရိကန်ဒေါ်လာ တစ်သန်းကျော် ဝင်ငွေရရှိနေကြောင်း၊ အဖွဲ့၏ အသုံးစရိတ်များအတွက် ကာမိသည့် ဥစ္စာဓနများကို ပိုင်ဆိုင်ထားကြောင်း အမေရိကန်အခြေစိုက် ပြည်သူ့ရေးရာမူဝါဒဆိုင်ရာ သုတေသနအဖွဲ့ဖြစ်သော ရန်းကော်ပိုရေးရှင်း၏ သုတေသနလေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။



အိုင်အက်စ်အဖွဲ့သည် စစ်သုံးကိရိယာများကို လုယက်ခြင်း၊ မြေယာများနှင့် အဆောက်အအုံများ သိမ်းယူခြင်းတို့ကို ပြုလုပ်နေကြောင်း ယင်းသုတေသန လေ့လာချက်ကို ကိုးကားလျက် နယူးယောက်တိုင်းမ်စ် သတင်းစာက ရေးသားဖော်ပြသည်။

အိုင်အက်စ်အဖွဲ့သည် ၂၀၁၄ ခုနှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကျော်ဝင်ငွေရရှိခဲ့သည်ဟု သုတေသီများက ပြောကြားကြသည်။ အိုင်အက်စ်အဖွဲ့၏ ဝင်ငွေများတွင် ခြိမ်းခြောက်ငွေညှစ်ခြင်းနှင့် အခွန်အတုပ်ကောက်ယူခြင်းမှ ဒေါ်လာ သန်း ၆၀၀၊ အီရတ်နိုင်ငံပိုင် ဘဏ်များမှ ငွေကြေးများကို လုယက်ယူဆောင်ခြင်းမှ ဒေါ်လာ သန်း ၅၀၀၊ ရေနံလုပ်ငန်းမှ ဒေါ်လာ သန်း ၁၀၀ တို့ ပါဝင်သည်ဟု လေ့လာချက်တွင် ဖော်ပြသည်။

ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းလာမှုကြောင့်လည်းကောင်း၊ အိုင်အက်စ်အဖွဲ့၏ ခြေကုပ်စခန်းများကို လေကြောင်းမှ တိုက်ခိုက်နေခြင်းကြောင့်လည်းကောင်း ယင်းအဖွဲ့ ဝင်ငွေထိခိုက်လာနိုင်သည်ဟု ယူဆလျက်ရှိကြသော်လည်း ယင်းအဖွဲ့၏ အသုံးစရိတ်အတွက် ကာမိစေမည့် ငွေကြေးပမာဏကို ခြိမ်းခြောက်ငွေညှစ်ခြင်းနှင့် အခွန်အတုပ်ကောက်ယူခြင်းတို့မှ ရရှိနေကြောင်း သုတေသီများက ပြောကြားကြသည်။

**ရိုက်တာ။**

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်း မြောက်ကိုရီးယားခရီးစဉ် ပိတ်ပင်ခြင်းခံရ

**ပြုံယမ်း  မေ  ၂၀**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် ကိုရီးယားနှစ်နိုင်ငံ နယ်စပ်ဒေသ၏မြောက်ဘက်တွင် တည်ရှိသော ကေဆောင်းစက်မှုဇုန်သို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားမှုကို မြောက်ကိုရီးယားနိုင်ငံက သဘောတူညီမှုမရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မေ ၂၁ ရက်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ကိုရီးယားနှစ်နိုင်ငံပူးတွဲဖွင့်လှစ်ထားသည့် ကေဆောင်းစက်မှုဇုန်သို့ အလည်အပတ်ခရီးသွားရန် အစီအစဉ်ဆွဲခဲ့သည်။ သို့သော် ဘန်ကီမွန်း၏ခရီးစဉ်ကို မြောက်ကိုရီးယားနိုင်ငံက ရုတ်ခြည်းဆိုသလို သဘောတူညီမှုမရှိခဲ့ပေ။

"အခုလို ခရီးစဉ်ကို ပိတ်ပင်တာ မကောင်းပါဘူး။ တကယ်ကို နောင်တရစရာကောင်းပါတယ်။ ပြီးတော့ ဘာအကြောင်းပြချက်မှလဲမပေးဘူး" ဟု တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ဖိုရမ်တစ်ခုတွင် ဘန်ကီမွန်းက ဆိုသည်။

အကယ်၍ ဘန်ကီမွန်းအနေဖြင့် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဆိုပါက နှစ် ၂၀ ကျော်ကာလအတွင်း မြောက်ကိုရီးယားနိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်သည့် ပထမဆုံးကုလသမဂ္ဂအကြီးအကဲဖြစ်လာမည်ဖြစ်သည်။ မြောက်ကိုရီးယား နိုင်ငံသို့သွားရောက်သည့်အခါ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် မြောက်ကိုရီးယားနိုင်ငံကို တိုက်တွန်းပြောကြားမည်ဖြစ်ပြီး ကိုရီးယားကျွန်းဆွယ်အရေးနှင့်ပတ်သတ်ပြီး နိုင်ငံတကာအသိုင်းအဝန်းနှင့်လက်တွဲပူးပေါင်းကာ ညှိနှိုင်းအဖြေရှာရန် တိုက်တွန်းပြောကြားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ယခုအချိန်သည်ကေဆောင်းစက်မှုဇုန်တွင် တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် မြောက်ကိုရီးယား အလုပ်သမားများကိုတွေ့ဆုံရမည့် အချိန်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စတာဘန်က ပြောသည်။

**ရိုက်တာ။**

## ပြည်တွင်းရေးရာ

# ကချင်ပြည်နယ်တွင် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများဖွင့်မည်

**နေပြည်တော် မေ ၂၀**

နိုင်ငံတော်အတွက် လိုအပ်သော နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသတွင်းနည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဘာသာရပ်များ သင်ယူနိုင်မှုအခွင့်အလမ်းများ ရရှိနိုင်စေရန် ရည်ရွယ်၍ ကချင်ပြည်နယ်တွင် Polytechnic Center များ ဖွင့်လှစ်နိုင်ရေး တွေ့ဆုံပွဲကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မြို့တော်ခန်းမ၌ မေ ၁၈ ရက်က ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွမ်ဂျာ ဦးလဂွန်ငန်ဆိုင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများနှင့်တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းက ကချင်ပြည်နယ်အတွင်း အမှန်တကယ်လိုအပ်နေသော သက်မွေးပညာသင်တန်းများကို ဒေသလိုအပ်ချက်နှင့် ကိုက်ညီဆီလျော်မည့် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာဆိုင်ရာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးအတွက် လာရောက်ဆွေးနွေးသည်ကို များစွာကြိုဆိုပါကြောင်းနှင့် ပြည်နယ်ဖွံ့ဖြိုးရေးအတွက် အမှန်တကယ်အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ကျောင်းများတွင် ပုံမှန်လေ့ကျင့်သင်ကြားပေးနေသော စာသင်နှစ်အလိုက် ဖွင့်လှစ်သည့် သင်တန်းများအပြင် အတတ်ပညာကျွမ်းကျင်သည့် သင်တန်းသားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာဒေသအလိုက် တည်ရှိသည့် စက်မှုလုပ်ငန်းများနှင့် နည်းပညာအခြေပြု ဝန်ဆောင်မှုလုပ်ငန်းများ၏ လိုအပ်ချက်အပေါ် မူတည်ပြီး Demand Driven Course များကို ညှိနှိုင်းဖွင့်လှစ်ပေးသွားရန်ရှိပါကြောင်း၊ ယခုအခါ ပြည်နယ်အတွင်း အမှန်တကယ်လိုအပ်နေသော လိုအပ်ချက်များကို သိရှိမှသာ လိုအပ်နေသည့် သင်တန်းများကို ဖွင့်လှစ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဒေသတွင်းလိုအပ်ချက်များကို ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ NGO များ၊ ကျွမ်းကျင်ပညာရှင်များနှင့် တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် တက်ရောက်ကြသည့် မြို့မိမြို့ဖများက နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာဆိုင်ရာ သင်တန်းများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေး အကြံပြုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ-ထိုင်း နှစ်နိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးအစီအစဉ်အရ ချစ်ကြည်ရေးခရီးစဉ် မြန်မာနိုင်ငံသို့လာရောက်လည်ပတ်

**နေပြည်တော် မေ ၂၀**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရန်နှင့် ခရီးစဉ်ဒေသများသို့ ကမ္ဘာလှည့်ခရီးသည်များ တိုးတက်လာရောက်လည်ပတ်ကြစေရန် ရည်ရွယ်ချက်ဖြင့် ထိုင်း၊ ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ၊ မီဒီယာများ စုစုပေါင်း ၆၁ ဦးပါဝင်သော ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာနိုင်ငံသို့ မေ ၁၇ ရက်မှ ၂၀ ရက်အထိ လာရောက်လည်ပတ်ခဲ့ကြသည်။

အဆိုပါချစ်ကြည်ရေးခရီးစဉ်သည် မေ ၁၇ ရက်တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံ မန္တလေးမြို့သို့ လေယာဉ်ဖြင့် ရောက်ရှိခဲ့ကာ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်သို့ သွားရောက်လည်ပတ်ခဲ့ကြပြီး ညအိပ်ရပ်နားခဲ့ကြသည်။ မေ ၁၈ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့အနီးတစ်ဝိုက်တွင် လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကာ ညနေပိုင်းတွင် မန္တလေးမြို့မှ ပုဂံမြို့သို့ ထွက်ခွာခဲ့ပြီး ညအိပ်ရပ်နားခဲ့ကြသည်။

မေ ၁၉ ရက် နံနက်ပိုင်းတွင် ပုဂံမြို့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း သွားရောက်လှည့်လည်လေ့လာခဲ့ကာ ညနေပိုင်းတွင် နေပြည်တော်သို့ ဆက်လက်ထွက်ခွာခဲ့ပြီး မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)တွင် ကျင်းပသော International Conference on Ecotourism in Protected Areas ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)နှင့် ပြည်သူ့လွှတ်တော် အဆောက်အအုံများကို သွားရောက်လေ့လာခဲ့ကြသည်။ မွန်းလွဲပိုင်းတွင် Hilton Hotel ၌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က အဆိုပါအဖွဲ့ဝင်များအား နှုတ်ဆက်တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာကိစ္စများ၊ ထိုင်း၊ အမေရိကန်နှင့် ဥရောပဈေးကွက်များတွင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ကြော်ငြာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဈေးကွက်မြှင့်တင်ရေးကော်မတီမှ ကိုယ်စားလှယ်များက မြန်မာနိုင်ငံခရီးစဉ်ဒေသအသစ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် မြန်မာနိုင်ငံ၏ လက်ရှိခရီးသွားလုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြသည်။ ထို့နောက် ခရီးစဉ်တွင်ပါရှိသော အမေရိက၊ ဥရောပနှင့် ထိုင်းနိုင်ငံတို့မှ ခရီးသွားလုပ်ငန်းရှင်များ၊ မီဒီယာများ၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူများနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍမှ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ၊ ပြည်တွင်းလေကြောင်းလိုင်းများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များနှင့် ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းများကို တစ်ဦးချင်းဆွေးနွေးသည်။

အဆိုပါအဖွဲ့သည် ယနေ့ညတွင် နေပြည်တော်မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ Bangkok Airways ဖြင့် ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး ခရီးစဉ်ကို မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ Tourism Authority of Thailand (TAT)တို့ ပူးပေါင်းစီစဉ်ခဲ့ခြင်းဖြစ်ကာ ခရီးစဉ်တစ်လျှောက်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များလိုက်ပါ၍ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# လောက်ကိုင်ဒေသ ပြန်လည်ငြိမ်းချမ်းလာသဖြင့် တာဝန်ထမ်းဆောင်နိုင်ရန် ပညာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ လောက်ကိုင်မြို့သို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်စီစဉ်ဆောင်ရွက်ပေး

**လားရှိုး မေ ၂၀**

ကိုးကန့်ကိုယ်ပိုင်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင် ပြန်လည်ငြိမ်းချမ်းလာသဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းဖွင့်အမီ ကျောင်းသားကျောင်းသူများ ပညာသင်ကြားပေးနိုင်ရန် ပညာရေးဝန်ထမ်း ၂၁၀ တို့အား မေ ၂၀ ရက် နံနက် ၁၁ နာရီက လားရှိုးမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းစုရပ်မှ မော်တော်ယာဉ် နှစ်စီးဖြင့်လည်းကောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများသည် စွမ်းရည်မော်တော်ယာဉ်ငယ် အသင်းနှင့် နယ်စပ်မန်းမော်တော်ယာဉ်အသင်းတို့မှ မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ လားရှိုးမြို့မှ လောက်ကိုင်မြို့သို့ ပို့ဆောင်စီစဉ်ပေးခဲ့ရာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၏ ဦးဆောင်မှုဖြင့် ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနတွဲဖက်ပြည်နယ်(လားရှိုး)မှ ခေတ္တပြည်နယ်ဦးစီးမှူး ဦးကြည်နိုင်က အနီးကပ်ကြီးကြပ်၍ ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီတို့က ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ) (ပြန်/ဆက်)**




# နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေကြသော တပ်မတော်သားများအတွက် အလှူငွေပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၂၀**

နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့မှ လောက်ကိုင်ဒေသတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေကြသော တပ်မတော်သားများအတွက် ငွေကျပ် သိန်း ၅၀၀ အား ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်နေလင်းက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။**(ဓါတ်ပုံ)** **(သတင်းစဉ်)**





## QAA အသိအမှတ်ပြု ပထမဆုံးပုဂ္ဂလိက တက္ကသိုလ်ဖြစ်လာသည့် ဗစ်တိုးရီးယား ယူနီဗာစီတီကောလိပ်

**ရန်ကုန် မေ ၂၀**

ဗြိတိန်အစိုးရ၏ University of Wolverhampton သည် မြန်မာနိုင်ငံရှိ Victoria University College နှင့်ပူးတွဲပြီး Business, Engineering, Health and Social Care စသည့် ဘာသာရပ်များ၏ Honours Degree အဆင့်သင်ကြားရန် ၂၀၁၄ခုနှစ်တွင် နားလည်မှုစာချွန်လွှာ စတင်ရေးထိုးခဲ့ပြီး ဗြိတိန်နိုင်ငံ တက္ကသိုလ်များ၏ အရည်အသွေးကို စိစစ်သည့် Quality Assurance Agency က Victoria University College သို့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင်လာရောက်စိစစ်ခဲ့သည်။ ထို့နောက် ၂၀၁၅ ခုနှစ် ဧပြီ ၃၀ရက်တွင် ယင်းတက္ကသိုလ်ကို ဗြိတိန်တက္ကသိုလ်အဆင့် ဒီဂရီပို့ချနိုင်သော အရည်အသွေးမီ တက္ကသိုလ်အဖြစ် အသိအမှတ်ပြုခဲ့ကြောင်း သိရသည်။

Victoria University College တွင် ကျောင်းသား ကျောင်းသူ ၂၀၀၀ ကျော် ပညာဆည်းပူးလျက်ရှိသည်။ ထိုတက္ကသိုလ်သည် ဗြိတိန်နိုင်ငံ Business and Technology Education Council၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန HRDC နှင့် Public Private Partnership ပညာရေးပူးတွဲဆောင်ရွက်မှု စာချုပ်ကို ၂၀၁၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများအနေဖြင့် Victoia University College ၏ HND သင်တန်းများသို့ စတင်လျှောက်ထားနိုင်သည်။ HND အောင်မြင်ပြီးသော မည်သည့်စင်တာမှ ကျောင်းသား ကျောင်းသူများဖြစ်စေ ဤတက္ကသိုလ်ရှိ Honours Degree များ တိုက်ရိုက်ချီးမြှင့်မည့် သင်တန်းများသို့ တက်ရောက်ခွင့်ရှိကြောင်းသိရသည်။

Victoria University College ၏ ကျောင်းသားရေးရာဌာနကို ရန်ကုန်မြို့အထက်ပန်းဆိုးတန်းလမ်း အမှတ်(၁၆၆) MMB Tower တွင် ဖွင့်လှစ်ထားရှိပြီး စုံစမ်းမေးမြန်းလိုပါက ဖုန်း-၀၁-၃၈၃၁၃၂၊ ၀၁-၃၈၃၁၃၃၊ ၀၁-၅၅၆၃၈၉ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## မြန်မာ့ဓလေ့သဘာဝနှင့် မြန်မာကလေးတို့၏ ကစားဟန်ကိုခရီးသွားဧည့်သည်များစိတ်ဝင်စား



**မန္တလေး မေ ၂၀**

မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ်တွင် နိုင်ငံတကာ ခရီးသွားဧည့်သည်များစွာဝင်ရောက်ခဲ့ကြောင်း သိရသည်။ နိုင်ငံတကာမှ ခရီးသွားဧည့်သည်များသည် မြန်မာ့သဘာဝ အလှအပများကို စိတ်ဝင်စားကြကြောင်းသိရသည်။

လက်ရှိကာလ မြန်မာနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ နှစ်သက် သဘောကျသည့် ခရီးသွား၍ အကောင်းဆုံးနိုင်ငံဟုပင် ဆိုထားသည်။

ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသည့် စိတ်ဝင်စားဖွယ်ရာ သဘာဝ အလှအပနေရာများစွာသည် မြန်မာနိုင်ငံအတွင်း များပြားစွာတည်ရှိနေသည်။ မြန်မာနိုင်ငံရောက် နိုင်ငံတကာ ခရီးသွားများသည် မြန်မာနိုင်ငံ၏ အေးချမ်းသာယာသော သဘာဝ အလှအပ ရေမြေအလှအပ ဒေသခံတို့၏ ချိုသာသောအပြုံးများ၊ ဖော်ရွေမှုများနှင့် ရိုးရာကိုးကွယ်ယုံကြည်မှု ဓလေ့တို့ကို အထူးစိတ်ဝင်စားကြသည်။

မြင်ရခဲသော ယဉ်ကျေးမှုဓလေ့များကို နိုင်ငံတကာ ခရီးသွားများ အထူးနှစ်ခြိုက်သည်။ လက်ရှိကာလတွင် နိုင်ငံတကာ ခရီးသွားဧည့်သည်များသာမက မြန်မာဓာတ်ပုံပညာရှင်များပါ စိတ်ဝင်စားသောဓလေ့မှာ မြန်မာတို့၏ ရောင် ပေစူးထားသည့်ဓလေ့နှင့် ဆံရစ်ဝိုင်း ဆံထောက်ထားသည့် ဓလေ့များပင်ဖြစ်သည်။ ဆံထောက်ထားသည့် ဓလေ့ကို ယနေ့တိုင် ကျင့်သုံးသော ရွာရှိသည်။ ထိုရွာအား စာပေပညာရှင်များက ဆံထောက်နှမတို့ရွာဟုပင် တင်စားထားသည်။

ထိုရွာမှာ မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်၏ အနောက်ဘက် လေးမိုင်ခန့်အကွာရှိ ဘူးကိုင်းကျေးရွာ အုပ်စု ခံတပ်ကုန်း ကျေးရွာပင်ဖြစ်သည်။ ယနေ့ထိတိုင် ရောင်ပေစူး ဆံရစ်ဝိုင်းဆံထောက်တို့ ထားမြဲပင်ဖြစ်သည်။ နိုင်ငံတကာ ခရီးသွားဧည့်သည်များသည် မြန်မာကလေးငယ်များ သဘာဝအတိုင်း ဆော့ကစားဟန်၊ သဘာဝအတိုင်း ဝတ်စားဆင်ယင်ဟန်တို့ကို အထူးနှစ်သက်သဘောကျစွာ မှတ်တမ်းတင်လေ့ရှိသည်။

မြန်မာကလေးငယ်များ၏ ရိုးရာဓလေ့အတိုင်း ကလေးသဘာဝ ဇာတ်လမ်းဆင်က သရုပ်ဆောင်ပုံ၊ အိုးပုတ်တမ်းကစားပုံ၊ သဘာဝအတိုင်း ပန်းပန်ဟန်၊ တစ်ဆင့်နှစ်ဆင့်ကစားဟန်**(ဝဲပုံ)** ထုတ်ဆီးတိုးခြင်း၊ ဒီထိုးတမ်းကစားဟန်၊ တူတူပုန်းတမ်းကစားနည်း၊ လိပ်ဥဖွက်တမ်းကစားနည်းများနှင့် အခြားကစားနည်းများစွာတို့ကို အထူးနှစ်သက်ပြီး မှတ်တမ်းယူလေ့ရှိသည်။

ကလေးများနှင့် ရင်းနှီးဖော်ရွေစွာ ဆက်ဆံ၍ ရိုက်ပြီး ဓာတ်ပုံများကို ပြသရာ ကလေးများမှာလည်း သဘောကျကြကြောင်း သိရသည်။

လက်ရှိကာလတွင် ကျေးလက်ကစားနည်းများကို အညာဒေသကျေးရွာများတွင်သာ ကစားပြီး မြို့ပြတွင် ကစားခြင်းမရှိဘဲ ပျောက်ဆုံးလျက်ရှိနေသည့်အတွက် ပြန်လည်ဖော်ထုတ်သင့်ကြောင်း ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

**(တိမ်တမန်)**

■

## အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အထိမ်းအမှတ် ပထမဆုံးအကြိမ် ကလေးများ ပန်းချီပြိုင်ပွဲကျင်းပ

**ရန်ကုန် မေ ၂၀**

အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ အထိမ်းအမှတ်ကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်တွင် မေ ၁၇ ရက် မွန်းလွဲပိုင်းက ကျင်းပရာ ကျောင်းသား ကျောင်းသူများ၊ ကလေးများ ပန်းချီပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အဆိုပါ ပန်းချီပြိုင်ပွဲတွင် ယဉ်ကျေးမှုတက္ကသိုလ်မှ ဦးတေဇာလင်း၊ ဒေါ်သပြေထွန်းနှင့် ပန်းချီဆရာ ဦးမိုးကျော်သန့်တို့၏ ဦးစီးမှုဖြင့် ဖိတ်ကြားထားသည့် ကျောင်းသား ၃၀ က လာရောက် ယှဉ်ပြိုင်သူ ကျောင်းသား ကျောင်းသူများကို ပညာပေးခြင်း၊ လေ့လာစေခြင်း၊ ကလေးများကို ပြတိုက်အတွင်းရှိ အမျိုးသားရေးနိုးကြားစေသည့် ရှေးဟောင်းအမွေအနှစ်များနှင့် ပန်းချီအနုပညာလက်ရာများကို လေ့လာစေပြီး ပန်းချီရေးဆွဲပြိုင်ကြကြောင်း သိရသည်။

မေ ၁၈ ရက်သည် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့အထိမ်းအမှတ် ပြတိုက်လှုပ်ရှားမှု အနေဖြင့် ပန်းချီပြိုင်ပွဲကို ကျင်းပပြီး ပြိုင်ပွဲတွင် ကလေးများ ကြိုက်နှစ်သက်သည့် ပုံတစ်ပုံကို ရေးဆွဲရန်နှင့် ပထမဆုအဖြစ် ကျပ် ၄၀၀၀၀၊ ဒုတိယဆု ကျပ် ၃၀၀၀၀၊ တတိယဆု ကျပ် ၂၀၀၀၀ နှင့် ဂုဏ်ပြုဆု နှစ်ဆုကို ကျပ် ၁၀၀၀၀ စီ ချီးမြှင့်သွားမည်ဖြစ်သည်။ ယနေ့သည် ပုံမှန်ပြတိုက်ပိတ်ရက်(တနင်္လာနေ့)ဖြစ်သော်လည်း ပြတိုက်ကိုဖွင့်ပေးထားပြီး မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုနိုင်ကြောင်း အမျိုးသားပြတိုက်(ရန်ကုန်) ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝ်ငင်းက ပြောသည်။

နိုင်ငံပေါင်း ၁၂၀ ကျော်တွင် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို ကျင်းပသည်မှာ ၃၈ နှစ်ကျော်ကြာခဲ့ပြီး တချို့နိုင်ငံများတွင် တစ်ရက်၊ တစ်ပတ် (သို့မဟုတ်) တစ်လကြာအထိ အခြေအနေပေါ်မူတည်ပြီး ကျင်းပနေကြသော်လည်း မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် လှုဘောင်သမိုင်းတည်တံ့မှု ပြတိုက်များက ဂုဏ်ဆောင်ပြု ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်သည်။ လာမည့်နှစ်များတွင် ပိုမိုစည်ကားစွာ ပန်းချီပြိုင်ပွဲများနှင့်အတူ ကျင်းပသွားမည်ဖြစ်ကြောင်း ဒေါ်နန်းလောဝ်ငင်းက ဆက်လက်ပြောကြားသည်။

**(သန့်ဇင်ဝင်း)**



**၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း လက်ထောက်ညွှန်ကြားရေးမှူးရုံး ဆည်မြောင်းဦးစီးဌာန ဖျာပုံခရိုင်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လက်ပန်ပင် ကျွန်းပတ်တာ ဧရိယာအတွင်းရှိ လက်ပန်ရေတံခါး (၄ ပေ × ၄ ပေ = ၄ ပေါက်၊ သံကူကွန်ကရစ်ရေတံခါး) အောက်ခံအုတ်မြစ်(၈ ပေ × ၈ ပေ × ပေ၂၀ အရှည်) ကွန်ကရစ်ပိုင်ရိုက်ခြင်းလုပ်ငန်းခွင်သို့ မေ ၁၆ ရက်က ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။** (သပြေထွန်း)

ဖတ်စရာ မှတ်စရာ

# "ချင်"မှန်လျှင် တဏှာနှင့် မကင်း

ရရစ်"ခြင်"နှင့် ယပင့်"ချင်"ကွာသည်။ အဆိုပါ ခကွေး ရရစ်ခြင်တို့သည် ပိုးမွှားသတ္တဝါများထဲ၌ အကောင်အသေးဆုံးဖြစ် သည်။ ၎င်းတို့သည် လူတို့အား ဒုက္ခပေးသည့် အကောင်တွေဖြစ်သည်။ ခြင်ပေါ်များရာအရပ်၌ ရောဂါအဖြစ်များသကဲ့သို့ ငှက်ဖျားပိုးသယ်လာသည့် ခြင်ကြောင့် လူတို့ သေကျေပျက်စီးရသည်မှာ ယနေ့တိုင်တား၍ မရ နိုင်သေးပါ။ အဆိုပါခြင်သည် လူတို့နေထိုင်ရာ ပတ်ဝန်းကျင်မသန့်ရှင်းမှုကြောင့် ပေါက်ဖွားခြင်းဖြစ်ပြီး ဒုက္ခပေးဆဲဖြစ်၍ မိမိနေထိုင်ရာ ပတ်ဝန်းကျင်ကို သန့်ရှင်းအောင်ပြုလုပ်ရန်မှာ ကျွန်ုပ်တို့၏ တာဝန်သာ ဖြစ်သည်။ ယခု ရရစ်ခြင်အကြောင်း ပြောပြီး ယပင့်ချင်အကြောင်း ဆက်လက်ဆွေးနွေးလိုပါသည်။

ကျွန်တော်ငယ်စဉ်က အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်ပွဲကို ကြည့်ခဲ့ဖူးသည်။ ဦးတင်မောင်၏ "မလှချင်" ပြဇာတ်မှာဟု ထင်သည်။ မင်းသားကြီးက မစားချင်ဘူး၊ မလုပ်ချင်ဘူး၊ မလှချင်ဘူးဆိုသည့်ချင်၊ တပ်မက်စွဲလမ်းစိတ်ကိုဖြစ်စေသည့် ချင်ကို အထူးသတိထားမိကြောင်း၊ လိုချင်တပ်မက်မှုကြောင့် မှုခင်းအစုံစုံနှင့်ကြုံတွေ့ရပြီး မှုခင်းအဖုံဖုံကြောင့် အသက်ဆုံးရှုံးရတတ်၍ အဆိုပါ လိုချင်မှု တဏှာကို မလိုက်လျောရန် ပညာပေးသည်ကို တွေ့ရ၍ ဇာတ်လာလျှင် မှတ်စရာပါ သကဲ့သို့ ဇာတ်ပြန်လျှင်လည်း မှတ်စရာကျန်ခဲ့ကြောင်း သက်သေပြနေပါသည်။

အလျဉ်းသင့်၍ အဖြစ်အပျက်ကလေးတစ်ခုကို တင်ပြလိုပါသည်။ ကျွန်တော်တို့ရုံးတွင် ယောဂီအင်္ကျီ၊ လုံချည်ဝတ်ပြီး "မင်းတို့တွေ လိုချင်မှု၊ စွဲလမ်းမှုတဏှာကို ကင်းအောင်နေကြ"ဟု ပြောသော ကိုသိန်းဆိုသူရှိပါသည်။ ထို့ကြောင့် ၎င်းကို ဘိုးတော်သိန်းဟုခေါ်ကြသည်။ တစ်နေ့သောအခါ ဘိုးတော်သိန်းအပါအဝင် ကျွန်တော်တို့လေးယောက်ကို အစိုးရတာဝန်အဖြစ် နယ်သို့ စစ်ဆေးရေးထွက်ရန် တာဝန်ပေးခဲ့ပါသည်။ ရထားထွက်မည့်ရက်တွင် ကျွန်တော်တို့ လေးယောက်သည် ဘူတာရုံတွင်ဆုံပြီး ရထားထွက်ချိန်ကို စောင့်နေစဉ်"ကျွန်တော်ခဏလေး ဘားလမ်းထဲသွားလိုက်ဦးမည်ဟု"ပြောပြီး ထွက်သွားခဲ့ပါသည်။ ရထားထွက်ချိန်အထိ ကျွန်တော်တို့ သုံးယောက်သာထွက်ခဲ့ရပါသည်။ ရုံးပြန်ရောက်၍ သူ့အား "ထိုနေ့က ဘာလုပ်တာလဲ"ဟု မေးသောအခါ "ဘားလမ်းက နဂါးဆေးလိပ်အေးဂျင့်မှာ ဆေးလိပ်သွားဝယ်တာ"ဟု ဖြေပါသည်။ "မင်းတို့တွေ လိုချင်မှုစွဲလမ်းတဲ့ တဏှာကင်းအောင်နေကြ" ပြောပြီး သူကိုယ်တိုင်မှ တဏှာမကင်းကြောင်းပြနေသည်ကို သူမသိရှာပေ။ ထိုတဏှာကြောင့် ရုံးမှ အပြစ်ပေးခဲ့သည်ကို ရလဒ်အဖြစ် သူခံစားခဲ့ရသည်။

ထို့ကြောင့် စွဲလမ်းတပ်မက်သည့် တဏှာသည် ဘဝအစုံစုံ၌ ဒုက္ခရောက်စေတတ်ကြောင်းကို တရားစခန်းဝင်ခဲ့သည့်(သန်လျင်)အောင်စကြာ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ သစ္စာဂုဏ်သင်း ဆရာတော်ထံရောက်မှ ပို၍သိခွင့်ရခဲ့သည်။

အဆိုပါလိုချင်သော ဆန္ဒကြောင့် ရအောင်ကြိုးစားသည်။ ကြိုးစား၍ရလာသောအခါ သုခမဟုတ် ဒုက္ခဆိုသည်ကိုသာ ပြဆိုနေကြောင်း သိခဲ့ရပါသည်။ ထို့ကြောင့် ဆရာတော် အရှင်ပညာစာရအား အထူးကျေးဇူးတင်မဆုံးဖြစ်မိပါကြောင်းနှင့် ကျွန်တော်ကဲ့သို့ လိုချင်တပ်မက်မှုအားကြီးသော သူများအတွက် မှတ်သားစရာဖြစ်သကဲ့သို့ လိုချင်မှု တဏှာနည်းလျှင် နည်းသလောက်ကောင်းပြီး များလျှင်များသလောက် ဒုက္ခတွေ့တတ်ကြောင်း ပြနေပါသည်။ ထို့ကြောင့် ချင်မှန်လျှင် တဏှာနှင့်မကင်းဆိုသည်ကို သတိထားသင့်ပါကြောင်း ရေးသားအပ်ပါသည်။ ။

သိဒ္ဓိမောင်ဒွေး

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဓာတ်အားလိုအပ်ချက် နှစ်စဉ်တိုးတက်နေပြီး ကျေးလက်ဒေသများသို့ တိုးချဲ့ဓာတ်အားပေးနိုင်ရေး ထပ်မံလိုအပ်လျက်ရှိ

**နေပြည်တော် မေ ၂၀**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ ကန်ပက်လက် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို၏ **"အလုပ်လက်မဲ့ မြန်မာသင်္ဘောသား အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးတက်စေရန် မြန်မာပင်လယ်ကူးသင်္ဘောသား အလုပ်သမားအဖွဲ့ချုပ် (MSF) အနေဖြင့် ထိုင်ဝမ်အလုပ်သမားအဖွဲ့ချုပ်နှင့် တရားဝင်ဆက်သွယ် စာချုပ်ချုပ်ဆို ဆောင်ရွက်ခွင့် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထင်အောင်က အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိရေးအတွက် သွားလာရန်ခက်ခဲပြီး ရုံးဖွင့်လှစ်နိုင်ခြင်းမရှိသည့် ဒေသများသို့ Mobile Team ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းပြပွဲ (Job Fair) များ ပြုလုပ်ဆောင်ရွက်ပေးခြင်းနှင့် ပြည်တွင်းပြည်ပ အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း ဆောင်ရွက်လိုသည့် ကုမ္ပဏီများအား ပြည်တွင်းပြည်ပ အလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်များ ထုတ်ပေးလျက် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထိုင်ဝမ်ကုမ္ပဏီများ၏ သင်္ဘောများတွင် တာဝန်ထမ်းဆောင်မည့် မြန်မာပင်လယ်ကူးသင်္ဘောသားများကိစ္စကို ထိုင်ဝမ်အလုပ်သမားအဖွဲ့ချုပ်နှင့် ဆက်သွယ် ဆောင်ရွက်သွားရန်လိုအပ်ပြီး အခြားမြန်မာပင်လယ်ကူးသင်္ဘောသားအဖွဲ့အစည်းများသည်လည်း မြန်မာပင်လယ်ကူး သင်္ဘောသားများအဖွဲ့ချုပ် (MSF)ကဲ့သို့ပင် တရားဝင်ဆက်သွယ် စာချုပ်ချုပ်ဆို၍ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မည်သည့် မြန်မာပင်လယ်ကူးသင်္ဘောသားများမဆို ထိုင်ဝမ်ကုမ္ပဏီရှိ သင်္ဘောများတွင် တာဝန်ထမ်းဆောင်ခြင်းကိစ္စများကို အဆင်ပြေစွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ကျွန်းစုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ၏ **"တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြည်သူအများစုက နိုင်ငံတော်သမ္မတကြီးထံ လက်မှတ်ရေးထိုး ကန့်ကွက်နေကြသည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများကို ဖျက်သိမ်းပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းအား ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက လက်ရှိနိုင်ငံတော် ဓာတ်အားစနစ်တွင် ဓာတ်အားပေးစက်ရုံ စုစုပေါင်း ၄၃ ရုံမှ တပ်ဆင်စက်အင်အား ၄၉၈၇ မဂ္ဂါဝပ် ရှိနေပြီး အရင်းအမြစ်ပါဝင်မှု အချိုးအစားအနေဖြင့် ရေအားလျှပ်စစ် ၆၉ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ၂၉ ရာခိုင်နှုန်း၊ ကျောက်မီးသွေး နှစ်ရာခိုင်နှုန်းတို့ ပေါင်းစပ်ပါဝင်လျက်ရှိပါကြောင်း၊ လက်ရှိတစ်နိုင်ငံလုံး အိမ်ထောင်စုဦးရေ၏ ၃၀ ရာခိုင်နှုန်း



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို။



ဒုတိယဝန်ကြီး ဦးထင်အောင်။

သာ လျှပ်စစ်မီးရရှိနေပြီး ကျန် ၇၀ ရာခိုင်နှုန်းမှာ လျှပ်စစ်မီးသုံးစွဲခွင့်ရရှိရန် စောင့်ဆိုင်းတောင်းခံလျက်ရှိနေပါသဖြင့် ဓာတ်အားတိုးချဲ့ထုတ်လုပ်ပေးရန် လိုအပ်နေပါကြောင်း၊ နိုင်ငံတော်ဓာတ်အားစနစ်တွင်လည်း ဓာတ်အားသုံးစွဲမှု ၂၄၀၀ မဂ္ဂါဝပ်ခန့် ရှိနေပြီဖြစ်ပြီး မကြာမီ ၂၅၀၀ မဂ္ဂါဝပ်ခန့် လိုအပ်လာမည် ဖြစ်ပါကြောင်း၊ ဓာတ်အားလိုအပ်ချက်သည် နှစ်စဉ် ၁၃ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့တိုင် တိုးတက်နေပြီး ကျေးလက်ဒေသများသို့ တိုးချဲ့ဓာတ်အားပေးနိုင်ရေး အတွက်လည်း ထပ်မံလိုအပ်လျက် ရှိနေပါကြောင်း။

ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံများမှ ရရှိလာမည့် နှစ်စဉ်အသားတင် အကျိုးအမြတ်မှ အနည်းဆုံး နှစ်ရာခိုင်နှုန်းကို လူမှုစီးပွားဘဝ ရန်ပုံငွေအဖြစ် ထူထောင်စေကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒေသခံများ၏ လူမှုစီးပွားဘဝ တိုးတက်စေရေးတို့အတွက် ထိုရန်ပုံငွေမှ ထုတ်နုတ်သုံးစွဲစေမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ၂၀၃၀-၂၀၃၁ ခုနှစ်တွင် တစ်နိုင်ငံလုံး ကျေးလက်ဒေသအထိပါ ဓာတ်အား ရရှိနိုင်ရေးအတွက် လိုအပ်သည့် ၂၃၅၉၄ မဂ္ဂါဝပ်ရှိသော တပ်ဆင် စက်အားကို တည်ဆောက်၍ တည်ငြိမ်သော ဓာတ်အား၊ မှန်ကန်သော အရင်းအမြစ် အချိုးအစားဖြင့် ဓာတ်အားတိုးတက်ထုတ်လုပ်ရန် လိုအပ်လျက်ရှိရာ သဘာဝဓာတ်ငွေ့သုံး စီမံကိန်းများ၊ လေအား၊ နေအား စီမံကိန်းများ၊ ရေအားလျှပ်စစ် စီမံကိန်းများကို ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းများကိုလည်း ဖျက်သိမ်းရန် မသင့်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်၏ **"ရခိုင်ပြည်နယ် ၁၇ မြို့နယ်တွင် မာန်အောင်မြို့တစ်ခုသာ မဟာဓာတ်အားလိုင်းမှ ၂၄ နာရီ မီးမရဘဲ KV 550 ဓာတ်အား ဖြင့် မြို့တွင်းရပ်ကွက် ငါးခုကို တစ်နေ့လျှင် ၆ နာရီခန့်သာ ရရှိပါသဖြင့် ၂၄ နာရီ မီးရရှိရေး မည်သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာပေါင်း ၅၀ ခန့်ကို လျှပ်စစ်မီးရရှိနိုင်စေရန် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းအား ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက မာန်အောင်ကျွန်းသည် သီးသန့်တည်ရှိသောကျွန်းဖြစ်ပြီး အနီးဆုံးနေရာဖြစ်သည့် ရမ်းဗြဲမြို့နယ် အောင်လှပြင်မှ ရေမိုင်အကွာအဝေး ငါးမိုင်ခန့်ရှိသည့်အတွက် ဓာတ်အားလိုင်းတည်ဆောက်ရန် ခက်ခဲမှုရှိပါ၍ လက်ရှိအချိန်တွင် ဒီဇယ်ဓာတ်အားပေးစက်ဖြင့်သာ ဓာတ်အားပေးနေရပါကြောင်း ။

မာန်အောင်ကျွန်းပေါ်တွင် အသေးစား ဓာတ်အားစနစ်အသုံးပြု၍ ၂၄ နာရီ မီးပေးနိုင်ရေး ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ကနဦး စစ်ဆေးချက်များအရ မာန်အောင်မြို့အနီးတွင် ဇီဝဒြပ်ထု/ဇီဝဓာတ်ငွေ့ ဓာတ်အားပေးစက်နှင့် လေအား လျှပ်စစ်တို့ကို တစ်လှည့်စီအသုံးပြုမည့်စနစ်ဖြင့် ဓာတ်အားထုတ်လုပ်ပြီး ကျွန်းပေါ်ရှိ မြို့နှင့်ကျေးရွာများအားလုံးသို့ ၃၃ ကေဗွီဓာတ်အားစနစ်ဖြင့် ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနိုင်ရန် ကနဦးလေ့လာမှုများကို ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဖြစ်မြောက်နိုင်စွမ်းပေါ်မူတည်၍ နိုင်ငံတော်မှ ရန်ပုံငွေခွဲဝေရရှိမှု၊ အတိုးနှုန်းသက်သာသော ပြည်တွင်း/ပြည်ပ ချေးငွေ ရရှိမှုအပေါ်မူတည်၍ ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး နှစ်အလိုက် အစီအစဉ်များ ချမှတ်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

## ABU Radio Song Festival 2015 ကျင်းပမည်

**နေပြည်တော် မေ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Asia-Pacific Broadcasting Union(ABU)တို့ ပူးပေါင်းစီစဉ်သည့် ABU Radio Song Festival 2015 ကို မေ ၂၉ ရက် ညနေ ၆ နာရီမှ ည ၉ နာရီအထိ ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ရာ အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများမှ တေးသံရှင်များနှင့် မြန်မာနိုင်ငံမှ အနုပညာရှင်များ ပါဝင်သီဆိုကပြဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယခုကဲ့သို့ မြန်မာနိုင်ငံတွင် ထူးထူးခြားခြားကျင်းပသည့် ABU Radio Song Festival 2015 သို့ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဖုန်း- ၀၉-၅၁၈၈၅၀၄၊ ၀၉-၄၄၈၅၄၂၅၉၅ နှင့် ၀၆၇-၇၉၃၇၄၊ ဖက်စ်-၀၆၇-၇၉၂၀၅၊ email;radiooffice2014@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## လမ်းပြကြယ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၁၂/၂၀၁၅)
၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်
(၂၀၁၅ ခုနှစ်၊ မေလ ၂၀ ရက်)

**လမ်းပြကြယ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အလင်းရောင်(၁)ရပ်ကွက် (၆)လမ်း အမှတ်(၁၅၃၆)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **လမ်းပြကြယ်ပါတီ**အား ၂၀၁၅ ခုနှစ် မေလ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**လမ်းပြကြယ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၈၃)ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မေ ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် မေလ ၂၀ ရက်နေ့တွင် **၈၈ မျိုးဆက် ဒီမိုကရေစီပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၁၃/၂၀၁၅)
၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်
(၂၀၁၅ ခုနှစ်၊ မေလ ၂၀ ရက်)

**ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက် (၄၀×၄၁)နှင့် (၆၇×၆၈)လမ်းကြား ကံ့ကော်လမ်း အမှတ်(ခ-၁/၇၀-ခ) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ**အား ၂၀၁၅ ခုနှစ် မေလ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၈၄)ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ မွန်ပြည်နယ် မော်လမြိုင်မြို့ ငန်းတေးလမ်းမကြီး အမှတ်(၁၃၃) တွင် ပါတီရုံးချုပ်တည်ရှိသော **၈၈ မျိုးဆက်ဒီမိုကရေစီပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၀-၅-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**၈၈ မျိုးဆက် ဒီမိုကရေစီပါတီ၏ အလံပုံစံ**



**၈၈ မျိုးဆက် ဒီမိုကရေစီပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်တွင်းရေးရာ

☆ရှေ့ဖုံးမှ

သမ္မတ၏ ဦးဆောင်လမ်းညွှန်မှုအပေါ် ဂုဏ်ပြုစကားပြောကြားပြီး နိုင်ငံတော်သမ္မတအား ရွှေစပါးနှံဂုဏ်ပြုဆုအား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာန မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်တို့အား အမှတ်တရ လက်ဆောင်များပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ ကမ္ဘာပေါ်တွင် ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးတို့အတွက် နေ့စဉ်မရှိမဖြစ်အခြေခံ လိုအပ်ချက်ဖြစ်သော စားရေရိက္ခာဖူလုံရေးနှင့် အာဟာရ ပြည့်ဝရေးတာဝန်သည် မိမိတို့ အားလုံးအပေါ်တွင်ကျရောက်နေသည့် အဓိကတာဝန်ကြီးတစ်ရပ် ဖြစ်ပါကြောင်း၊ မိမိတို့ ကမ္ဘာကြီးကို ထာဝရတည်တံ့ခိုင်မြဲပြီး ပိုမိုသာယာလှပစေရေးအတွက် အစားအစာနှင့် အာဟာရသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါကြောင်း။

နိုင်ငံတိုင်း၊ အစိုးရတိုင်းသည် ပြည်သူများ၏ စားရေရိက္ခာ ဖူလုံရေးနှင့် အာဟာရ ပြည့်ဝရေးကို အဓိကတာဝန်အနေဖြင့် ထမ်းဆောင်နေကြသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ယနေ့ စားနပ်ရိက္ခာဖူလုံမှု၏ အဓိကအခြေခံ လိုအပ်ချက်ဖြစ်သည့် ဆန်စပါးသီးနှံ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် စပ်မျိုးစပါးနည်းပညာ (Hybrid Technology) ပေါ်ထွန်းလာခြင်းနှင့် ပိုမိုကျယ်ပြန့်လာပြီး ဆန်အရည်အသွေး၊ အရောင်နှင့် အနံ့အရသာ ပြည့်စုံအောင်လိုအပ်သည့် ဗီတာမင်နှင့် အာဟာရဓာတ်များ သုတေသနပြု ထည့်သွင်းလာနိုင်ခြင်းသည် သုတေသနပညာရှင်များ၏ မယုံကြည်နိုင်အောင်ဖြစ်သည့် အလွန်မွန်မြတ်သော ကြိုးပမ်းအားထုတ်မှု ရလဒ်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းများစဉ်ဆက်မပြတ် ဆက်လက်တိုးတက်ဖွံ့ ဖြိုးစေရေး ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

လက်ရှိ ကမ္ဘာ့လူဦးရေ (၇) ဘီလီယံရှိသည့်အနက် (၅၀) ရာခိုင်နှုန်းသည် ဆန်ကို အဓိကထားစားသုံးကြသူများဖြစ်ပါကြောင်း၊ အာရှနှင့် ပစိဖိတ်ဒေသတွင် ဆန်စပါးကို လူဦးရေ (၉၀) ရာခိုင်နှုန်း စားသုံးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုအဖြစ် ယနေ့ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာချမှတ်ဆောင်ရွက်ခြင်းသည် ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းပင် ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ခြင်းသည် မြန်မာနိုင်ငံအတွက်သာမက၊ မျိုးဆက်တစ်ခုတည်းအတွက်သာမက ကမ္ဘာမြေကြီးပေါ်ရှိ လူသားအားလုံးအတွက် ဖြစ်ပါကြောင်း။

ထို့ကြောင့် ယနေ့ကျင်းပသည့် မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာအစီအမံ စတင်ဖွင့်လှစ်ခြင်း အခမ်းအနားသည်နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေး၊ ဒေသတွင်းနှင့် ကမ္ဘာ့ဆန်စပါး လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးနှင့် ဆက်စပ်နေသော မဟာဗျူဟာကျသည့် ခြေလှမ်းတစ်ရပ်ပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာ့လူသားအားလုံးတို့အတွက်စားနပ်ရိက္ခာဖူလုံရေးလိုအပ်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးပြုနိုင်မည့် အလွန်လေးနက်သော အခမ်းအနားတစ်ရပ်ဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာနသည် မြန်မာနိုင်ငံနှင့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ၁၉၆၀ ခုနှစ်မှစတင်၍ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာနသည် မိမိတို့မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာ့နိုင်ငံအသီးသီး၏ ဆန်စပါးသီးနှံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ခုတည်းသော အားကိုးယုံကြည်ရသည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်သည်ဟု မှတ်တမ်းတင် ပြောကြားလိုပါကြောင်း။

ယနေ့အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ သုတေသနဌာနကြီးမှ မိမိအား ရွှေစပါးနှံဂုဏ်ပြုဆု ချီးမြှင့်ခြင်းအပေါ် မိမိတစ်ဦးတည်းအား အသိအမှတ်ပြုခြင်း မဟုတ်ဘဲ နိုင်ငံနှင့်အဝန်း တောင်သူလယ်သမားများနှင့် လယ်ယာကဏ္ဍဆိုင်ရာ ပညာရှင်များ၏ အတူတကွပူးပေါင်းကြိုးပမ်း ဆောင်ရွက်ချက်များအပေါ်တွင် ဂုဏ်ပြုခြင်း ဖြစ်သည်ဟု ဂုဏ်ယူခံစားမိပါကြောင်း။

မိမိအနေဖြင့်လည်း အပြည်ပြည်ဆိုင်ရာဆန်စပါး သုတေသနဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရောဘတ်ဇီဂလာနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များ၏ စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်မှုများအပေါ်တွင်လည်း ဂုဏ်ပြုလိုပါကြောင်း၊ သုတေသနလုပ်ငန်းများသည် ဆန်စပါးကဏ္ဍအတွက် အရေးကြီးလိုအပ်ချက်ဖြစ်သည်ကို လေးနက်စွာ ယုံကြည်ပါကြောင်း။

သုတေသန ပညာရှင်များ၏ အားထုတ်ကြိုးပမ်းမှုများကြောင့် ဆန်စပါးသီးနှံအထွက်နှုန်းသည် အဆပေါင်းများစွာ တိုးတက်ထွက်ရှိလာခဲ့သည့် ရလဒ်အပြင် ကွဲပြားခြားနားလျက်ရှိနေသော ဒေသအလိုက် ရာသီဥတု၊ ရေမြေသဘာဝနှင့် ကိုက်ညီသည့် မျိုးသစ်များကို ထုတ်လုပ်ပေးနိုင်ခြင်း၊ ပိုးမွှားရောဂါဒဏ်ကာကွယ်နိုင်သည့် မျိုးသစ်များကို ထုတ်လုပ်ပေးနိုင်ခြင်း၊ စိုက်ပျိုးရေလိုအပ်ချက်လျော့နည်းသက်သာသည့် အပူပိုင်းဒေသနှင့် ကိုက်ညီသော မျိုးသစ်များကို ထုတ်လုပ်ပေးနိုင်ခြင်း၊ ဆားငန်ဒဏ်ခံစပါးမျိုးများ၊ ရေမြုပ်ခံစပါးမျိုးများ ထုတ်လုပ်ပေးနိုင်ခြင်း၊ စပါးသီးနှံ၏ အနံ့အရသာ အရောင်အဆင်း ပိုမိုပြည့်စုံကောင်းမွန်သောစပါးမျိုးများ ထုတ်လုပ်နိုင်ခြင်း၊ ကျန်းမာရေးနှင့် အာဟာရအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် စပါးမျိုးများကို ထုတ်လုပ်ပေးနိုင်ခြင်းများသည် ကမ္ဘာ့လူသားအားလုံးအတွက် အလွန်ကြီးမားမွန်မြတ်လှသည့် ကြိုးပမ်းဆောင်ရွက်ချက်များဖြစ်ပါကြောင်း။

ထို့အပြင် သုတေသနပညာရှင်များအနေဖြင့် စပါးသီးနှံအခြေခံ စိုက်ပျိုးထုတ်လုပ်နေကြသော လုပ်ကွက်ငယ် တောင်သူ လယ်သမားများ၏ ဝင်ငွေတိုးတက်စေရေးနှင့် ၎င်းတို့၏ လူနေမှု အဆင့်အတန်းများ ပိုမိုတိုးတက်သာယာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ခင်းကျင်းပြသထားသည်များကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

လှပရေးအတွက် ပို၍ထိရောက်အကျိုးရှိသည့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ၊ လယ်ယာလုပ်ငန်းခွင်တွင် ပိုမိုသက်သောင့်သက်သာ ဖြစ်စေမည့် ရေစီမံခန့်ခွဲမှုနည်းပညာ၊ မြေဆီမြေလွှာအသုံးချမှုနည်းပညာအပါအဝင် ဈေးကွက်သတင်းအချက်အလက် စီမံခန့်ခွဲမှုနည်းပညာဆိုင်ရာများနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများ၏ ရလဒ်များသည် စပါးသီးနှံတိုးတက်ဖွံ့ဖြိုးရေးအတွက် အလွန်အရေးပါသော ပညာရှင်များ၏ကြိုးပမ်းဆောင်ရွက်ချက်များဖြစ်ကြောင်းကို ဂုဏ်ပြုမှတ်တမ်းတင်ပြောကြားလိုပါကြောင်း။

အားလုံး သိရှိကြသည့်အတိုင်း ကမ္ဘာ့လူဦးရေသည် စဉ်ဆက်မပြတ် တိုးတက်နေပြီး ၂၀၂၅ ခုနှစ်တွင် (၁၀) ဘီလီယံအထိ ရောက်ရှိလာနိုင်ကြောင်း ခန့်မှန်းထားရှိပြီး စားနပ်ရိက္ခာ လိုအပ်ချက်သည် တိုးတက်လျက်ရှိနေပါကြောင်း၊ အခြားတစ်ဖက်တွင်လည်း ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတု ပြောင်းလဲမှုများကြောင့် ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်နေသည့် သဘာဝဘေးအန္တရာယ်ဆိုးကြီးများဖြစ်သည့် လွန်ကဲရေကြီးခြင်း၊ လွန်ကဲမိုးခေါင်ခြင်း၊ မုန်တိုင်းကြီးများတိုက်ခတ်ခြင်း၊ မြေငလျင်ကြီးများလှုပ်ခြင်း၊ ဆူနာမီလှိုင်းများ ဖြစ်ပေါ်ခြင်း တို့ကို ရင်ဆိုင်ကြရလျက်ရှိသည့်အပြင် လူသားတို့၏ လောဘမီး၊ ဒေါသမီးများကြောင့် ဖြစ်ပေါ်နေကြရသည့် စစ်မက်ဖြစ်ပွားမှုများ၊ မတည်ငြိမ်မှုများ၊ လုံခြုံမှုကင်းမဲ့နေခြင်းများသည်လည်း ကမ္ဘာ့စားနပ်ရိက္ခာ စိုက်ပျိုးထုတ်လုပ်ရေးကို ကြီးမားစွာခြိမ်းခြောက်လျက်ရှိနေပါကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ကြီးအနေဖြင့် လက်ရှိစားရေ ရိက္ခာထုတ်လုပ်မှုကို နှစ်ဆတိုးတက်ထုတ်လုပ်နိုင်မှသာလျှင် ကမ္ဘာသူ၊ ကမ္ဘာသားများ၏ စားရေရိက္ခာ လုံခြုံရေးအတွက် ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း တွက်ချက်သုံးသပ် ထားရှိချက်အပေါ်တွင် စိုက်ပျိုးရေးသုတေသနပညာရှင်များ၏ တီထွင်ကြံဆနိုင်မှု စွမ်းပကားများသည် အလွန်ပင်အရေးပါလျက်ရှိကြောင်း။

စိုက်ပျိုးရေး သုတေသနပညာရှင်များ၏ အလွန်မွန်မြတ်လှသော ကြိုးပမ်းဆောင်ရွက်မှုများအပေါ်တွင် မိမိအနေဖြင့် ယခုကဲ့သို့ ဂုဏ်ပြုပြောကြားခွင့်ရရှိသည့် အပေါ်တွင်လည်း များစွာဝမ်းမြောက် ကျေနပ်မိပါကြောင်း ထပ်လောင်း၍ ပြောကြားလိုပါကြောင်း။

ဆန်စပါးသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသန ပညာရှင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါလျက်ရှိသည့်နည်းတူ သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် အခြေခံ အဆောက်အအုံပိုင်း လိုအပ်ချက်များ၊ ဓာတ်ခွဲခန်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ပညာရှင်များ၏ နေ့စဉ်လိုအပ်ချက်များအပေါ်တွင် ဘဏ္ဍာငွေကြေးသုံးစွဲရန် လိုအပ်ချက်သည်လည်း အခြေခံအရေးပါသော အချက်များဖြစ်သည့်အတွက် မွန်မြတ်သော စိတ်ရင်းဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ကြမည့် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင် မိတ်ဆွေနိုင်ငံများ၏ ဘဏ္ဍာငွေကြေးဆိုင်ရာ အထောက်အပံ့အကူအညီများ ထိထိရောက်ရောက် ရရှိနိုင်ရေးအပေါ်တွင်လည်း ပါဝင်ပူးပေါင်း အကောင်အထည်ဖော်ကြမည့် ပညာရှင်များနှင့် အကြေအလည် ညှိနှိုင်းဆွေးနွေးကြပြီး အမှန်လိုအပ်ချက်များအပေါ် ကူညီလှူဒါန်းပါဝင်ပေးကြရန်လည်း တိုက်တွန်း မေတ္တာရပ်ခံလိုပါကြောင်း။

နိဂုံးချုပ်အားဖြင့် ယနေ့ပြုလုပ်သော မြန်မာနိုင်ငံ၏ ဆန်စပါးသီးနှံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာအစီအမံအား ဖွင့်လှစ်ခြင်းအခမ်းအနားတွင် ပါဝင်တက်ရောက်လာကြသည့် မိတ်ဆွေများအားလုံးတို့၏မွန်မြတ်သော၊ ထက်သန်သော လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများအားဖြင့် မိမိတို့ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးတို့အတွက် ပိုမိုသာယာလှပသော လောကအလှကို ဖော်ဆောင်ပေးနိုင်ကြပါစေဟု ဆန္ဒပြုကြောင်း ပြောကြားပြီး မြန်မာနိုင်ငံ ဆန်စပါးသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာ အစီအမံအား စတင်ဖွင့်လှစ်လိုက်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနမှ တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအစီအမံသည် မြန်မာနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုကို ၂၀၃၀ ခုနှစ်တွင် ဆန်စပါး ဟက်တာ ၇ ဒသမ ၇ သန်း (ဧက ၁၉ သန်း) စိုက်ပျိုးပြီး အထွက်နှုန်း တစ်ဟက်တာလျှင် ၄ ဒသမ ၁ မက်ထရစ်တန် ထွက်ရှိနိုင်ရန်၊ ပြည်တွင်းစားသုံးမှုအတွက် မက်ထရစ်တန် ၉ ဒသမ ၉ သန်းနှင့် ပြည်ပ တင်ပို့ရန် မက်ထရစ်တန် ၆ သန်း စုစုပေါင်း ဆန်မက်ထရစ်တန် ၁၇ ဒသမ ၇ သန်း ထွက်ရှိနိုင်ရန် မျှော်မှန်းရေးဆွဲထားခြင်းဖြစ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတေသနပြုထုတ်လုပ်ထားသော ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့် အထွက်ကောင်းစပါးမျိုးများ၊ စပ်မျိုးစပါးမျိုးများ၊ ဆန်နမူနာများ၊ ဆီထွက်သီးနှံများဖြစ်သည့် စပ်မျိုးနေကြာ၊ အထွက်ကောင်းမြေပဲ၊ ဒေသနှင့် ကိုက်ညီသော အထွက်ကောင်းနှမ်းမျိုးများ၊ ပဲတီစိမ်းနှင့် ပဲအမျိုးမျိုး၊ ပြည်တွင်း အစေ့ထုတ် စပ်မျိုးပြောင်းများကို ကြည့်ရှုကြပြီး ဆက်လက်၍ တောင်သူလယ်သမားရုပ်သံလိုင်းစတူဒီယို အဆောက်အအုံအတွင်း ဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

## အာရှယူ-၂၃ ဘော်လီဘောပြိုင်ပွဲ အီရန်အသင်းချန်ပီယံဆုဆွတ်ခူး

**နေပြည်တော် မေ ၂၀**

ပထမအကြိမ် အာရှယူ-၂၃ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၂၀ ရက် ညနေပိုင်းက နေပြည်တော်ရှိ ဝဏ္ဏ သိဒ္ဓိအားကစားရုံ၌ ကျင်းပရာ အီရန်အသင်းက တောင်ကိုရီးယားအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

မြန်မာအသင်းသည် အဆင့်(၅) နေရာလုပွဲတွင် ဂျပန်အသင်းနှင့်ကစားခဲ့ပြီး သုံးပွဲ-နှစ်ပွဲဖြင့် ခက်ခက်ခဲခဲ ကစားကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ဂျပန်အသင်းကို (၂၃-၂၅) မှတ်၊ (၂၅-၂၂) မှတ်၊ (၂၅-၁၇) မှတ်၊ (၁၉-၂၅) မှတ်၊ (၂၅-၂၃) မှတ်တို့ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် အီရန်အသင်းက တောင်ကိုရီးယားအသင်းကို လက်ရည်အသာဖြင့်ကစားကာ (၂၅-၁၆) မှတ်၊ (၂၅-၂၁) မှတ်၊ (၂၅-၂၁) မှတ်တို့ဖြင့် အနိုင်ရရှိခဲ့သည်။ တတိယနေရာလုပွဲတွင် တရုတ်(တိုင်ပေ)အသင်းက တရုတ်အသင်းကို သုံးပွဲ-တစ်ပွဲ၊ အဆင့်(၇) နေရာလုပွဲတွင် ထိုင်းအသင်းက အိန္ဒိယအသင်းကို သုံးပွဲ-နှစ်ပွဲ၊ အဆင့်(၉)နေရာလုပွဲတွင် အင်ဒိုနီးရှားအသင်းက သြစတြေးလျအသင်းကို သုံးပွဲ-တစ်ပွဲ၊ အဆင့်(၁၁)နေရာလုပွဲတွင် ကာတာအသင်းက ဆော်ဒီအသင်းကို သုံးပွဲပြတ်၊ အဆင့်(၁၃) နေရာလုပွဲတွင် ကာဇက်စတန်အသင်းက ဖိလစ်ပိုင်အသင်းကို သုံးပွဲ-တစ်ပွဲ၊ အဆင့် (၁၅)နေရာလုပွဲတွင် ဗီယက်နမ်အသင်းက မော်လ်ဒိုက်အသင်းကို သုံးပွဲ-တစ်ပွဲတို့ဖြင့် အနိုင်ရရှိခဲ့သည်။ **ချစ်ကိုကို**




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနမှ ရွှေစပါးနှံဂုဏ်ပြုဆု ချီးမြှင့်ခြင်းအခမ်းအနားနှင့် မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအစီအမံ စတင်ဖွင့်လှစ်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI) မှ ညွှန်ကြားရေးမှူးချုပ်နှင့် ပညာရှင်များ တိုင်းရင်းသားကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုရှေ့နေချုပ်၏အခန်းကဏ္ဍနှင့် မျိုးစောင့်ဥပဒေများ မေးမြန်းဆွေးနွေး

**နေပြည်တော် မေ ၂၀**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ပြင်သစ်နိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ သံအမတ်ကြီး H.E. Mrs. Patrizianna SPARA-CINO-THIELLAY ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံဆွေးနွေးမှုပြုလုပ်သည်။

ယင်းသို့ တွေ့ဆုံရာတွင် Mrs. Patrizianna က ပြည်ထောင်စုရှေ့နေချုပ်၏ အခန်းကဏ္ဍနှင့် မျိုးစောင့်ဥပဒေများကိုလည်း သိရှိလိုပါကြောင်း မေးမြန်းဆွေးနွေးသည်။ အဆိုပါမေးမြန်းချက်အပေါ် ပြည်ထောင်စုရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းတာဝန်များနှင့် အခန်းကဏ္ဍများ၊ လက်ရှိအစိုးရလက်ထက်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေမှုများနှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေများ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် သမ္မတကြီး၏ ဦးဆောင်မှုဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ငြိမ်းချမ်းရေး သဘောတူစာချုပ်များကိုလည်း မကြာမီ လက်မှတ်ရေးထိုးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိမှုများ၊ မျိုးစောင့်ဥပဒေကြမ်း(၄)ခုမှာ ဥပဒေကြမ်း အဆင့်၌သာ ရှိသေးပါကြောင်းနှင့် ယင်းဥပဒေကြမ်း(၄)ခု၏ဥပဒေအနှစ်သာရ (Spirit of Law) ၏ အရေးပါပုံများကို ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

◆◆◆

**❒ကမ္ဘာ့ရွှေဈေးမှ**

နိုင်ငံတကာရွှေဈေးမှာမူ သိသာစွာပြောင်းလဲမှုမရှိဘဲ ကမ္ဘာ့ရွှေဈေးမှာ မေ ၁၂ ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၈၇ မှ မေ ၂၀ ရက်တွင် တစ်အောင်စလျှင် ဒေါ်လာ ၁၂၁၀ ကျော်သို့ အနည်းငယ်သာ မြင့်တက်ခဲ့ကြောင်း သိရသည်။

“အခု တစ်ကျပ်သားကို ကျပ် ၇၂၃၀၀၀ ရှိတယ်။ ဈေးတက်ရတဲ့အကြောင်းကတော့ မြန်မာငွေနဲ့ လဲလှယ်တဲ့ ဒေါ်လာဈေးမြင့်တာကြောင့်လည်းပါတယ်။ ဈေးကွက်ထဲမှာတော့ ရောင်းလိုအားထက် ဝယ်လိုအားပိုများနေတယ်”ဟု ဦးကျော်ဝင်းက ပြောသည်။

ဇန်နဝါရီလအတွင်းက အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၇၀၀၀၀၀ ဝန်းကျင်မှ နောက်ပိုင်းတွင် တစ်ကျပ်သားကျပ် ၆၉၀၀၀၀၊ ၆၅၀၀၀၀ ကျော်အထိ ကျဆင်းခဲ့ပြီး ဧပြီလနောက်ဆုံးပတ်တွင် တစ်ကျပ်သားလျှင် ကျပ် ၆၈၀၀၀၀ ကျော်သို့ မြင့်တက်လာခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံဒေသအသီးသီးမှထွက်ရှိသောရွှေများကို ရွှေသန့်စင်ခြင်းနှင့် ရွှေဆိုင် အများအပြားရှိသည့် ရန်ကုန်နှင့် မန္တလေးသို့တင်ပို့ရောင်းချကြပြီး ယခုကဲ့သို့ မိုးဦးရာသီတွင် ရွှေအဝင်နည်းလေ့ရှိကြောင်း သိရသည်။ လက်ရှိ ပြည်တွင်းဈေးကွက်၌ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၇၂၃၀၀၀ နှင့် ၁၅ ပဲရည် တစ်ကျပ်သားလျှင် ကျပ် ၆၇၈၀၀၀ ဖြင့် အရောင်းအဝယ်ပြုလုပ်လျက်ရှိသည်။

**(အောင်အောင်)**

# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**ရန်ကုန် မေ ၂၀**

၂၀၁၅ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့် **မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်**အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **“ယဉ်ကျေးလှပ မြန်မာအမျိုးသမီးများဘဝ”** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

**ရိုက်ကူးယှဉ်ပြိုင်နိုင်**

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ဖြင့် ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

**စည်းကမ်းချက်**

ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ(၁၀ လက်မ× ၁၄ လက်မ) တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်။ ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်ပါသည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရပါမည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်း ပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း၊ မိမိကိုယ်တိုင် ရိုက်ကူးထားကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုသုံးဆုနှင့်အထူးဆုများ ရွေးချယ်သွားမည်ဖြစ်ပြီး ဆုများကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့တွင် ထိုက်တန်စွာ ချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

**ဓာတ်ပုံများပေးပို့နိုင်**

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးဆန်းဝင်း [စာတည်းမှူး- ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန] အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ သို့ ဇွန် ၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပါသည်။

# လူမှောင်ခိုခြင်းနှင့် လူကုန်ကူးခြင်း

ခင်မောင်လှ

ယခုလတ်တလောတွင် ဘင်္ဂလားဒေ့ရှ် - မြန်မာ နယ်စပ်မှ လှေစီးဒုက္ခသည်များသည် ဘင်္ဂလားပင်လယ်အော်ကိုဖြတ်၍ တရားမဝင် ရွှေ့ပြောင်းသွားလာကြရာမှ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ ကမ်းခြေများတွင် ဆိုက်ကပ်ရောက်ရှိပြီး ဒုက္ခရောက်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြပါရှိသည်ကို တွေ့ရှိနေရပေသည်။

ကမ္ဘာဦးမှစ၍ လူသားတို့သည် ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းသွားလာ နေထိုင်လုပ်ကိုင်စားသောက်ခဲ့ကြသည်။

ခေတ်စနစ်များပြောင်းလဲခဲ့ရာမှ ရွှေ့ပြောင်းသွားလာလုပ်ကိုင်သူများအပေါ် အကျိုးအမြတ် ရယူလိုသူများ၊ ခေါင်းပုံဖြတ်လိုသူများ ပေါ်ပေါက်လာခဲ့သည်။

**ယနေ့ခေတ်တွင် တရားမဝင်ရွှေ့ပြောင်းသွားလာလုပ်ကိုင်စားသောက်ရာမှ လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုများ ဖြစ်ပေါ်လာရသည်။ တရားမဝင် ရွှေ့ပြောင်းသွားလာခြင်း၏ နိဂုံးမှာ လူကုန်ကူးခံရခြင်းဟု ပြောစမှတ်ဖြစ်လာရသည်။**

တရားမဝင်ရွှေ့ပြောင်းသွားလာမှု၊ လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုတို့မှာ ဆက်စပ်ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရသည်။ သို့သော်လည်း အဓိပ္ပာယ်မတူ ခြားနားမှုများရှိသည်။ အရေးယူသည့် ဥပဒေပုဒ်မများ မတူညီနိုင်သကဲ့သို့ ချမှတ်ရမည့်ပြစ်ဒဏ်များလည်း ကွဲပြားမှုရှိသည်ကို သတိပြုကြစေလိုသည်။

**တရားမဝင် ရွှေ့ပြောင်းသွားလာမှု**သည် လွတ်လပ်စွာ သွားလာနိုင်သည်။ လွတ်လပ်စွာလုပ်ကိုင်နိုင်သည်။ ရသင့်ရထိုက်သည့် လုပ်ခနှင့် အခွင့်အရေးများရရှိသည်။ မလုပ်လိုက မလုပ်ဘဲနေနိုင်သည်။ အလုပ်ရရှိရေး၊ နေထိုင်သွားလာရေးတို့အတွက် ငွေကြေးတစ်စုံတစ်ရာ ပေးဆောင်ရခြင်းမရှိ။ လူမှောင်ခိုမှု၊ လူကုန်ကူးမှုဥပဒေတို့အရ အရေးယူ၍မရပါ။ သက်ဆိုင်ရာနိုင်ငံတို့၏ လူဝင်မှုကြီးကြပ်ရေး ဥပဒေအရသာ သက်ဆိုင်ရာနိုင်ငံအတွင်းသို့ တရားမဝင်သွားလာမှုအတွက် အရေးယူအပြစ်ပေးခြင်းခံရနိုင်သည်။

**လူမှောင်ခိုခြင်း**ဆိုသည်မှာ နိုင်ငံသား(သို့)အမြဲနေထိုင်သူ မဟုတ်သော လူတစ်ဦးသည် စာချုပ်ဝင်နိုင်ငံတစ်ခုအတွင်းသို့ ငွေကြေးတစ်စုံတစ်ရာ (သို့) ရုပ်ဝတ္ထုအကျိုးအမြတ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရရှိခံစားရန်အလို့ငှာ တရားမဝင် ဝင်ရောက်နိုင်အောင် စီစဉ်ဆောင်ရွက်ခြင်းကို ခေါ်သည်။ လူမှောင်ခိုမှုမြောက်ရန် အင်္ဂါ (၃) ရပ်နှင့် ညီညွတ်ရသည်။ **နယ်စပ်ကို ဖြတ်ရမည်** (Cross Border)၊ **တရားမဝင်ဖြတ်ကျော်ခြင်း** (Illegal) ဖြစ်ရမည်။ **အကျိုးအမြတ်** (Profit) တစ်ခုခုရယူရမည်။ ယင်းအင်္ဂါ (၃) ရပ်နှင့် ကိုက်ညီပါက တည်ဆဲဥပဒေ (ပြည်မှုဆိုင်ရာဥပဒေ)အရ အရေးယူခြင်းခံရမည်ဖြစ်သည်။ (ပြစ်ဒဏ်မှာ ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်ခံရမည်ဖြစ်သည်။)

**လူကုန်ကူးခြင်း** ဆိုသည်မှာ ခြိမ်းခြောက်ခြင်း(သို့) အင်အားအသုံးပြုခြင်း (သို့) အခြားပုံစံဖြင့် အနိုင်အထက်ပြုခြင်း၊ တရားမဝင် (သို့) ဖြားယောင်း၍ ခေါ်ဆောင်ခြင်း၊ လိမ်လည်လှည့်စားခြင်း၊ အာဏာကို အလွဲသုံးခြင်း၊ ရပ်တည်ရန်ခက်ခဲစေခြင်း၊ လူတစ်ဦး၏ သဘောတူညီမှုရရှိရန် အခြားတစ်ဦးမှ ထိန်းချုပ်၍ ငွေကြေး (သို့မဟုတ်) အကျိုးအမြတ်ရရှိခြင်း(သို့)ပေးခြင်း၊ ခေါင်းပုံဖြတ်ခြင်းအားဖြင့် လူတစ်ဦးဦးအား စုဆောင်းခြင်း၊ ပို့ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း (သို့) လက်သင့်ခံခြင်းတို့ကို ပြုလုပ်ခြင်းကို ခေါ်သည်။

**ခေါင်းပုံဖြတ်ခြင်း**ဟုဆိုရာတွင် အနည်းဆုံး ပြည့်တန်ဆာ အဖြစ်စေခိုင်းခြင်း၊ အခြားပုံစံဖြင့် လိင်မှုကိစ္စ ခေါင်းပုံဖြတ်ခြင်း၊ အဓမ္မစေခိုင်းခြင်း၊ ကျွန်ပြုခြင်း (သို့) ကျွန်သဖွယ်ပြုခြင်း၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းများ ခွဲထုတ်စေခြင်းများ ပါဝင်သည်။

လူကုန်ကူးမှုမြောက်ရန်အတွက်လည်း အင်္ဂါ (၃) ရပ်နှင့် ပြည့်စုံရန်လိုအပ်သည်။ **လုပ်ဆောင်မှု** (Action)၊ **နည်းလမ်း** (By Means)၊ **ရည်ရွယ်ချက်** (Purpose)တို့ဖြစ်သည်။ ရည်ရွယ်ချက်မှာ **ခေါင်းပုံဖြတ်** (Exploitation) ရန် ဖြစ်သည်။

လူကုန်ကူးမှု၏ အထက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အင်္ဂါ (၃) ရပ်ဖြင့် ခွဲခြမ်းစိတ်ဖြာကြည့်ပါက အောက်ပါအတိုင်း တွေ့ရမည်ဖြစ်သည်-

(က) **လုပ်ဆောင်မှု (Action)**။ သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း (သို့မဟုတ်) လက်ခံခြင်းကိုဆိုသည်။

(ခ) **နည်းလမ်း (By Means)**။ အင်အားဖြင့် ခြိမ်းခြောက်ခြင်း (သို့မဟုတ်) အင်အားသုံးခြင်း၊ သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင် ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အခွင့်အာဏာ (သို့မဟုတ်) ဘဝရပ်တည်ရန်ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုခြင်း၊ တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး (သို့မဟုတ်) အကျိုးအမြတ်ကို ပေးခြင်း (သို့မဟုတ်) လက်ခံရယူခြင်းကို ဆိုသည်။

(ဂ) **ခေါင်းပုံဖြတ်ခြင်း (Exploitation)**။ ပြည့်တန်ဆာပြုခြင်း၊ လိင်မှုဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မဝန်ဆောင်မှုများပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများအား ထုတ်ယူဖယ်ရှားခြင်းများ ပါဝင်သည်။

လူကုန်ကူးမှုဖြင့် အရေးယူမည်ဆိုပါက အထက်ပါ အင်္ဂါရပ် (၃) ရပ်နှင့် ပြည့်စုံရန် လိုအပ်သည်။ ယင်းအင်္ဂါ (၃) ရပ်နှင့် ပြည့်စုံပါက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အရေးယူရမည်ဖြစ်သည်။ အထူးသဖြင့် **ခေါင်းပုံဖြတ်ခံရခြင်း**မရှိပါက လူကုန်ကူးမှုဖြင့် အရေးယူ၍ မရနိုင်ပါ။ လူကုန်ကူးမှုကျူးလွန်သူအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ ကလေးသူငယ်နှင့် အမျိုးသမီးများအပေါ် ကျူးလွန်ပါက အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက် **(သေသည်အထိ ထောင်ထဲတွင်နေရမည်)** ချမှတ်နိုင်ပြီး အခြားသူများအပေါ် ကျူးလွန်ပါက ထောင်ဒဏ် ၅ နှစ်မှ ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်နိုင်မည်ဖြစ်သည်။

လူကုန်ကူးမှုကျူးလွန်စဉ် အခြားကြီးလေးသောပြစ်မှု (တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ် ၄ နှစ်နှင့် အထက် ပြစ်ဒဏ်ထိုက်သည့်ပြစ်မှု) တစ်ခုခုကို ကျူးလွန်လျှင် **သေဒဏ်**အထိချမှတ်နိုင်ကြောင်း လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေပုဒ်မ ၂၉ တွင် ဖော်ပြထားသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၏ ထူးခြားချက်မှာ ပြစ်ဒဏ်၏ရှေ့တွင် **အနည်းဆုံး** (Minimum) ဟု ဖော်ပြထား၍ အခြားပြစ်မှုများနှင့် ကွဲပြားမှုကို တွေ့ရှိသတိပြုရမည်ဖြစ်သည်။

လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုတို့၏ အဓိပ္ပာယ်သတ်မှတ်ချက်များမှာ **ကုလသမဂ္ဂ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲစာချုပ်များဖြစ်သော အမျိုးသမီးများနှင့် ကလေးသူငယ်များအား အထူးပြုသည့် လူကုန်ကူးမှုနှိမ်နင်းခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းဆိုင်ရာ စာချုပ်နှင့် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းအသုံးပြုပြီး ရွှေ့ပြောင်းနေထိုင်သူများအား မှောင်ခိုပို့ဆောင်ခြင်း ကျူးလွန်သည့် နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းအား တိုက်ဖျက်ရေးစာချုပ်**တို့ကို အခြေခံ၍ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းဖြစ်သည်ကို တွေ့ရသည်။

သို့ဖြစ်၍ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ တရားဝင်သွားကြသူများ/တရားမဝင်သွားကြသူများသည် **ခေါင်းပုံဖြတ်ခံရခြင်းမရှိပါက** လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ၍ မရနိုင်ပါ။

ပြည်ပသို့ တရားမဝင်သွားရောက်၍ အလုပ်အကိုင်အဆင်မပြေခြင်း၊ ဒုက္ခရောက်နေခြင်းတို့ကြောင့် ပြန်လာခဲ့ရသည့်အတွက် ပို့ဆောင်ပေးသူကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အမှုဖွင့်အရေးယူ၍ မရနိုင်သည်ကို သတိပြုကြစေလိုသည်။ (တည်ဆဲဥပဒေတစ်ခုခုအရ **အရေးယူနိုင်**ပါသည်။)

ပြည်ပသို့ တရားမဝင်သွားရောက်၍ အလုပ်လုပ်ကိုင်ကြသဖြင့် လူကုန်ကူးခြင်းခံနေကြရပြီး လုပ်ခလစာမရရှိမှု၊ လုပ်ခလစာအပြည့်အဝမရရှိဘဲ အနည်းငယ်သာရရှိမှု၊ မတရားချုပ်နှောင်ခံရမှု၊ ညှဉ်းပန်းနှိပ်စက်ခံရမှုများအပြင် အသက်အန္တရာယ်ပါ ရင်ဆိုင်ကြုံတွေ့နေရမှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိနေကြရပေသည်။

ထိုသို့ မဖြစ်ပေါ်စေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကို ရေးဆွဲ၍ လူကုန်ကူးသူများအား အရေးယူခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော **လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့** ဖွဲ့စည်း၍ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅) နှစ်စီမံကိန်းများ ရေးဆွဲပြီး နှစ်အလိုက်လုပ်ငန်းစီမံချက်များချမှတ်ကာ မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေး၊ လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးနှင့် စွမ်းရည်မြှင့်တင်ရေးစသည့် ကဏ္ဍကြီး (၅) ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်မှာ ပထမ (၅) နှစ် (၂၀၀၇-၂၀၁၁) စီမံကိန်းပြီးဆုံး၍ ဒုတိယ (၅) နှစ်စီမံကိန်း (၂၀၁၂-၂၀၁၆) ၏ စတုတ္ထနှစ်သို့ ရောက်ရှိနေပြီဖြစ်သည်။

တရားမဝင် ရွှေ့ပြောင်းသွားလာမှုများကြောင့် လူမှောင်ခိုခြင်း၊ လူကုန်ကူးခြင်းများ ခံနေကြရသဖြင့် တရားဝင် သွားရောက်အလုပ်လုပ်ခွင့်ရရှိစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော **ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ** ဖွဲ့စည်း၍ ပြည်ပတွင် ရောက်ရှိနေသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အထောက်အထားများရရှိရေး၊ လုပ်အားခများ အပြည့်အဝရရှိရေး၊ အကာအကွယ်ပေးရေး လုပ်ငန်းစဉ်များကို တစိုက်မတ်မတ် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရပေမည်။ တရားမဝင်သွားလာမှု ပပျောက်စေရေးအတွက် **ပြည်ပ အလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ**များအား တရားဝင်အလုပ်သမား ပို့ဆောင်ခွင့်လိုင်စင်များ ထုတ်ပေးပြီး ကုမ္ပဏီများမှတစ်ဆင့် တရားဝင်အလုပ်လုပ်ခွင့်ရရှိရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရပေမည်။

**သို့ဖြစ်၍ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြလိုသူများအနေဖြင့် ငွေကြေးရရှိလိုမှု တစ်ခုတည်းကိုသာ မကြည့်ကြဘဲ တရားဝင်သွားရောက်ကြရန်၊ မသွားရောက်မီ မိမိလုပ်ရမည့်အလုပ်၊ လုပ်ရမည့်နေရာ၊ လုပ်ခလစာ၊ အလုပ်ချိန်၊ အချိန်ပိုလုပ်ခလစာ၊ သွားရောက်ရမည့် ခရီးလမ်း၊ သွားရောက်မည့် ဒေသ၏ ရိုးရာဓလေ့နှင့် ဘာသာစကား၊ အရေးကြုံပါက ဆက်သွယ်ရမည့်ဖုန်း၊ လိပ်စာတို့ကို မှတ်သားခြင်း စသည်တို့ကို ကြိုတင်လေ့လာမှတ်သားသွားကြရန် လိုအပ်မည်ဖြစ်သည်။ ထိုသို့ မလေ့လာဘဲ ပြည်ပသို့ ထွက်ခွာသွားပါက လူပွဲစား၊ လူကုန်ကူးသူတို့၏ ကျော့ကွင်းသို့ သက်ဆင်းသွားနိုင်သည်ကို သတိပြုကြစေလိုသည်။**

**"သတိတစ်ချက် ဘဝတစ်သက်"** ဆိုသကဲ့သို့ အသိရှိသော်လည်း သတိတစ်ချက်လွတ်လိုက်၍ လူကုန်ကူးခံလိုက်ရသည့် ဖြစ်စဉ်များလည်း ရှိနေသဖြင့် အသိနှင့်သတိကို ယှဉ်တွဲ၍ အလေးထားဆောင်ရွက်သင့်ပေသည်။

အချုပ်ဆိုရလျှင် တရားမဝင် ရွှေ့ပြောင်းသွားလာခြင်း၊ လူမှောင်ခိုခြင်းနှင့် လူကုန်ကူးခြင်းတို့မှာ ဆက်စပ်ဖြစ်ပွားသည့် သဘောရှိသည်မှအပ အဓိပ္ပာယ်ကွာဟမှုရှိသည်ကို သတိပြုကြစေလိုသည်။

တရားမဝင် ရွှေ့ပြောင်းသွားလာသူထံမှ အကျိုးအမြတ် တစ်စုံတစ်ရာရယူ၍ ပြည်ပသို့ ပို့ဆောင်ပေးခြင်းသည် **လူမှောင်ခိုမှု**သာ မြောက်မည်ဖြစ်ပါသည်။ ပြည့်တန်ဆာအဖြစ် စေခိုင်းခြင်း၊ အခြားပုံစံဖြင့် လိင်မှုကိစ္စ ခေါင်းပုံဖြတ်ခြင်း၊ အဓမ္မစေခိုင်းခြင်း၊ ကျွန်ပြုခြင်း(သို့) ကျွန်သဖွယ်ပြုခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ခွဲထုတ်စေခြင်း စသည့် **ခေါင်းပုံဖြတ်မှု** တစ်ခုခု ကျူးလွန်ခံရခြင်းမရှိပါက **လူကုန်ကူးမှုဖြင့် အရေးယူ၍မရ**သည်ကို ပြည်တွင်း/ပြည်ပနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့၏ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ အကိုးအကားပြု တင်ပြလိုက်ရပါသည်။ ။

> ပြည်ပသို့ တရားမဝင်သွားရောက်၍ အလုပ်လုပ်ကိုင်ကြသဖြင့် လူကုန်ကူးခြင်းခံနေကြရပြီး လုပ်ခလစာ မရရှိမှု၊ လုပ်ခလစာ အပြည့်အဝမရရှိဘဲ အနည်းငယ်သာရရှိမှု၊ မတရားချုပ်နှောင်ခံရမှု၊ ညှဉ်းပန်းနှိပ်စက်ခံရမှုများ အပြင် အသက်အန္တရာယ်ပါ ရင်ဆိုင်ကြုံတွေ့နေရမှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိနေကြရပေသည်။

## သာစည်မြို့နယ်၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဆည်၊ ကန်များ ကျိုးပေါက်

**သာစည် မေ ၂၀**

သာစည်မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သပြေဝကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၉၆) ရှိ ကန်လျား ကန်ဘောင် ပေ ၁၀၀ ကျိုးပြတ်ခဲ့ရာ ကန်အတွင်းမှ ရေတစ်ဝက်ခန့်မှာ စိုက်ပျိုးရခြင်းမရှိသေးသည့် လယ်ကွက်များအတွင်းမှ စမုံချောင်းအတွင်းစီးဆင်းသွားကြောင်း၊ ဝမ်းသာကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၃၆) ရှိ မကျီးကန်ကန်ဘောင် အကျယ်ခုနစ်ပေ၊ အလျား ၁၀ ပေခန့်ရှိ ထူးပေါက်နှစ်ပေါက်ကျိုးပေါက်ခဲ့ရာ ကန်အတွင်းမှ ရေအနည်းငယ်သာ စိုက်ပျိုးရခြင်းမရှိသေးသည့် လယ်နှင့်ယာကွက်များအတွင်းစီးဆင်းသွားကြောင်း၊ သဲပုံကျေးရွာအုပ်စု ရင်ဇင်းကန်မှာ အလျား ၁၀ ပေခန့်ရှိ ထူးပေါက်တစ်ပေါက်နှင့် အလျား ပေ ၂၀ ခန့်ထူးပေါက်တစ်ပေါက်တို့ ကျိုးပေါက်ခဲ့ရာ ကန်အတွင်းမှ ရေတစ်ဝက်ခန့်မှာ စိုက်ပျိုးရခြင်းမရှိသေးသည့် လယ်နှင့်ယာမြေများအတွင်း စီးဆင်းသွားခဲ့ပြီး ကန်အတွင်းရှိ ရေများအား ကျေးရွာပြည်သူများက အချိန်မီ ပိတ်ဆို့ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း၊ ရွာပုလဲကြီးကျေးရွာ သရက်ပင်ဆည်ကျိုးပေါက်ရာ ရေများအားလုံး စိုက်ပျိုးရခြင်းမရှိသေးသည့် လယ်ကွက်များအတွင်းမှ မဲတောကန်အတွင်းသို့ စီးဆင်းသွားရာ လူ၊ တိရစ္ဆာန်နှင့် စိုက်ပျိုးသီးနှံများ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အဆိုပါဆည်၊ ကန်ကျိုးပေါက်မှုဖြစ်ပွားရာသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နတ်မောက်တွင် ရာသီမရွေး သောက်သုံးရေရရှိရေးဆောင်ရွက်

**နတ်မောက် မေ ၂၀**

ပြည်သူများ ရာသီမရွေး သောက်သုံးရေရရှိရေးအတွက် စိမ့်ရေတွင်းနှင့် ရေလှောင်ကန်များ တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရေရှားပါးသော ရပ်ဝန်းဖြစ်သည့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဥယျာဉ်မြောက်ကျေးရွာနေ ပြည်သူများ ရာသီမရွေး သောက်သုံးရေရရှိရေးအတွက် အလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် စိမ့်ရေတွင်း၊ ရေစုပ်ပန့်မော်တာနှင့် ရေလှောင်ကန်များ တူးဖော်ခြင်းလုပ်ငန်းများကို မေ ၁၀ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါကျေးရွာသည် သောက်သုံးရေရရှိရန်အတွက် သဲလက်ယက်တွင်းများကို အသုံးပြုပြီး ဆယ်စုနှစ်တစ်စုကြာ သုံးစွဲနေရကာ ရေလုံလောက်မှုမရှိဘဲ မိုးရာသီမှသာ ရေကိုဖူလုံစွာ သုံးစွဲရသည့်အတွက် ယခုလို ရေရရှိရေးလုပ်ငန်းများကို အလှူရှင်များက ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

"ဒီဘက်နယ်က ပေ ၅၀၀ ကျော် တူးရင်တောင် ရေက မရဘူးဖြစ်နေတယ်။ ဒီရွာမှာ ရေတွင်းခြောက်တွင်းလောက်ရှိတယ်။ တစ်တွင်းမှ သုံးလို့မရဘူး။ သောက်ရေ၊ သုံးရေအတွက် အခက်အခဲဖြစ်ခဲ့ရတယ်။ ဒါကြောင့် မန္တလေးမြို့ အမရပူရက မဂ္ဂင်ကျောင်းတိုက်ဆရာတော်ရဲ့ ကျေးဇူးကြောင့် အလှူရှင်တွေ ပေါ်ပေါက်ခဲ့ပြီး အခုလို ရေရရှိဖို့ ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်တာတွေ ပြီးသွားရင်တော့ ကျေးရွာအတွက် ရေက ဖူလုံသွားပါပြီ"ဟု ဥယျာဉ်ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တဇောတိကက မိန့်ကြားသည်။

"ကျွန်တော်တို့ရွာမှာက သောက်ရေမပြောနဲ့ သုံးရေတောင် အတော်လေး ရှားပါးတယ်။ သဲလက်ယက်တွင်းကိုပဲ အမှီသဟဲပြုနေရတယ်။ ရေရရှိဖို့အတွက် သဲလက်ယက်တွင်းမှာ အချိန်ကုန် လူပင်ပန်းကြီးစွာနဲ့ စောင့်ပြီးခပ်နေကြရတယ်။ အခုတော့ ရန်ကုန်က အလှူရှင်တွေရဲ့ ကောင်းမှုတွေကြောင့် ကျွန်တော်တို့ရွာသောက်သုံးရေ ဖူလုံစွာရရှိတော့မယ်ဆိုတော့ အတိုင်းမသိ ဝမ်းသာပီတိဖြစ်မိပါတယ်။ အလှူရှင်မိသားစုတွေကိုလည်း အလွန်ကျေးဇူးတင်ပါတယ်"ဟု ဥယျာဉ်မြောက်ကျေးရွာနေ ဦးနေလက ပြောသည်။

ဥယျာဉ်မြောက်ကျေးရွာတွင် အိမ်ခြေပေါင်း ၇၀၀ ကျော်ရှိပြီး လူဦးရေ ၃၀၀၀ ကျော် နေထိုင်လျက်ရှိရာ ကျေးရွာနေပြည်သူများ သောက်သုံးရေရရှိရန်အတွက် ဥယျာဉ်ရွာ ချောင်းနံဘေးတွင် ယခင်တူးဖော်ထားသော အုတ်ရေတွင်း ကန်အဟောင်းကို အကျယ် ၁၀ ပေပတ်လည်၊ အနက် ၁၂ ပေ ကျော် တိုးချဲ့တူးဖော်ပြီး မြင်းကောင်ရေ ၁၈ ကောင်အားရှိ ရေစုပ်ပန့်မော်တာဖြင့် စုပ်ယူကာ အကျယ် ၁၉ ပေပတ်လည်၊ အမြင့် ၁၀ ပေရှိ ဂါလန် ၄၀၀၀ ဆံ့ ရေကန်အတွင်းသို့ သိုလှောင်၍ ကျေးရွာနေပြည်သူများအား ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မူလဒွါရနိကာယဂိုဏ်းချုပ် သာသနာပိုင်ဆရာတော် ပျံလွန်တော်မူ

**နေပြည်တော် မေ ၂၀**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ထုံးကြီးတောင်ကျောင်း၏ ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဓမ္မဝိနယာနုလောမမူလဒွါရနိကာယဂိုဏ်းချုပ် သာသနာပိုင် သက်တော် ၁၀၄ နှစ်၊ သိက္ခာတော် ၈၄ ဝါရှိ အဘိဇဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကောဝိဒမဟာထေရ် ဆရာတော်ကြီးသည် ၁၃၇၇ ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက်(၂၀၁၅ ခုနှစ် မေ ၁၅ ရက်)သောကြာနေ့ ညနေ ၆ နာရီ မိနစ် ၄၀ တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကသာဒေသထွက် တရုတ်ဆီးသီး(ခေါ်)လိုင်ချီးသီးများ မေလတွင် ဖြိုင်ဖြိုင်ပေါ်ပြီး ဈေးကွက်အတွင်း အဝယ်လိုက်

**ကသာ မေ ၂၀**

ကသာမြို့နယ်၌ နှစ်စဉ် ရာသီပေါ်သီးနှံများထွက်ရှိလျက်ရှိရာ တရုတ်ဆီးသီး(ခေါ်)လိုင်ချီးသီးသည် အခြားအစားအစာများနှင့်မတူဘဲ အသီးအညှာလွယ်၊ ပိုးဝင်လွယ်သည့် အသီးဖြစ်သောကြောင့် ရာသီဥတုကိုအမှီပြု၍ အသီးတင်နှုန်းကောင်း၊ မကောင်းပေါ်မူတည်သော အသီးတစ်မျိုးဖြစ်သည်။ အရည်ရွှမ်းသော အသီးဖြစ်သည်နှင့်အညီ ပူပြင်းခြောက်သွေ့သော အချိန်တွင် အလျှံပယ်သီးသော အသီးဖြစ်သောကြောင့် ရေပန်းစားလူကြိုက်များသော အသီးလည်းဖြစ်သည်။

တရုတ်ဆီးသီး(ခေါ်)လိုင်ချီးသီးများမှာ ဖေဖော်ဝါရီလကုန်ခန့်တွင် စဖူးကြပြီး မေလတွင် ဖြိုင်ဖြိုင်ရင့်မှည့်ကြသည်။ အမှည့်အလုံးရေ တစ်ရာကို ကျပ်တစ်ထောင်ဖြင့် ခြံအတွင်းရောင်းချကြပြီး တစ်ဆင့်ပြန်ရောင်းသူများမှာ ၁၂၀၀ ကျပ်၊ အဝေးတင်ပို့မှုအဖြစ် ဖားကန့်ဘက်နှင့် မန္တလေးမြို့မှတစ်ဆင့် အခြားမြို့များသို့လည်း တင်ပို့ရောင်းချကြသည်။ အပင်ပေါ်မှ အသီးကောက်ခမှာ အလုံးရေ ၁၀၀၀ ကို ငွေကျပ် ၈၀၀ ဖြစ်ပြီး တစ်ရက်လုံးကောက်ခ၊ သစ်ပင်တက်ခ စုစုပေါင်းငွေကျပ် ၁၅၀၀၀၊ ၂၅၀၀၀ ခန့်ရပြီး အသီးတွဲခအဖြစ် တစ်ရက်ငွေကျပ် ၃၀၀၀ ရကြောင်း တရုတ်ဆီးသီးဝယ်/ရောင်းလုပ်သူ တစ်ဦးက ပြောသည်။ တရုတ်ဆီးသီး(ခေါ်)လိုင်ချီးသီးကို မြန်မာပြည်အလယ်ပိုင်းတွင် လေချျသီးဟုလည်း ခေါ်ကြသည်။

**ရဲကို(ကသာ)**



# ကလေးဝ ချင်းတွင်းမြစ်ကူးတံတား အမြန်ပြီးစီးရေး ဆောင်ရွက်လျက်ရှိ

**ကလေးဝ မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ အထက်ဘက်တွင် တည်ဆောက်လျက်ရှိသော ချင်းတွင်းမြစ်ကူးတံတားကြီး အမြန်ပြီးစီးရေးအတွက် ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ငွေကျပ် ၁၀ ဘီလီယံအသုံးပြုကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ချင်းတွင်းမြစ်ကူးတံတား စတင်တည်ဆောက်တဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ တည်ဆောက်ရေးလုပ်ငန်းတွေလုပ်ဖို့ဆိုပြီး ငွေကျပ် တစ်ဘီလီယံကို နိုင်ငံတော်က ခွင့်ပြုပေးခဲ့ပါတယ်။ ယခု ဘဏ္ဍာရေးနှစ်မှာ ၁၀ ဘီလီယံ ခွင့်ပြုပေးခဲ့ပါတယ်။ ဒီငွေနဲ့ အောက်ခြေတိုင်ထူတဲ့ လုပ်ငန်းတွေလုပ်မယ်။ လာမယ့်ဘဏ္ဍာနှစ်မှာ သံပေါင်တင်တာတွေ လုပ်မယ်။ တံတားရဲ့စုစုပေါင်းတန်ဖိုး ကုန်ကျငွေ ၂၁ ဘီလီယံရှိမယ်လို့ ခန့်မှန်းထားပါတယ်"ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်က ပြောသည်။

"ချင်းတွင်းမြစ်ကူးတံတားက ၃၀ ရာခိုင်နှုန်းပြီးစီးနေပါပြီ။ အောက်ခြေပိုင်း ခက်ခဲတဲ့လုပ်ငန်းတွေကို မိုးမကျခင် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နေပါတယ်။ အောက်ခြေပိုင်းလုပ်ငန်းတွေက ရေနည်း ရေကျတဲ့အချိန်တွေမှာလုပ်မှ ပိုအဆင်ပြေပါတယ် "ဟု ၎င်းက ဆိုသည်။

အဆိုပါ ချင်းတွင်းတံတားကြီး ပြီးစီးပါက မြန်မာနိုင်ငံအလယ်ပိုင်း မြို့ကြီးများဖြစ်သည့် မန္တလေး၊ မုံရွာမြို့ကြီးများနှင့် လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်ပြီး မဟာဗျူဟာမြောက် လမ်းမကြီးဖြစ်လာကာ ချင်းပြည်နယ်မြောက်ပိုင်းမြို့များနှင့် အိန္ဒိယနယ်စပ် တမူးမြို့မှ တစ်ဆင့် နယ်စပ်ကုန်သွယ်ရေးများ ဖွံ့ဖြိုးလာနိုင်ကြောင်း သိရသည်။

**လင်းလက်ကြယ်စင်**

# ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ ဆိပ်ကမ်းမြို့များ ရေလမ်းကြောင်းကောင်းမွန်ရေး ဆောင်ရွက်ပေးမည်

**မုံရွာ မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ ဖြတ်သန်းစီးဆင်းလျက်ရှိသော မြစ်ကြောင်းတစ်လျှောက်ရှိ မြို့များ၏ ဆိပ်ကမ်းများ ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ဖြင့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆိပ်ကမ်းများ ရေလမ်းကြောင်းကောင်းမွန်ရေး ဆောင်ရွက်မည့် အစီအစဉ်နှင့်ပတ်သက်ပြီး "တစ်နှစ်ထက်တစ်နှစ် ချင်းတွင်းမြစ်ရေကနည်းပါးလာတယ်။ မြစ်ကြမ်းပြင်မြင့်တက်လာပြီး သောင်ဖြစ်ထွန်းမှုတွေ များလာတဲ့အတွက် မြစ်ကြောင်းတွေက နွေရာသီဆို သွားလာဖို့က အခက်အခဲဖြစ်လာတယ်။ အဓိက ဆိပ်ကမ်းရှိတဲ့မြို့တွေမှာ သွားလာရေး အဆင်ပြေစေဖို့အတွက် မြစ်ကြောင်းတစ်လျှောက်မှာရှိတဲ့ ချင်းတွင်းဝအပိုင်း၊ မုံရွာ-မင်းကင်းပိုင်း၊ မင်းကင်း-မော်လိုက်အပိုင်းဆိုပြီး သုံးပိုင်းခွဲပြီး အဓိက နွေရာသီမှာ ချင်းတွင်းမြစ်အတွင်း ရေနည်းပါးချိန်တွေမှာ ဆိပ်ကမ်းအနီးထိ သင်္ဘောတွေ ဆိုက်ကပ်နိုင်ဖို့ ရေကိုနှစ်မီတာအနက်အထိရှိဖို့ ရေလမ်းကြောင်းတွေကို ပြုပြင်ဆောင်ရွက်ပေးသွားမှာပါ။ နောက်တစ်ခုက အရေးပေါ်လုပ်ဆောင်ရန် လိုအပ်တဲ့ ဆိပ်ကမ်းအတွက် တစ်နေရာ စုစုပေါင်း လေးနေရာကို ဆောင်ရွက်ပေးသွားမှာပါ"ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ချင်းတွင်းမြစ်အတွင်းရှိ ဆိပ်ကမ်း ရေလမ်းကြောင်း ကောင်းမွန်ရေးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ဘတ်ဂျက်မှ ငွေကျပ် ၂၁၆ ဒသမ ၈ သန်းဖြင့် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

■

# ယာယီရှောင်ကွင်းလမ်း မိုးရေတိုက်စားပြိုကျပျက်စီး အမြန်ဆုံးပြီးစီးရေး ပူးပေါင်းဆောင်ရွက်

**မိတ္ထီလာ မေ ၂၀**

မိတ္ထီလာမြို့ ကံကောင်းကျေးရွာအနီး မိတ္ထီလာ-မြင်းခြံကားလမ်းမပေါ်ရှိ ကံကောင်းတံတားအနီး ယာယီရှောင်ကွင်းလမ်းမှာ မေ ၂၀ ရက် နံနက် ၄ နာရီခန့်က ချောင်းအတွင်းမှ မိုးရေတိုက်စားမှုကြောင့် အကျယ် ၂၅ ပေ၊ အမြင့် ငါးပေခန့် ပြိုကျပျက်စီးသွားရာ ခရီးသည်တင်ယာဉ်များနှင့် ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာရန် အခက်တွေ့လျက်ရှိပြီး အဆိုပါ ပျက်စီးသွားသည့် လမ်းပိုင်းအား အမြန်ဆုံးပြုပြင်ပြီးစီးအောင် သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ကံကောင်းချောင်းဖြတ်လမ်း ကံကောင်းတံတား အလျားပေ ၈၀၊ အကျယ် ၁၉ ပေရှိ သံကူကွန်ကရစ်တံတားသစ်အား တည်ဆောက်နေမှုကြောင့် ချောင်းအတွင်းမှ ယာယီရှောင်ကွင်းလမ်းပြုလုပ်ပေးထားရာ မေ ၁၉ ရက် ညပိုင်းမှ မေ ၂၀ ရက် နံနက်ပိုင်းအထိ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ယာယီရှောင်ကွင်းလမ်းမှာ မိုးရေတိုက်စားပြိုကျပျက်စီးခဲ့ခြင်းဖြစ်သည်။

ပျက်စီးသွားသည့် ကံကောင်းတံတားအနီး ရှောင်ကွင်းလမ်းတွင် မလိုလားအပ်သည့် ယာဉ်မတော်တဆမှုများနှင့် အများပြည်သူ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် မိတ္ထီလာအမှတ်(၉၆) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူး ကျော်ကျော်အောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက နေ့/ည ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**(၇၉)**

## လည်ချောင်းကင်ဆာဝေဒနာသည်ခင်ပွန်းဖြစ်သူအတွက် ဆလင်းဒီယွန် သီချင်းလက်ဆောင်ပေးမည်



ခင်ပွန်းဖြစ်သူ ရနယ်အိန်ဂျယ်၏ ကျန်းမာရေးအခြေအနေကြောင့် ဂီတဖျော်ဖြေမှုများရပ်နားထားသည့် အဆိုတော်ဆလင်းဒီယွန်သည် လာမည့် ဩဂုတ်လ ၂၇ ရက် ဆီဇာပဲလေ့စ်တွင်ကျင်းပမည့်ပွဲ၌ သီချင်းများပြန်လည်သီဆိုမည်ဖြစ်ကြောင်း ၂၀၁၅ခုနှစ် ဘေဘုတ်တေးဂီတဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်လာသော ဒီယွန်ကဆိုသည်။

"အဲဒီညမှာ ဖျော်ဖြေတာ အဓိကကသူ့အတွက်ပေါ့။ ပြီးတော့သူ့ရဲ့ အကြိုက်ဆုံးအဆိုတော်ကလည်း ကျွန်မဖြစ်နေတဲ့အတွက် သူ့အတွက်ကို ရည်ရွယ်ပြီးတော့ အကောင်းဆုံးသီဆိုဖျော်ဖြေဖြစ်မှာပါ။ သူ့ကိုအဲဒီပွဲမှာ ရှေ့ဆုံးတန်းကခုံမှာ ထိုင်ခိုင်းပြီး ကျွန်မရဲ့ ခွန်အားအပြည့်နဲ့ သီဆိုဖျော်ဖြေတာကို မြင်တွေ့စေရပါမယ်"လို့ People.com သို့ ရင်ဖွင့်ပြောပြသွားခဲ့ပါတယ်။

ဆက်လက်ပြီး သူက "ခုချိန်မှာပြန်ပြီးတော့ သီချင်းသီဆိုဖြစ်တာက ကျွန်မရဲ့စိတ်ကို ပြန်တည်ဆောက်နေရလို့ပါ။ ကျွန်မရဲ့စိတ်ခံစားချက်တွေကို ထိန်းချုပ်နိုင်ဖို့ အချိန်ယူခဲ့တာပါ။ ပြီးတော့ အဲဒီအချိန်တုန်းက ကျွန်မ အမျိုးသားရော၊ ကျွန်မ မိသားစုအတွက်ပါ ကျွန်မရှိနေဖို့ လိုအပ်နေတယ်လေ။ ဒါပေမယ့် သူကတော့ ကျွန်မကို သီချင်းပဲပြန်ဆိုစေချင်တာပါ။ သူ့အတွက်နဲ့ အချိန်ကုန်နေတာမျိုးမဟုတ်ဘဲ ကျွန်မကိုပျော်ရွှင်စေချင်တယ်။ စိတ်ဓာတ်ကြံ့ခိုင်စေချင်တယ်။ အဲလိုမျိုး ကျွန်မအတွက် အလွန်စဉ်းစားပေးတဲ့သူတစ် ယောက်ပါ"ဟုဆိုသည်။

"သူကအခုအချိန်ထိကို ကျွန်မရဲ့မန်နေဂျာအဖြစ် အနုပညာအလုပ်တွေ ဆက်လုပ်ချင်နေတုန်းပဲ။ ကျွန်မရဲ့ဖျော်ဖြေတင်ဆက်မှုတွေကို အားပေးချင်နေတုန်းပဲလေ။ ကျွန်မအနေနဲ့လည်း သူ့ရဲ့ဆန္ဒတွေကို ဖြည့်ဆည်းပေးချင်တယ်။ သူ့အတွက်အကောင်းဆုံးသီဆိုဖျော်ဖြေတင်ဆက်ပေးလိုက်တာဟာ သူ့ကိုစိတ်ကျေနပ်မှုရစေတဲ့ အကောင်းဆုံးလက်ဆောင်မွန်ပါပဲ" လို့ ဖျော်ဖြေပွဲအတွက် အဆင်သင့်ဖြစ်နေသော ဒီယွန်ကပြောခဲ့သည်။

အဆိုတော်ဆလင်းဒီယွန်၏ မန်နေဂျာအဖြစ်အချိန်ကာလကြာမြင့်စွာ လုပ်ဆောင်ခဲ့သည့် ခင်ပွန်းဖြစ်သူ အသက်(၇၃) နှစ်အရွယ်ရှိ ရနယ်အိန်ဂျယ်၏ လည်ချောင်းကင်ဆာကြောင့် ဒီယွန်သည် ပြီးခဲ့သည့်နှစ်မှစ၍ ဂီတအနုပညာ လုပ်ငန်းများ ရပ်နားထားခဲ့ပြီး ယခုမှတေးသီချင်းများသီဆိုဖျော်ဖြေရေး အတွက် ပြန်လည်ပြင်ဆင်နေခြင်းဖြစ်သည်။ ဒီယွန်သည်၂၀၁၅ ခုနှစ် ဘေဘုတ်တေးဂီတဆုပေးပွဲ အခမ်းအနားသို့ မေ ၁၇ ရက် (တနင်္ဂနွေနေ့)က တက်ရောက်ခဲ့ပြီး ဩဂုတ်လတွင် ဆီဇာပဲလေ့စ်၌ ကျင်းပမည့်ပွဲသို့လည်း သွားရောက်ဖျော်ဖြေမည်ဖြစ်ကြောင်းသိရသည်။

**စန္ဒာဝင်း**



## အားကစားဓာတ်ပုံဆရာတစ်ဦးအဖြစ်မြင်တွေ့ရတော့မယ့် အမ်မာရောဘတ်

အမေရိကန်သည်းထိတ်ရင်ဖိုဇာတ်လမ်းတွဲ " Scream Queens"တွင် ပါဝင်သရုပ်ဆောင်ထားသော ဟောလိဝုဒ်ကြယ်ပွင့် အမ်မာရောဘတ်သည် သူ၏ဇာတ်ကားသစ်တွင် အထက်တန်းကျောင်းသူ အားကစားဓာတ်ပုံဆရာမတစ်ဦး အနေဖြင့် ပါဝင်သရုပ်ဆောင်နေကြောင်း ပြီးခဲ့သည့် အင်္ဂါနေ့က mail onlineသို့ပြောခဲ့သည်။

အဆိုပါဇာတ်ကားကို Times New Roman ၏ဒါရိုက်တာ ဟင်နရီဂျစ်နှင့် အေရီရယ်စကူလမ်တို့က ရိုက်ကူးပေးထားပြီး အထက်တန်းကျောင်းသူ အားကစားဓာတ်ပုံဆရာမ "ဗီး"အဖြစ် ရောဘတ်က အဓိကဇာတ်ဆောင် မင်းသမီးနေရာမှ သရုပ်ဆောင်ထားကာ မင်းသားအဖြစ် မိုက်ခ်ဟေဗီယာက ပါဝင်ရိုက်ကူးထားသည်။

အဆိုပါရုပ်ရှင်၏ ရိုက်ကွင်းများကို နယူးယောက်ခ်မြို့တွင်သာ ရိုက်ကူးထားပြီး ၂၀၁၆တွင် ရုံတင်ပြသသွားမည်ဖြစ်သည်။

ရောဘတ်ပါဝင်ရိုက်ကူးခဲ့သော "Scream Queens"ကို သည်းထိတ်ရင်ဖိုဟာသဇာတ်ကားအဖြစ် လွန်ခဲ့သောလအနည်းငယ်က ရိုင်ယန်မာဖီက ပြန်လည်ဖန်တီးခဲ့ကာ အဆိုပါဇာတ်ကားကို ယခုနှစ်ကုန်ပိုင်း တွင် Fox ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

အမ်မာရောဘတ်သည် ၂၀၀၀ပြည့်နှစ်အတွက် အလှဆုံးအမျိုးသမီးအဖြစ် ရွေးချယ်ခံခဲ့ရသော ဂျူလီယာ ရောဘတ်၏ တူမတစ်ဦးလည်းဖြစ်သည်။

**ခင်ခင်သက်**



## ELLE မဂ္ဂဇင်းအတွက် မျက်နှာဖုံးရှင်အဖြစ် ရိုက်ကူးပေးနေတဲ့ ဆောင်းဟေကို

"ဆောင်းဦးရွက်ကြွေ ချစ်သက်သေ" ဇာတ်လမ်းတွဲဖြင့် ပရိသတ်ရင်ထဲ စတင်ဝင်ရောက်ခဲ့သော ကိုရီးယား မင်းသမီးချော ဆောင်းဟေကိုသည် ကိုရီးယားနာမည်ကျော် မဂ္ဂဇင်းတစ်ခုဖြစ်သည့် ELLE မဂ္ဂဇင်းအတွက် မျက်နှာဖုံးဓာတ်ပုံ ရိုက်ကူးပေးခဲ့သည်။

ထို့ပြင် သူသည် ကိုရီးယားဇာတ်လမ်းတွဲ " Descendants of the Sun" ကို မင်းသား ဆောင်ဂျွန်ကီနှင့် တွဲဖက်ရိုက်ကူးလျက်ရှိသည်။ အဆိုပါ ဇာတ်ကားတွင် ဆောင်းဟေကိုသည် သူတစ်ခါမျှ သရုပ်ဆောင်ဖူးခြင်း မရှိသေးသည့် ဆရာဝန်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။

ဆောင်းဟေကိုကို "ချစ်စံအိမ်" ဇာတ်လမ်းတွဲတွင် ပရိသတ်အများစုက ပိုမိုနှစ်သက်ခဲ့သော်လည်း သူက "ဆောင်းဦးရွက်ကြွေ ချစ်သက်သေ" ဇာတ်လမ်းတွဲမှ အွန်စော၏ စရိုက်သဘာဝများသည် သူ၏ တကယ့်စရိုက် သဘာဝတို့နှင့် အလွန်ကိုက်ညီကြောင်း၊ သူသည် လက်တွေ့ဘဝတွင် အငိုသန်ကာ ကလေးဆန်ကြောင်းလည်း ဖွင့်ဟသွားခဲ့သည်။

**ခင်ခင်သက်**

## ရုပ်မြင်သံကြားအစီအစဉ်

21 - 5 -2015 (Ãumoyaw;ae)

### မြဝတီ

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | ၄း၄၅ | ဗွီစီဒီကျော်ကြားတေး |
| ၆း၂၀ | မေတ္တာပို့ | ၄း၅၀ | မွေးမြူသုတ |
| ၆း၂၅ | ဓမ္မပူဇာတေး | ၅း၂၀ | မော်အနုပညာ |
| ၆း၃၀ | ကိုယ်လက်လှုပ်ရှား အားကစား | ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း (အပိုင်း-၄၀) |
| ၆း၄၅ | မျိုးချစ်တပ်မတော် | | |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်ထဲက တော်ဝင်သမားတော် (အပိုင်း-၄၆) - ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဟိုတယ်ဘုရင် (အပိုင်း-၃၄) |
| ၇း၂၀ | အမျိုးသားရေးတေးကဗျာ | | |
| ၈း၁၀ | ရှေးဟောင်းသုတ | | |
| ၈း၂၅ | DVD Hits | | |
| ၈း၃၅ | ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ | | |
| ၈း၅၅ | လျှပ်တစ်ပြက် | | |
| ၄း၂၅ | ချစ်သူစုံတွဲတူယှဉ်နွဲ | | |
| ၄း၄၀ | ဇာတ်လမ်းတို | | |

### MRTV - 4

| | | | |
|---|---|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော် +ဓဇဂ္ဂသုတ် | | "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၁၆) |
| ၅း၄၀ | "လောကသားတို့အတွက် မြတ်ဗုဒ္ဓ၏ကြိုးပမ်းချက်" (အပိုင်း-၇၇) တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ) | ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၁၇) |
| | | ၇း၁၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၃၇) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (Cosmobeaute Myanmar 2015) | ၈း၀၀ | MRTV-4 သတင်း |
| | | ၈း၁၀ | ရသစုံညွှန်းတမ်းများ |
| ၈း၀၀ | Cartoon Series (Go Go Giggles) | ၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၇၅) |
| ၈း၃၅ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ | | |
| ၉း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၇၄) | ၉း၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၁၂) |
| ၉း၃၅ | အနုပညာမိုးကောင်းကင် | ၉း၄၅ | အနုပညာမိုးကောင်းကင် |
| ၁၀း၀၀ | ခေတ်သစ်ပျို့မေ | ၁၀း၀၅ | Education Talk (မိဘဆရာအသင်း ဖွဲ့စည်းဆောင်ရွက်ခြင်း) |
| ၁၁း၀၅ | Food & Decor | | |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၁၁) | ၁၁း၄၀ | ပြက္ခဒိန်ရွှေတောင်မည် မြန်မာပြည်ဇဟိုချက်ဆီ |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၃၆) | ၄း၃၀ | သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော်ကျိုက်တလန်းစေတီတော် |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ | | |

### mitv

- Htan Taw Drums (Part-II) "Dobat"
- Kayah Style
- Orchid Lover
- The Stories Of The Great Souls (U Pyae Son)
- Exquisite Myanmar Silk
- Myanmar Traditional Identity (EP- 2) Myanmar Chinthe (Myanmar Lion)
- Hanlin,A Treasure Trove Of The Ancient Pyu City
- Myanmar Leading Lady "Naw Susanna Hla Hla Soe"
- Rakhine The Land Of Sublime Pagodas
- Today Myanmar "Sesame Export"
- Made of Jade
- Nelson English Language Center
- Youth Filmmaker: Wera Aung
- The Wachet Jivitadana Sanga Hospital
- Lisu New Year Festival
- Director: Thiha Kyaw Soe
- All About Orchids
- A Nun's Creation in Fruit Carving
- Horse Cart Driver
- Myanmar's Traditions and Culture: The Golden Land
- Myanmar Toys… for your eye-catching
- Paper Products... Plain but Pretty

# စပိန်လာလီဂါ ရင်ခုန်သံ (၃၈)

pyevmv*¦y¦iyrmawm bmpvemu cey ,jzpom;c y¦y/ '¦ayr , cey , v*0ici cey , v*wu½u0icie we;qi;Zeae&mwc¦ t ajzray:ao;y¦b;/ '¦alumi vmr , arv 23 &urm upm;r , yp0 38 u v n; t¦uwte , &ae0;rmy¦/

ရှိုင်းမင်းမင်း

### ဘီလ်ဘို VS ဗီလာရီးယဲလ်
**ည ၁၁း၀၀(၂၃-၅-၁၅)**

ဗီလာရီးယဲလ်က ယူရိုပါလိဂ်ဝင်ခွင့်ရရှိသွားပြီဖြစ်ပါတယ်။ ဘီလ်ဘိုကလည်း ဒီစပိန်လာလီဂါပြိုင်ပွဲကနေ ဥရောပဝင်ခွင့်မျှော်လင့်နိုင်ခြေမရှိတော့ပါဘူး။ ဒါပေမယ့် ဘီလ်ဘိုက စပိန်ဘုရင့်ဖလားဗိုလ်လုပွဲတက်ထားနိုင်တာကြောင့် ယူရိုပါလိဂ်ဝင်ခွင့်ရသွားပါပြီ။ ပွဲကို ထိန်းကစားသွားကြဖို့ ရှိသလို သရေကျသွားဖို့ များပါတယ်။

### လီဗန်တေး VS အဲလ်ချီ
**ည ၁၀း၀၀(၂၃-၅-၁၅)**

အဲလ်ချီက တန်းဆင်းကျန်ရစ်ခဲ့ပြီဖြစ်တာကြောင့် ဒီပွဲစဉ်မှာ ခြေကုန်ထုတ်ကစားလာဖို့ ခက်ပါတယ်။ အဲလ်ချီ ရဲ့လက်ရှိခြေစွမ်းပိုင်းမဆိုးဘူးဆိုပေမယ့် အဝေးကွင်းပွဲစဉ်မှာ တည်ငြိမ်မှုသိပ်မရှိတတ်တာကိုလည်း သတိပြုရမှာပါ။ ဒါကြောင့် လီဗန်တေးရဲ့အိမ်ကွင်းအားကို ဟန့်တားဖို့ခက်ပြီး လီဗန်တေးကပ်နိုင်သွားမှာပါ။

### ဘာစီလိုနာ VS ဒီပိုတီဗို
**နံနက် ၁း၁၅ (၂၄-၅-၁၅)**

ဘာစီလိုနာက ချန်ပီယံဖြစ်သွားခဲ့ပါ ပြီ။ ဒါပေမယ့် အိမ်ကွင်းနောက်ဆုံးပွဲစဉ်မှာတော့ ရလဒ်ကောင်းဖို့ အားစိုက်ကစားသွားမှာသေချာပါတယ်။ ဒီပို့တီဗိုကတန်းမဆင်းရဖို့အတွက် ဘာစီလိုနာကိုခံ ကစားလာမှာဖြစ်ပေမယ့် ဘာစီလိုနာရဲ့ အသင်းလိုက်ကစားအားကို ထိန်းချုပ်ဖို့ မလွယ်ပါဘူး။ ဘာစီလိုနာ ပဲနိုင် ပွဲရမယ်။

### ဂရန်နာဒါ VS အက်သလက်
**ည ၁၁း၀၀(၂၃-၅-၁၅)**

ဂရန်နာဒါက တန်းမဆင်းရဖို့ မသေချာသေးတာကြောင့် အိမ်ကွင်းမှာ အားစိုက်ကစားမှာပါ။ အက်သလက်တီကိုက ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရဖို့ မသေချာသေးတာကြောင့်လည်း အမှားခံမှာမဟုတ်ပါဘူး။ ဒါကြောင့် ဂရန်နာဒါတို့ ရှုန်းကန်နိုင်ပြီး အက်သလက်တီကိုကသာ နိုင်ပွဲရရှိသွားမှာပါ။

### ဗယ်လီကာနို VS ဆိုစီဒက်
**ည ၁၁း၀၀(၂၃-၅-၁၅)**

ဗယ်လီကာနိုရော ဆိုစီဒက်ပါ လက်ရှိအချိန်မှာ တန်းမဆင်းရဖို့သေချာနေပြီဖြစ်သလို ဥရောပဝင်ခွင့် ရရှိဖို့လည်း မျှော်လင့်လို့မရနိုင်တော့ပါဘူး။ ဒါပေမယ့် လက်ရှိ ခြေစွမ်းပိုင်းအရ ဗယ်လီကာနိုကပိုငြိမ်သလို အိမ်ကွင်းကလည်းဖြစ်ပါတယ်။ ဒါ့အပြင် ဆိုစီဒက်က အဝေးကွင်းအားနည်းလို့ ဗယ်လီကာနိုကပဲ ကပ်နိုင်သွားမှာပါ။

### အီဘား VS ကော်ဒိုဘာ
**ည ၁၁း၀၀(၂၃-၅-၁၅)**

ကော်ဒိုဘာက တန်းဆင်းရဖို့သေချာနေတဲ့ အသင်းဖြစ်သလို ခြေစွမ်းပိုင်းကလည်း တည်ငြိမ်မှုမရှိပါဘူး။ အထူးသဖြင့် ကော်ဒိုဘာရဲ့ တိုက်စစ်ပိုင်းက အားနည်းမှုတွေများလွန်းနေတာကြောင့် အီဘားရဲ့အိမ်ကွင်းခြေစွမ်းနဲ့ ဖိအားပေးမှုကို ထိန်းချုပ်ဖို့ ခက်မှာပါ။ အီဘားတို့အိမ်ကွင်းမှာ နိုင်ပွဲနဲ့ရာသီပိတ်ပါလိမ့်မယ်။

### ရီးယဲလ် VS ဂီတာဖေး
**ည ၁၁း၀၀(၂၃-၅-၁၅)**

ရီးယဲလ်ကချန်ပီယံမဖြစ်နိုင်တော့ပေမယ့် အိမ်ကွင်းနောက်ခံပွဲမှာရလဒ်ကောင်းဖို့အားစိုက်လာပါလိမ့်မယ်။ ဂီတာဖေးကလည်း တန်းမဆင်းရဖို့သေချာသွားပြီ ဖြစ်တာကြောင့် ခြေကုန်ထုတ်လာဖို့ခက်သလို ရီးယဲလ်မက်ဒရစ်ရဲ့ အိမ်ကွင်းဖိအားကို ထိန်းဖို့ ခက်ပါလိမ့်မယ်။ ရီးယဲလ်မက်ဒရစ်ပဲ နိုင်ပွဲရမှာပါ။

### ဆယ်တာဗီဂို VS အက်စ်ပန်ညော
**ည ၁၁း၀၀(၂၃-၅-၁၅)**

ဆယ်တာဗီဂိုက တန်းဆင်းရမယ့်အန္တရာယ်မရှိတော့သလို ဥရောပဝင်ခွင့်လည်း မျှော်လင့်လို့မရတော့ပါဘူး။ အက်စ်ပန်ညောအနေနဲ့ကလည်း လက်ရှိအချိန်မှာ မျှော်လင့်ချက်ထားစရာမရှိတော့ပါဘူး။ လက်ရှိခြေစွမ်းပိုင်းအရ မကွာသဖူးဆိုပေမယ့် ဆယ်တာဗီဂိုကွင်းဖြစ်လို့ ဆယ်တာဗီဂိုကပ်နိုင်သွားနိုင်ပါတယ်။

### အယ်မာရီယာ VS ဗလန်စီယာ
**ည ၁၁း၀၀(၂၃-၅-၁၅)**

ဗလန်စီယာက ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရဖို့ မျှော်လင့်ချက်ရှိသလို ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့လည်း မသေချာသေးတာကြောင့် အားစိုက်ကစားလာမှာပါ။ အယ်မာရီယာကလည်း အိမ်ကွင်းဖြစ်သလို တန်းမဆင်းရဖို့ မျှော်လင့်ချက်ရှိနေတာကြောင့်ခြေကုန်ထုတ်ပါလိမ့်မယ်။ ဗလန်စီယာပဲကပ်နိုင်သွားမှာပါ။

### မာလာဂါ VS ဆီဗီးလ်
**ည ၁၁း၀၀(၂၃-၅-၁၅)**

ဆီဗီးလ်က ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်နိုင်သေးတာကြောင့် ခြေကုန်ထုတ်လာဖို့ရှိပါတယ်။ မာလာဂါကတော့ ဥရောပဝင်ခွင့်မျှော်လင့်ချက်မရှိတော့သလို လက်ရှိခြေစွမ်းပိုင်းလည်း သာမန်သာရှိပါတယ်။ ဒါကြောင့် မာလာဂါတို့အိမ်ကွင်းဖြစ်ပေမယ့် ဆီဗီးလ်ကို ထိန်းချုပ်ဖို့ ခက်ပြီး ဆီဗီးလ်ကသာ ကပ်နိုင်သွားမှာပါ။

# လာမည့်ရာသီတွင် ချန်ပီယံဆုကို စိန်ခေါ်ရန်အသင့်ရှိနေဟု ဝိန်းရွန်းနီကြွေးကြော်



မန်ယူအသင်းက ဒီနှစ်ဘောလုံးရာသီမှာ ချန်ပီယံလိဂ် ဝင်ခွင့်တစ်နေရာအတွက် သေချာသွားအောင် စွမ်းဆောင်နိုင်ခဲ့ရာ အသင်းခေါင်းဆောင်ရွန်းနီက ချန်ပီယံလိဂ်ဝင်ခွင့် တစ်နေရာဟာ ယခုနှစ်အတွက် မန်ယူရဲ့ အဓိကရည်မှန်းချက်ဖြစ်သလို နောက်နှစ်ဘောလုံးရာသီမှာတော့ သူတို့အသင်းရဲ့ အဓိကပစ်မှတ်က ပရီမီယာလိဂ်ဖလားဖြစ်တယ်လို့ ထုတ်ဖော်လာခဲ့ပါတယ်။ သူက မန်ယူဟာ ရည်မှန်းချက်နဲ့ ခရီးဆက်နေတဲ့အသင်းဖြစ်တဲ့အတွက် နောက်နှစ်မှာလည်း အသင်းရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်သွားဖို့အတွက် အဆင်သင့်ဖြစ်နေပြီလို့လည်း ဆိုခဲ့ပါတယ်။

ရွန်းနီက မန်ယူလိုအသင်းမျိုးအတွက် ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာဆုံးရှုံးတာဟာ အကြီးအကျယ် ဆုံးရှုံးမှုတစ်ရပ်ဖြစ်တာကြောင့် ဒီနှစ်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ပြန်လည်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့တာဟာ အသင်းအတွက် အမှန်တကယ်ကို အရေးပါတဲ့ခြေလှမ်းသစ်တစ်ရပ်ဖြစ်ပါတယ်လို့လည်း လီဗာပူးအသင်းရဲ့ချန်ပီယံလိဂ်ဝင်ခွင့်တောက်လျှောက်ဆုံးရှုံးမှုကို ဥပမာပြုကာ ရှင်းပြခဲ့ပါတယ်။

ရွန်းနီက" လီဗာပူးဟာ သမိုင်းကြောင်းကြီးတဲ့အသင်းပါ။ ဒါပေမယ့်သူတို့အသင်းက ချန်ပီယံလိဂ်ဝင်ခွင့်တွေ နှစ်အတော်ကြာ ဆုံးရှုံးခဲ့တော့ပြန်ကစားခွင့်ရချိန်မှာ ယုံကြည်မှုတွေ ပျောက်ဆုံးနေခဲ့တယ်။ နောက်ဆုံးယူရိုပါလိဂ်မှာတောင် လောက်လောက်လားလားစွမ်းဆောင်မပြနိုင်ပါဘူး။ ဒါကြောင့်မန်ယူအနေနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်တွေ နှစ်ပေါင်းတော်တော်ကြာ ဝေးကွာသွားမှာမျိုး ကျွန်တော်မလိုလားပါဘူး။ ဒီနှစ်မှာ ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ခဲ့သလို နောက်နှစ်ရဲ့ ဦးတည်ချက်အတွက်လည်း ခြေတစ်လှမ်းတိုးနိုင်ခဲ့ပါပြီ" လို့ ဆိုခဲ့ပါတယ်။

မန်ယူနည်းပြ ဗန်ဟားလ်က နောက်နှစ်ဘောလုံးရာသီမှာ အဓိကကစားသမားခုနစ်ဦးလောက်ကို အပြောင်းအလဲလုပ်သွားမယ်လို့ ဆိုထားတော့ နောက်နှစ်မန်ယူကို အသွင်သစ်နဲ့ မြင်တွေ့ရဖို့ရှိနေပါတယ်။

# မက်ဆီနှင့် ဟင်နရီကေးတို့ကြားပေါင်းကူးဆက်စပ်ပေးသူမှာ ဇာဗီဟု အဘီဒယ်လ်ပြောကြား



ယခင်ဘာစီလိုနာ နောက်ခံလူ အဘီဒယ်လ်က ချူးကမ့်ကွင်းအဝတ်လဲခန်းတွင် ဩဇာအရှိဆုံးကစားသမားမှာ ဇာဗီပင်ဖြစ်ပြီး ၎င်းသည် ဘာကာ ထိပ်တန်းကစားသမားမက်ဆီနှင့် နည်းပြဟင်နရီကေးတို့အကြား အဓိက ဆက်စပ်ပေးနေသည့် ဗဟိုချက်ပင်ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

မေ ၂၃ရက်တွင် ဇာဗီအနေဖြင့် ယခုရာသီကုန်၌ ဘာစီလိုနာမှ ထွက်ခွာပြီး ကာတာကလပ် အယ်လ်ဆက်သို့ ပြောင်းရွှေ့မည့် သတင်းကို အတည်ပြုပြောကြားသွားမည်ဖြစ်သည်။

ဇာဗီသည် ဘာစီလိုနာကစားသမားဘ၀ကို အသက်(၁၁)နှစ်အရွယ်မှ စတင်ခဲ့ကာ ဘာကာအသင်းအတွက် နှစ်ပေါင်း ၂၄နှစ်ကြာ ပေးဆပ်ခဲ့သူဖြစ်သည်။

"ဇာဗီက ပူယိုးလ်လိုပဲ ဘာကာအတွက် တကယ့်ကိုအရေးကြီးတဲ့ကစားသမားပါ။သူက ကလပ်ရဲ့အမှတ်အသားတစ်ခုလိုတောင်ဖြစ်နေတဲ့သူပါ။ ဒါပေမယ့် ဒီနှစ်မှာသူအရင်နှစ်တွေကလိုမဟုတ်ဘဲ ကစားချိန် ငါးမိနစ်၊ ၁၀မိနစ်လောက် နည်းနည်းပဲဝင်ကစား ခွင့်ရတော့တယ်။ လက်ရှိမှာတော့ သူ့ကို သုံးယောက်တိုက်စစ်အတွဲ (နေမာ၊ မက်ဆီ၊ ဆွာရက်ဇ်)တို့အတွက် လူစားဝင် အားဖြည့်ပေးတဲ့ ပုံစံနဲ့ပဲတွေ့ရတော့တယ်။ ဒါပေမယ့်ချူးကမ့်ရဲ့ အဝတ်လဲခန်းမှာတော့ သူကဩဇာအကြီးမားဆုံးကစားသမားအဖြစ် ဆက်လက်ရှိနေပါသေးတယ်။ သူကမက်ဆီနဲ့နည်းပြကြားမှမဟုတ်ပါဘူး၊ ကစားသမားအားလုံးနဲ့ နည်းပြကြားပေါင်းကူးဆက်စပ်ပေးနေသူတစ်ယောက်ပါ" ဟု အဘီဒယ်လ်က ဇာဗီအပေါ် သူ၏အမြင်ကိုထုတ်ဖော်ပြောကြားခဲ့သည်။

အဘီဒယ်လ်သည် ဘာစီလိုနာတွင်၂၀၀၇ မှ ၂၀၁၃ ခုနှစ်အထိဝင်ရောက်ကစားခဲ့သူဖြစ်ရာ ဘာကာ၏အကြောင်းကိုခရေစေ့တွင်းကျ သိရှိသူဖြစ်သည်။ ဆက်လက်၍ ၎င်းက ဇာဗီ၏ဘာကာကစားသမားဘ၀ နောက်ဆုံးရာသီတွင် သမိုင်းဝင် ဖလားသုံးလုံးဆွတ်ခူးရရှိနိုင်မည်ဟုလည်း ယုံကြည်ခဲ့ကြောင်းဆိုခဲ့သည်။

မေလှဲ့သင်း - စုစည်းသည်။

# ကိုကွာလင်မှာအာဆင်နယ်အတွက် ပေါင်သန်း၄၀တန်ကစားသမားပင်ဖြစ်သည်ဟု အာစင်ဝင်းဂါးချီးကျူး

ပြီးခဲ့သည့်ခရစ္စမတ်ကာလကပင်အာဆင်နယ်သို့ ပြန်လည်ရောက်ရှိလာပြီး ခြေစွမ်းမှန်မှန်ဖြင့်ကစားပေးနေသော ကိုကွာလင်မှာ အာဆင်နယ်အတွက် ပေါင်သန်း ၄၀ဖြင့် ဝယ်ယူထားသော ကစားသမားအလား ခြေစွမ်းခြေစကောင်းမွန်သူဖြစ်သည်ဟု ဆရာဖြစ်သူ အာစင်ဝင်းဂါးက ထုတ်ဖော်ချီးကျူးခဲ့သည်။ ကိုကွာလင်မှာပြီးခဲ့သည့် ဘောလုံးရာသီကတည်းက ချာလ်တန်အသင်း၌အငှားဖြင့် သွားရောက်ကစားနေခဲ့ရာမှ အာဆင်နယ်ကွင်းလယ်တွင်အဓိကကစားသမားများ ဒဏ်ရာပြဿနာများရင်ဆိုင်ခဲ့ရရာ အာစင်ဝင်းဂါးက ကိုကွာလင်အား ပြန်လည်ခေါ်ယူကာ ကွင်းလယ်ကွက်လပ်ကို ဖာထေးခဲ့သည်။

သို့သော် ကိုကွာလင်အနေဖြင့် အသင်းငယ်များတွင်သာ အငှားဖြင့် တောက်လျှောက် ကစားနေခဲ့ရသော်လည်း အာဆင်နယ်တွင် ပြန်လည်ကစားခွင့်ရခဲ့ရာ အသင်း၏ ရှေ့နောက်ချိတ်ဆက်ပေးမှုကို ညီညွတ်မျှတစေခဲ့သည့်အတွက် ပွဲထွက်ကစားခွင့်နေရာတစ်နေရာကို ခိုင်ခိုင်မာမာရရှိလာခဲ့သည်။

ထို့ကြောင့် ကိုကွာလင်အား အာဆင်နယ်က စာချုပ်သစ်တစ်ရပ်ကို အလျင်အမြန်ထပ်မံချုပ်ဆိုခဲ့သော်လည်း ယခင်အာဆင်နယ်ကစားသမားဟောင်းများဖြစ်သော ပေါလ်မာဆန်နှင့် သီယာရီအွန်နရီတို့ကမူ နောင်နှစ်ဘောလုံးရာသီတွင် အာဆင်နယ်အနေဖြင့် ပရီမီယာလိဂ်ဖလားကိုစိန်ခေါ်နိုင်ရန် ကွင်းလယ်ကစားသမားကောင်းတစ်ယောက်ထပ်မံခေါ်ယူရန်လိုအပ်နေသေးသည်ဟု သုံးသပ်ခဲ့ကြသည်။

ဝင်းဂါးက "အခုခေတ်မှာ ကွင်းလယ်လူကောင်းကောင်းတစ်ယောက်လိုချင်ရင် ပေါင်သန်း ၄၀ လောက် သုံးမှရတော့မှာပါ။ ကိုကွာလင်အတွက်ဒီလောက်ငွေများများမကုန်ကျခဲ့ဘဲ ကစားအားကောင်းတဲ့ကစားသမားတစ်ယောက်ကို ကျွန်တော်တို့အသင်းပိုင်ဆိုင်ခဲ့တာပါ။အခုဆိုသူရဲ့ခြေစွမ်းနဲ့ ပတ်သက်ပြီး ဘယ်သူကမှ အငြင်းမပွားနိုင်သလို သူ့ကို စာချုပ်သက်တမ်းထပ်မံတိုးမြှင့်လိုက်တာက ကျွန်တော့်ရဲ့ သူ့အပေါ်ယုံကြည်မှုကို ပြသလိုက်တာပါပဲ။ သူကနောက်နှစ် ဘောလုံးရာသီအတွက်လည်း အဓိကကျတဲ့ကစားသမားပါ။ သူက အာဆင်နယ်အတွက် ပေါင်သန်း ၄၀ တန် ကစားသမားပါပဲ" ဟု ထုတ်ဖော်ချီးကျူးခဲ့သည်။

အာစင်ဝင်းဂါးက ဥရောပဘောလုံးအဖွဲ့ချုပ်၏ဘဏ္ဍာရေးမျှခြေစည်းမျဉ်းမှာ အာဆင်နယ်အတွက်ပြဿနာတစ်ရပ် မဟုတ်ဘဲ ငွေသုံးကြမ်းနေသည့်ကလပ်အသင်းများကိုသာ ထိန်းချုပ်ရန်ပြဋ္ဌာန်းထားသည့် ဥပဒေတစ်ရပ်ဖြစ်ကြောင်းလည်း ဆိုခဲ့သည်။

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

(၁၅-၅-၂၀၁၅)နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတမှ ချီးမြှင့်သည့်
အခွန်ဘဏ္ဍာထူးချွန်ထမ်းဆောင်သည့်လုပ်ငန်းရှင်ဆု
(နိုင်ငံ့စွမ်းဆောင်ရည်ဆု) ဒုတိယ ရရှိခဲ့သော
ကမ္ဘာ့ရတနာဘဏ်လီမိတက်(ယခင်မွေး/ရေဘဏ်) အတွက်
လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

**IBS CO., LTD.**

---

## ကမ္ဘာ့ရတနာဘဏ်
GLOBAL TREASURE BANK

**Your Dream Your Success, Global Treasure Bank.**
(သင့်ရည်မှန်းချက်အောင်မြင်ရေး GTB မှဖြည့်ဆည်းပေး)

**ဘဏ်၏ဝန်ဆောင်မှုများ**
- စာရင်းရှင်အပ်ငွေ
- ငွေစုဘဏ်အပ်ငွေ
- အချိန်ပိုင်းအပ်ငွေ
- ခေါ်ယူအပ်ငွေစာရင်း
- ချေးငွေများ
- Hire Purchase
- ငွေလွှဲခြင်း
- နိုင်ငံခြားငွေများဝယ်ယူရောင်းချလဲလှယ်ပေးခြင်း
- နိုင်ငံခြားသုံးငွေဖြင့်စာရင်းရှင်အပ်ငွေစာရင်းဖွင့်လှစ်နိုင်ခြင်း
- နိုင်ငံတကာမှလွှဲငွေပေးပို့နိုင်ခြင်း

မိတ်ဖက်ငွေလွှဲလုပ်ငန်းဆောင်ရွက်လျက်ရှိသော
MOB/CB/AGD/UAB/CHDB/ SMIDB
RDB/MBL/YCB/NSB ဘဏ်ခွဲများအသီးသီးသို့လည်း
အချိန်တိုအတွင်း ငွေပို့-ငွေလွှဲနိုင်ပြီဖြစ်ပါသည်။

**Call Deposits ခေါ်ယူအပ်ငွေ**

| | | |
|---|---|---|
| ကျပ်သိန်း(၁၀၀) အထိ | - | ၄ % |
| ကျပ်သိန်း(၁၀၀) အထက် | - | ၈. ၂၅ % |
| ကျပ်သိန်း(၁၀၀၀)မှ (၅၀၀၀)သိန်းအတွင်း | - | ၈. ၃ % |
| ကျပ်သိန်း(၅၀၀၀)အထက် | - | ၈. ၃၅ % |

**FIXED DEPOSIT စာရင်းသေအပ်ငွေ**

(၁၂)လ စာရင်းသေအပ်ငွေအတိုးနှုန်း ၁၀. ၀၀%
(၉)လ စာရင်းသေအပ်ငွေအတိုးနှုန်း ၉. ၇၅%
(၆)လ စာရင်းသေအပ်ငွေအတိုးနှုန်း ၉. ၅၀%
(၃)လ စာရင်းသေအပ်ငွေအတိုးနှုန်း ၉. ၂၅%

**SAVING DEPOSIT ငွေစုဘဏ်အပ်ငွေ**

အတိုးနှုန်း (၁)နှစ် ၈. ၂၅%

မြန်မာနိုင်ငံ အနှံ့အပြားရှိ ဘဏ်ခွဲပေါင်း (၁၀၂)ဘဏ်ဖွင့်လှစ်ခဲ့ပြီး အချိန်တိုမိနစ်ပိုင်းတွင်း အရောက်ငွေလွှဲ-ငွေပို့ခြင်းဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။
နိုင်ငံခြားငွေလွှဲကိုလည်း Western Union နှင့် ချိတ်ဆက်၍ ဘဏ်လုပ်ငန်းများကို ဝန်ဆောင်မှုပေး၍ ဆောင်ရွက်လျက်ရှိပါသည်။

အမှတ်(၆၅၃/၆၉၉)၊ ကုန်သည်လမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း = ၀၁ ၃၈၉၄၉၀၊ ၀၁ ၃၈၀၀၉၈၊ ၀၁ ၂၄၃၂၄၀၊

Email: ho@treasurebankmm.com
Website: http://www.treasurebankmm.com/

# ဂင်္ဂါမြစ်တစ်ခေါက်

ခင်မောင်ညို (ဘောဂဗေဒ)

သမီးရယ် အဖေဒီနှစ်ထဲ နိုင်ငံခြားတစ်ခေါက်မှ မသွားရသေးဘူးပြောတော့ အဖေကလည်း ဒီနှစ်ထဲဝင်လာတာ ဘယ်လောက်မှ မကြာသေးဘူး။ နှစ်လရှိသေးတယ်လို့ ပြောတယ်။ တမ်းတလွန်းလို့လားမသိပါဘူး။ အိန္ဒိယနိုင်ငံ ခရီးတိုလေးတစ်ခု သွားဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ပါ။ ကိုလ်ကတ္တားက ဒုတိယအကြိမ် ရောက်တာပါ။ ဒါပေမယ့် ဒီတစ်ခါ ကံကောင်းတာကတော့ ဆွေးနွေးပွဲ မတိုင်ခင်ကတည်းက လေယာဉ်ပျံ အဆင်မပြေလို့ နှစ်ရက်လောက် ကြိုခေါ်ထားတော့ အဲဒီနှစ်ရက်လောက်က လည်လို့ပတ်လို့ ရသွားတယ်။ ကဗျာဆရာကြီး ကမ္ဘာကျော်နိုဘယ်လ်ဆုရတဲ့ ကဗျာဆရာကြီး Tagore ရဲ့ အိမ်ကိုရောက်တယ်။ နည်းနည်းလေး လွဲသွားတာကတော့ သိပ်ပြီးချမ်းသာတယ်လို့ မထင်ထားဘူး။ ဟိုကျတော့ သူက တော်တော်လေးကို ချမ်းသာတယ်။ အိမ်ကြီးကလည်း အကြီးကြီး အကျယ်ကြီးပဲ။ အခု တက္ကသိုလ်လည်း လုပ်ထားတယ်။ နောက်ပြီး သူက သဘော်သုံးစင်းလောက်ပိုင်တာ၊ မြေတွေကလည်း အများကြီးပိုင်တယ်။ အဲဒီကိုသွားပြီး ဂါရဝပြုတယ်။

နောက်တစ်ခုကတော့ အိန္ဒိယရဲ့ထူးခြားချက် ကျွန်တော်တို့နဲ့ကွာတဲ့ အချက်တစ်ချက်။ ကျွန်တော်တို့က ကိုလိုနီအမွေအနှစ်တွေကို မုန်းတီးပြီးတော့ ဖျက်ပစ်ဖို့ကို ပိုသန်တယ်ထင်တယ်။ အိန္ဒိယကတော့ ဒီကိုလိုနီ အမွေအနှစ်တွေကို ဆက်ပြီးတော့ ထိန်းသိမ်းထားတာပေ့ါ။ ဥပမာ ကိုလ်ကတ္တားမြို့လယ်ကောင်က မိုင်ဒါဆိုတဲ့ ကွင်းကြီး တစ်ကွင်းရှိတယ်။ ကျွန်တော်တို့ဆီမှာလည်း မိုင်ဒါဆိုတာ ကွင်းကိုပြောတာ၊ မိုင်ဒါကွင်းပေ့ါ။ အဲဒီမှာလည်း ဒီကွင်းကြီးကို ဒီတိုင်းပဲထားတယ်။ အကျယ်ကြီးပဲ၊ လူတွေ သွားကြလာကြ ဆော့ကြနဲ့။ နောက် ဗစ်တိုးရီးယား Queen Victoria Museum ဆိုတာလည်း အမှတ်တရ အဆောက်အအုံကြီး တည်ဆောက်ပြီးတော့ အဲဒါကိုလဲ သူတို့က ပြတိုက်အနေနဲ့ လုပ်ထားတာ တွေ့ရတယ်။

ဒီတစ်ခေါက် ထူးထူးခြားခြားကတော့ ဂင်္ဂါမြစ်ကို ရောက်ခဲ့တယ်။ ဂင်္ဂါမြစ်ဘေးမှာ မယ်တော်ကာလီ ဘုရားရှိခိုးကျောင်းတစ်ကျောင်း ရှိတယ်။ အဲဒီထဲ ခဏဝင်ကြည့်တယ်။ ကျွန်တော်တို့ကတော့ ဒီဗိသုကာလက်ရာကို ပိုပြီးတော့ တန်ဖိုးထားတာပေ့ါနော်။ အဲဒီမှာသွားပြီးတော့ တန်းစီရတယ်။ ဘုရားဖူးကြတဲ့သူတွေအများကြီးပဲ။ ပြီးတော့ ဂင်္ဂါမြစ်ဆိပ်မှာ မျက်နှာသစ်တယ်။ ရေတော့ မချိုးခဲ့ဘူးပေ့ါ။ အဝတ်အစားလဲရတာလည်း ခက်တာကိုး။ ဂင်္ဂါမြစ်ထဲဆင်းပြီးတော့ သူတို့လုပ်ကြတာတွေ ဓာတ်ပုံရိုက်တယ်။

ပြီးတော့ ဂင်္ဂါမြစ်ကို မော်တော်ဘုတ်နဲ့ ဖြတ်ခဲ့သေးတယ်။ ရန်ကုန်က ဒလဘက်ကူးတာနဲ့ တူတယ်။ အဲတော့ တစ်ဖက်ကမ်းမှာက ဒီ Bluemoth ဆိုတဲ့နေရာလေးရှိတယ်။ အဲဒီနေရာက ရာမကရှစ်နာ ရဲ့ ဌာနချုပ်။ ဆွာမိဝိဝေကနန္ဒာလည်း အဲဒီနေရာမှာပဲ။ သူတို့ကို ဆုံးသွားတဲ့ ဆရာပါရဂူက မြန်မာတွေနဲ့ မိတ်ဆက်ပေးတာပေ့ါ။ အဲဒီဌာနချုပ်မှာ ဘာသာပေါင်းစုံရဲ့ ညီညွတ်မှုအထိမ်းအမှတ်ပေ့ါ။ ဗုဒ္ဓဘာသာသင်္ကေတ၊ ဟိန္ဒူသင်္ကေတ၊ ခရစ်ယာန်သင်္ကေတ၊ အစ္စလာမ်သင်္ကေတတွေကို စုစည်းပြီး တည်ဆောက်ထားတယ်။

ကိုလ်ကတ္တားကို အရင်တစ်ခေါက်တုန်းကလည်း ရောက်တယ်။ ဒီတစ်ခေါက်မှာ မြို့သစ်အတော်ချဲ့နေတာပဲ။ တရုတ်မြို့သစ်ချဲ့တာတွေ့ဖူးတယ်။ အိန္ဒိယမြို့သစ်ချဲ့တာက မျက်စိတစ်ဆုံးချဲ့တာပဲ။ ဒီမြို့သစ်ချဲ့ပုံချဲ့နည်းက အဆောက်အအုံတွေကလည်း တောက်လျှောက်ပဲ။ ဟိုနားတစ်လုံး ဒီနားတစ်လုံး မဟုတ်ဘူး၊ တောက်လျှောက်ပဲ မျက်စိတစ်ဆုံး ဆောက်တာ။ မြို့သစ်နဲ့ အတူ မိုးပျံရထားလမ်း၊ မြေအောက်ရထားလမ်း အဲဒါတွေ ပါ တစ်ပါတည်း ကြိုးစားနေတာ။ ချယ်ရီပန်း ဘယ်မှာ သွားတွေ့လဲဆိုတော့ ကိုလ်ကတ္တားမှာ သွားတွေ့တယ်။

နိုင်ငံတွေနဲ့ ဆက်ဆံမယ်ဆိုတဲ့ မူဝါဒကျင့်သုံးတယ်။ အဲဒီကျင့်သုံးတယ်ဆိုတဲ့မူဝါဒမှာ မြန်မာမပါဘူး။ မြန်မာကို ကျော်ပြီးတော့ လုပ်ခဲ့တာ။ မြန်မာနဲ့ဆက်ဆံရေး ကျဲခဲ့တယ်။

အခုလက်ထက်ကျတော့ သူက Look east ကနေပြီးတော့ Act east policy ကို ကျင့်သုံးတယ်။ မျှော်ရုံနဲ့ မပြီးဘူးပေ့ါ၊ တကယ်လက်တွေ့လုပ်မှပဲပေ့ါ။ ဒီမျှော်တာနဲ့ လက်တွေ့လုပ်တာနဲ့ကြားထဲမှာ နှစ် ၂၀ ကျော်ကြာတယ်။ ဒီတစ်ခါတော့ ငါတို့နဲ့ ဆက်ဆံတော့မလား ဆိုတာ စောင့်ကြည့်ရဦးမှာလို့ ပြောခဲ့တာပေ့ါ။

## မြန်မာနိုင်ငံနဲ့ ကူးသန်းရောင်းဝယ်တဲ့အခါမှာ ငွေရေးကြေးရေးခက်တယ်၊ ဘဏ်ကို မသုံးနိုင်ဘူးပေ့ါ။ အများဆုံးကတော့ စင်ကာပူကနေတစ်ဆင့် ကုန်သွယ်မှုတွေ၊ အပေးအယူတွေ လုပ်နေရတာပေ့ါ။

ဆွေးနွေးပွဲ ခေါင်းစဉ်ကတော့ မြန်မာ-အိန္ဒိယ ဆက်သွယ်မှုတွေ ကျွန်တော်တို့အတိတ်က ဘယ်လိုရှိခဲ့တယ်၊ အခုဘယ်လိုရှိလဲ၊ အနာဂတ်မှာ ဘယ်လိုရှိသလဲ ဆိုတာတွေကို သုတေသနလုပ်နေတဲ့ အဖွဲ့အစည်းတစ်ခု ရှိတယ်။ ကိုလ်ကတ္တားမှာလည်းရှိတယ်၊ နယူးဒေလီမှာလည်း ရှိတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိကြီးတစ်ဦးရယ်၊ ကျွန်တော်ရယ် သွားပြီးတော့ ဆွေးနွေးခဲ့တယ်။ ဒီပွဲက အလွန်ကောင်းတယ်။ ကျွန်တော်တို့ဘက်က နှစ်ဦး၊ သူတို့ဘက်က ရှစ်ဦးလောက်ရှိတယ်။ သတင်းစာဆရာပါတယ်။ ပညာရှင်တွေပါတယ်။ တော်တော့်ကို ပွင့်ပွင့်လင်းလင်း အကြိတ်အနယ်ပဲ။ တော်တော်လေး ဆွေးနွေးခွင့်ရပါတယ်။

ဆက်ဆံရေးဆိုတာလည်း နိုင်ငံရေးအပေါ်မှာ မူတည်တာပေ့ါ။ ၁၉၈၈ နောက်ပိုင်းမှာတက်လာတဲ့ မြန်မာအစိုးရကို သူတို့သိပ်ပြီးသဘောမကျဘူး။ သူတို့က ဒီမိုကရေစီနိုင်ငံ။ သူတို့က Look east policy ဆိုပြီးတော့ ၁၉၉၀ လောက်မှာ အရှေ့မျှော်တဲ့ မူဝါဒဆိုပြီးတော့ ကျင့်သုံးတယ်။ ဒီဘက်အခြမ်းပေ့ါ။ ကျွန်တော်တို့ အရှေ့တောင်အာရှ

ဒီဆွေးနွေးပွဲကနေ မြန်မာရဲ့အခြေအနေကို သူတို့က ပိုနားလည်ခွင့်ရတယ်။ ကျွန်တော်တို့ကလည်း သူတို့ အိန္ဒိယရဲ့အခြေအနေကို ပိုပြီးတော့ နားလည်ခွင့်ရတယ်။

ပြီးခဲ့တဲ့နှစ်တွေကို ပြန်ကြည့်လိုက်တဲ့အခါမှာ မြန်မာနဲ့ အိန္ဒိယနဲ့ ကုန်သွယ်တာ အလွန်နည်းတယ်။ အတော်အံ့သြဖို့ ကောင်းတယ်။ အဲဒီမှာလည်း အထူးသဖြင့်တော့ မြန်မာက အိန္ဒိယကို ပို့တာက များတယ်။ အိန္ဒိယက မြန်မာကို ပို့နိုင်တာက နည်းတယ်။ တစ်ခုကတော့ အိန္ဒိယပစ္စည်းတွေက ကောင်းလည်းကောင်းတယ်၊ ဈေးလည်းကြီးတယ်။ မြန်မာနိုင်ငံရဲ့ တစ်ဦးကျဝင်ငွေကလည်း ဒေါ်လာ တစ်ထောင်လောက်ပဲရှိသေးတာဆိုတော့ သိပ်မဝယ်နိုင်ဘူး။

အရေးကြီးဆုံး တစ်ခုကတော့ နယ်စပ်ကုန်သွယ်ရေး။ အိန္ဒိယ-မြန်မာနယ်စပ် ကုန်သွယ်ရေးကလည်း နယ်စပ်ကုန်သွယ်ရေး တစ်ခုလုံးရဲ့ တစ်ရာခိုင်နှုန်းလောက်ပဲရှိတယ်။ မြန်မာနဲ့ တရုတ်၊ မြန်မာနဲ့ ထိုင်း ဆက်သွယ်ရေးတွေ ဆက်ဆံရေးတွေက အလွန်များတယ်။ နယ်စပ်မှာ သိပ်ပြီးတော့ လုံခြုံမှု မရှိဘူး။ ဒုတိယက လမ်းပန်း ဆက်သွယ်ရေး မကောင်းဘူး။ မြန်မာနိုင်ငံနဲ့နယ်စပ်က အိန္ဒိယဒေသဟာ တော်တော်လေး မဖွံ့ဖြိုးမတိုးတက်ဘူး။ အဲဒီဒေသကိုလဲ သူတို့က ဖွံ့ဖြိုးစေချင်တယ်။ ဒါပေမယ့် တစ်ဖက်က လက်နက်ကိုင်အဖွဲ့တွေက ဝင် လိုက်ထွက်လိုက်နဲ့ပေ့ါလေ။

သူတို့ကတောင်မှ ပြောတာ ဒါမြန်မာဘက်ကနေဝင်လာတာပေ့ါ။ မြန်မာသံအရာရှိတစ်ဦးကတော့ ပြောတယ်။ မြန်မာက ဒါမျိုးတွေကို အားမပေးဘူး။ မြန်မာ့နယ်မြေကနေပြီးတော့ သူများနိုင်ငံကို တိုက်တဲ့ လုပ်ရပ်မျိုးတွေ မြန်မာနိုင်ငံက ဘယ်တော့မှ အားပေးခြင်းမရှိပါဘူးဆိုတာ ပြောခဲ့ရတယ်။

သူတို့မှာလည်း ပြဿနာလေးတွေ ရှိပုံရတယ်။ ဒါ သူတို့အချင်းချင်း ဝေဖန်တာပဲ။ အိန္ဒိယနဲ့ မြန်မာနဲ့ အကောင်အထည်ဖော်မယ်လို့ လမ်းပန်းဆက်သွယ်ရေးလို သဘောတူထားတဲ့ဟာတွေ တော်တော်များများက အကောင်အထည် မပေါ်ဘူး။ အိန္ဒိယကိုယ်တိုင်ကိုက ကတိတွေပေးထားပြီးတော့ မလုပ်နိုင်သေးတာတွေ ရှိတယ်။ အရင်အစိုးရ လက်ထက်တုန်းက ချပေးခဲ့တဲ့ စီမံကိန်းတစ်ခုက ဝန်ကြီးချုပ်ပြောင်းသွားပြီးတော့ ဆက်ပြီးတော့ လုပ်ရလည်းအခက်ရပ်ရလည်း အခက်ဖြစ်နေတယ်။

နောက် သူတို့က ပြောလေ့ပြောထရှိတာက မြန်မာနိုင်ငံနဲ့ ကူးသန်းရောင်းဝယ်တဲ့အခါမှာ ငွေရေးကြေးရေး ခက်တယ်၊ ဘဏ်ကို မသုံးနိုင်ဘူးပေ့ါ။ အများဆုံးကတော့ စင်ကာပူကနေတစ်ဆင့် ကုန်သွယ်မှုတွေ၊ အပေးအယူတွေ လုပ်နေရတာပေ့ါ။ တကယ်တမ်း နိုင်ငံခြားဘဏ်ကိုးခုပေးတော့ အိန္ဒိယဘဏ်တစ်ခုမှမပါဘူး။ သူတို့က လိုင်စင်လျှောက်တာလည်း မလျှောက်လိုက်ရဘူး။ အဲဒီတော့ သူတို့ရဲ့ လုပ်ထုံးလုပ်နည်းတွေ ကြန့်ကြာနေတယ်။

အိန္ဒိယက ရင်းနှီးမြှုပ်နှံတဲ့သူတွေက မြန်မာနိုင်ငံက ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတွေ အလွန်များတယ်၊ အလွန်ကောင်းတယ်။ အိန္ဒိယက အကူလုပ်ပေးနိုင်တယ်။ စိုက်ပျိုးရေးလုပ်ပေးရမလား၊ IT လုပ်ပေးရမလား စသဖြင့်။ ဘာမှကို မကျန်ရဘူး။ အင်္ဂလိပ်စာပဲ သင်ပေးရမလား၊ နောက်တစ်ခါ ကျန်းမာရေး၊ စောင့်ရှောက်မှုဆိုရင်လည်း မြန်မာနိုင်ငံက ကျန်းမာရေး ပညာရေးအသုံးစရိတ်တွေက နည်းတယ်။ ပညာရေးကျန်းမာရေးလည်း ကူညီနိုင်တယ်။ လုပ်ငန်းတွေ လုပ်ပေးနိုင်တယ်။ စကားတွေပဲ လျှောက်ပြောနေတာ၊ တကယ့်တကယ် လက်တွေ့ကျလို့ရှိရင် အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံကို လာပြီးတော့ ရင်းနှီးမြှုပ်နှံတာ အတော်နည်းတာ။ ရေတိုအကျိုးအမြတ်လိုချင်တာလား၊ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံရတာကြောက်သလား။ အခြေခံ လမ်းပန်းဆက်သွယ်ရေး အဆောက်အအုံ တယ်လီဖုန်းတွေ အင်တာနက်တွေ အားနည်းလို့လား။ အဲဒါကြောင့် ရင်းနှီးမြှုပ်နှံမှုတွေ လာစေချင်တာပေ့ါ။ တော်တော်လေး ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးခွင့်တွေရခဲ့ပါတယ်။

ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

MEC

MYANMAR EDUCATION CENTRE
မြန်မာ့ပညာရေးအောင်မြေ

ကိုယ်ပိုင်ကျောင်း
သူငယ်တန်းမှ ဒသမတန်း

ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် ကက - ၁၃/၀၂/၀၉၃

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ

ကျောင်းတည်နေရာ MEC-1 အမှတ် (၁၅၈)၊ ဓမ္မရပ်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ဝိဇ္ဇာလမ်း၊ ၂ (က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့
ဆက်သွယ်ရန် ၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၅၀ ၅၅၂၀၃၊ ၀၁-၆၃၅၀၄၂

ကျောင်းပုံစံနှင့် ပြင်ဆင်မှု
- ကျယ်ဝန်းသော ကိုယ်ပိုင်မြေပေါ်တွင် ကျောင်းပုံစံဆောက်လုပ်ထား၍-
  - စာသင်ခန်းများ၊ ကျယ်ဝန်းပြီး လေဝင်လေထွက်နှင့် အလင်းအား အထူးကောင်းမွန်ခြင်း၊
  - ဘောကင်းလုံခြုံမှုရှိ၍ ကျယ်ဝန်းသော အားကစားကွင်းပါရှိခြင်း၊
  - ကျောင်းသားကျောင်းသူ ဝင်ဆံ့အားနှင့် အဆောက်အဦး၏ ခံနိုင်ရည်တို့ကို သေချာစွာ တွက်ချက်၍ ဆောက်လုပ်ထားခြင်းကြောင့် လုံခြုံစိတ်ချရမှုရှိခြင်း၊
  - ကျောင်းနေရာ တည်ငြိမ်မှုရှိခြင်း (မပြောင်းရွှေ့ရပါ) တို့နှင့် ပြည့်စုံပါသည်။
- စာသင်ခန်းတိုင်းတွင် လေအေးပေးစက် (Air Condition) များ အပြည့်တပ်ဆင်ထားပြီး၊ သောက်သုံးရေအတွက် ရေသန့်စက် တပ်ဆင်ထားရှိပါသည်။

သင်ကြားမှုပုံစံ၊ စနစ်နှင့် ဖွဲ့စည်းပုံ
- နိုင်ငံတော်မှ ချမှတ်ပေးထားသော သင်ရိုးညွှန်းတမ်းများအား၊ တည်ထောင်သူ၊ ကျောင်းအုပ်ချုပ်မှု အဖွဲ့ဝင်များနှင့် ကျောင်းအုပ်ကြီး၏ စီမံအုပ်ချုပ်မှုဖြင့် သက်ဆိုင်ရာဘာသာရပ်သင် ဆရာ၊ ဆရာမများမှ စဉ်ဆက်မပြတ် သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ တတ်မြောက်မှုစစ်ဆေးခြင်းတို့ကို စည်းစနစ်ကျနစွာဖြင့် ကြပ်မတ်ဆောင်ရွက်မည် ဖြစ်ပါသည်။ (အစိုးရကျောင်းကြီးတက်ရန်နှင့် ကျူရှင်ထပ်မံယူရန် မလိုအပ်ပါ။)
- စာတနှင့် ဝါသနာတို့ကို အရင်းခံပြီး ထပ်ဆောင်း၍-
  - အင်္ဂလိပ်စာစွမ်းရည် မြင့်မားတိုးတက်စေရန် အင်္ဂလိပ်စာ (4 skills) ကို ဖြည့်စွက်၍ သင်ကြားပေးခြင်း၊
  - စိတ်တည်ငြိမ် နူးညံ့မှုရရှိစေရန် ပန်းချီပညာသင်ကြားပေးခြင်း၊
  - ကိုယ်ကာယ ကျန်းမာကြံ့ခိုင်စေရန် မြန်မာ့ရိုးရာသိုင်းပညာ သင်ကြားပေးခြင်းတို့ ပါဝင်မည် ဖြစ်ပါသည်။
- နောင်အနာဂတ်တွင် နိုင်ငံ၏ သားကောင်း၊ သမီးကောင်းများ ဖြစ်လာမည့် ကျောင်းသား၊ ကျောင်းသူတို့၏ ပညာအရည်အသွေးကိုသာမက စိတ်ဓာတ်၊ စည်းကမ်း၊ စာရိတ္တမကျိုင် ကြံ့ခိုင်ကောင်းမွန်ရေး နည်းလမ်းကောင်းများကိုပါ အမိကထား၍ လေ့ကျင့်ပျိုးထောင်ပေးသွားမည် ဖြစ်ပါသည်။
- တည်ထောင်သူ၊ အုပ်ချုပ်သူများကိုယ်တိုင် ပညာရေးတွင် Ph.D, M.Sc, B.Sc နိုင်ငံတကာ ဘွဲ့များရရှိကာ သင်ကြားမှု၊ အုပ်ချုပ်မှု အတွေ့အကြုံရှိ အငြိမ်းစား (ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ) နှင့် ပညာရေးဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုထားသော ကိုယ်ပိုင်ကျောင်းဆရာဖြစ် မှတ်ပုံတင်လက်မှတ်ရ (Ph.D, M.Sc, M.Ed, B.Ed, M.A ဆရာ အတတ်သင်ဆင်း) ဆရာ၊ ဆရာမများ၊ အင်အားများစွာဖြင့် စိုင်မာစွာ ဖွဲ့စည်းတည်ထောင်ထားသော ကိုယ်ပိုင်ကျောင်းကြီး ဖြစ်ပါသည်။

ကျောင်းချိန်နှင့် ဖွင့်မည့်နေ့
- မနက် ၈:၀၀ မှ ၁:၃၀ နာရီအထိ၊
- ဇွန်လ (၃) ရက်နေ့ ကျောင်းဖွင့်ပါမည်၊
- ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိပါသည်။

မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့ကို ပိုင်နိုင်စွာ သင်ကြားနိုင်သော အတွေ့အကြုံရှိ ဆရာ၊ ဆရာမများ၊ အင်္ဂလိပ်စာ 4 Skills ၊ ပန်းချီ သင်ကြားပေးနိုင်သော ဆရာ၊ ဆရာမများ အလိုရှိသည်။

# ကနီမြို့နယ်တွင် ရေရှားပါးသည့်ပြည်သူများအား ရေလှူဒါန်း

**ကနီ မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ပေါက်အင်းတောင်ဒေသတွင် ပြည်သူလူထုနှင့် ၎င်းတို့၏ စိုက်ပျိုးရေးတွင် အသုံးပြုကြသည့် ကျွဲ၊ နွားများ အတွက်ပါ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသောကြောင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့ စီစဉ်မှုဖြင့် ကနီမြို့နယ် မီးသတ်ဦးစီးဌာနမှ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများသယ်ယူပြီး ဖြန့်ဝေပေးလျက်ရှိသည်။

ပေါက်အင်းတောင်ဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ မိုးနည်းပြီး ရေရှားပါးသောရပ်ဝန်းဒေသဖြစ်၍ ရေတွင်းများတူးဖော်ရန် ခက်ခဲပြီး နှစ်စဉ်နွေရာသီရောက်ရှိလာချိန်တွင် သောက်သုံးရေအခက်အခဲများကြုံတွေ့နေရသဖြင့် ယခုကဲ့သို့ ရေသယ်ယာဉ်များနှင့် သောက်သုံးရေများ ဖြန့်ဝေပေးကြောင်း သိရသည်။

ယင်းပေါက်အင်းတောင်ဒေသ ယခုကဲ့သို့ သောက်သုံးရေအခက်အခဲ ကြုံတွေ့နေရမှုကို နိုင်ငံတော်မှ ပေါက်အင်းတောင်ဒေသရွှေပြည်သာတွင် အဝီစိတွင်းစတင်တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းဒေသသို့ မြို့နယ်မှ ရေသယ်ယာဉ်များလာရောက် ရေလှူဒါန်းသည့်အပြင် တော်ဝင်စေတနာရေလှူအသင်းနှင့် အခြားရေလှူအသင်းများကလည်း နေ့စဉ်လာရောက်လှူဒါန်းကြသည်။**သန်းရွှေအောင်(ကနီ)**



## ကျေးရွာအရောက်အခမဲ့ကွင်းဆင်းဆေးကုသပေး

**ဖရူဆို မေ ၂၀**

ကယားပြည်နယ် ဖရူဆိုမြို့နယ် မိုဆိုကျေးရွာအုပ်စု မိုဆိုကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများအား မြို့နယ်တိုင်းရင်းဆေးခန်းမှူးနှင့် ဝန်ထမ်းများက အခမဲ့ကွင်းဆင်း၍ ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖရူဆိုမြို့နယ်အတွင်းရှိ ကျေးရွာများအား ကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းများကို အခါအားလျော်စွာ ဆောင်ရွက်ပေးလျက်ရှိရာ မေဒုတိယအပတ်အတွင်း မိုဆိုကျေးရွာအုပ်စု မိုဆိုကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား အခမဲ့ကွင်းဆင်း၍ ဆေးကုသပေးခဲ့ကြောင်းသိရသည်။

ယင်းအဖွဲ့မှ ဒေသခံပြည်သူ စုစုပေါင်း ၆၀ ဦးခန့်အားကျန်းမာရေး စစ်ဆေးပြုစု၍ လိုအပ်သော ဆေးဝါးများဖြင့် ကုသပေးခဲ့ကြောင်း သိရသည်။

**ဦးကျော်(ဖရူဆို)**

## ကြာရှည်ခံဆေးစိမ်ခြင်ထောင်များအခမဲ့ဖြန့်ဝေ

**ရိုခေါဒါရ် မေ ၂၀**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)နှင့် ကျန်းမာရေးဌာနတို့ပူးပေါင်း၍ ကြာရှည်ခံ ခြင်ထောင်များ ပြည်သူများထံသို့ အခမဲ့ဖြန့်ဝေပေးခြင်းကို မေ ၁၈ ရက်က ရိုခေါဒါရ်မြို့၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

“အခု မိုးတွင်းကာလရောက်တော့မယ်ဆိုတော့ မိသားစုတိုင်းက ငှက်ဖျားရောဂါကို ကြိုတင်ကာကွယ်ဖို့ လိုအပ်လာတယ်။ အခုလိုအချိန်မှာ ကျွန်တော်တို့ဒေသကို ဆေးစိမ်ပြီးသား ကြာရှည်ခံခြင်ထောင်တွေ အခမဲ့လာရောက်ဖြန့်ဝေပေးတဲ့အတွက် ပြည်သူတွေကိုယ်စား ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့လက်ခံရရှိတဲ့ ခြင်ထောင်တွေနဲ့ မိသားစုတိုင်း ငှက်ဖျားရောဂါကြိုတင်ကာကွယ်ဖို့အတွက် များစွာအကျိုးရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်” ဟု အမှတ်(၁) ရပ်ကွက်မှ မြို့မိမြို့ဖ ဦးရီဇပ်ပါက ပြောသည်။

အဆိုပါ ကြာရှည်ခံဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေရာတွင် အိမ်ထောင်စုလူဦးရေ အနည်းအများ အပေါ်မူတည်၍ ခြင်ထောင်တစ်လုံး၊ နှစ်ထည်စသည်ဖြင့် အခမဲ့ဖြန့်ဝေပေးခဲ့ပြီး အိမ်ခြေ ၇၀၀ ကျော်အတွက် ခြင်ထောင်ပေါင်း ၁၀၅၀ လုံး ဖြန့်ဝေပေးကြောင်း၊သိရသည်။

ယင်းလုပ်ငန်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)နှင့် ကျန်းမာရေးဌာနတို့ပူးပေါင်း၍ ရိုခေါဒါရ်မြို့တွင် ၂၀၁၁ ခုနှစ်၌ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **နိုဟေဆာ**

## မော်လူးတွင် ကလေးငယ်များအတွက် ယဉ်ကျေးလိမ္မာ ဓမ္မစကူးလ်ဖွင့်လှစ်

**မော်လူး မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူး ဒက္ခိဏာရာမကျောင်းတိုက်အတွင်းရှိ လေးထပ်ကျောင်းဆောင်တွင် မေ ၁၈ ရက် နံနက် ၈ နာရီက ကလေးငယ်များအတွက် ယဉ်ကျေးလိမ္မာ ဓမ္မစကူးလ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြိုင်သာယာကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးဉာဏိက၊ မော်လူး ဒက္ခိဏာရာမကျောင်းတိုက် ဆရာတော် ဦးဝါယာမနှင့် မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့က ယဉ်ကျေးလိမ္မာ ဓမ္မစကူးလ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားသို့ ယဉ်ကျေးလိမ္မာ ဓမ္မစကူးလ်ဖြစ်မြောက်ရေး အကျိုးတော်ဆောင် နာယကဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ တက်ရောက်ခဲ့ကြသည်။

သင်တန်းကို မေ ၁၈ ရက်မှ ၂၅ ရက်အထိ နေ့စဉ်သင်ကြားပို့ချပေးမည်ဖြစ်ပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းနည်းပြ ဆရာငါးဦးအဖွဲ့နှင့်အတူ လိုအပ်သည်များကို မော်လူးအခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများက ကူညီပံ့ပိုး သင်ကြားသွားမည်ဖြစ်ကြောင်း၊ ဓမ္မစကူးလ်တွင် သင်တန်းသူ၊သင်တန်းသား ၃၄၀ ဦးရှိကြောင်း သိရသည်။ **(၀၅၈)**

## သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲကျင်းပ

**ရေနံချောင်း မေ ၂၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဆုံတိုက်ရပ်ကွက်ရှိ သမိုင်းဝင်လည်ပေါ်သာသနာ့ဗိမာန်တော်ကြီးတွင် မေ ၁၇ ရက်က သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲအား ကျင်းပခဲ့သည်။

၎င်းသုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲကြီးကို ရေနံချောင်းမြို့နယ်လုံးဆိုင်ရာ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ကြီးမှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ရေနံချောင်းမြို့ရှိ ဓမ္မစကူးလ်ကျောင်း ၃၂ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများဝင်ရောက် ယှဉ်ပြိုင်ကြကြောင်းသိရသည်။

ဝင်ရောက်ယှဉ်ပြိုင်ကြသော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆု ခုနစ်ဆု ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သိန်းဇော်**


# လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ခုနှစ်၊ မေလ၉ရက်တွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ အထူးဘွဲ့နှင်းသဘင်အခမ်းအနား တစ်ရပ်ကျင်းပခဲ့ပြီး “အငြိမ်းစားသံအမတ်ကြီး ဦးလှမောင် (MCEAအကြံပေးအဖွဲ့ဝင်)အား ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ Doctor of Letters (Honoris Causa) ကို ချီးမြှင့်ခံရခြင်းအတွက် လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း-------

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း



အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

လှိုင်က ကျွန်တော့်လက်မောင်းများကို ဆွဲကိုင်လှုပ်ယမ်းကာ ရန်တွေ့သည်။

" ကိုကို မကောင်းဘူး . . . ။ ပြီးခဲ့တဲ့အပတ်က ဘာလို့ မလာတာလဲ။ လှိုင်က ရိန်းဘိုးအိုင်လင်ကား ကြည့်ချင်လို့ စောင့်နေတာ . . . ။ သိပ်ဆိုးတဲ့ ကိုကိုမောင် . . . "

" ဩော် . . . လှိုင်ကလည်း . . . ကိုကို မအားလို့ပါ။ ဘုတ်ကလပ် ဆင်းနေရလို့ "

လှိုင်သည် လက်ညှိုးလေးထိုး၍ စစ်ဆေးဟန် မေး၏။

" ဒါဖြင့် . . . ကိုကို အင်းယား သွားနေတာပေါ့ "

" ဟုတ်တယ်လေ . . . "

" ဟော . . . ပေါ်ပြီ။ တစ်ခါတည်း ပေါ်တာပဲ၊ အင်းယားဆိုတာ မိန်းကလေးဆောင်ပြောတာ။ ပြော . . . ဘယ်သူနဲ့ သွားတွေ့နေလဲ "

ကျွန်တော်က သဘောကျ၍ ရယ်နေ၏။ လှိုင်ကသာ ကျွန်တော့်လက်မောင်းကို မနာအောင် လိမ်ဆွဲနေ၏။

ကြိုင်က ခိုင့်ကို လှမ်းတောင်းပန်သည်။

" အတော်ပဲ . . . မောင်ရှိတုန်း . . . ခိုင် . . . နံ့သာနီတောင် တီးပါလား . . . မောင်က ဆိုပေးနော် "

လှိုင်က နှာခေါင်းရှုံ့၍ ဝင်ဝေဖန်သည်။

" ဟင် . . . မမကြိုင်ကလည်း မယ်သီလရှင် သီချင်းကြီး . . . ။ ကိုကို . . . နှစ်ကိုယ်သစ္စာဆိုပါ . . . "

ခိုင်က ကျွန်တော့်ကို လှမ်းကြည့်သည်။

" ကဲ . . . ခိုင် တီးပါ။ မောင်က ကြားထဲက သီချင်းဆိုမယ် " နံ့သာနီတောင်၊ နှစ်ကိုယ်သစ္စာတို့မှာ အလိုက်အသွား တူ၍ စာသားကွဲသော ပတ်ပျိုးလေးများဖြစ်သည်။

နံ့သာနီတောင်က နိဗ္ဗန္ဒတေး၊ နှစ်ကိုယ်သစ္စာက သစ္စာတိုင်၊ အဓိပ္ပာယ် တောင်နှင့်မြောက် ခြားသည်။ အခြားအလိုက်တူ အသွားတူမှာ ပဟိုမြွက်သံဖြစ်၍ ဆောင်းဘွဲ့တည်း။ အလွမ်းဘက်သို့မူ အနည်းငယ်ယိုင်သည်။

ခိုင်က အောက်ပြန်သံစဉ်ကို စမ်းပြီး ပတ်ပျိုးအတွက် ခင်းပေးသည်။ ကျွန်တော်က ဆိုရ၏။

" ပဟိုမြွက်သံ၊ တစ်ကိုယ်စက်ရန်၊ ညှင်းလေးကထန်၊ ယုန်ပျံလေ ပဝင်း . . . ၊ ရွှေလမင်း . . . နဝင်းလဲ့လဲ့သာကြူ တည့်မွန်းလ သီတဂူ . . . " မတီးမဆိုရသည်မှာ ကြာသဖြင့် ယခုဆိုရသည်မှာ အရသာရှိလှသည်။ ပတ်ပျိုးကို စောင်းနှင့်ဆိုရသည်မှာအလိုလို အသက်ဝင်လာသည်။

နေဝင်၍ လထွက်ခဲ့ပြီဖြစ်သော မိုးနှောင်းည ကောင်းကင်ပြင်ကို ငေးရင်း နားထောင်ခိုက်၊ အတွေး နယ်ချဲ့နေဟန်ရှိသော ကြိုင့်အား မြင်ရသည်မှာ လွန်ခဲ့သော ကိုးနှစ်ကျော်မှ လသာသာ ညတစ်ညကို ပြန်လည် အောက်မေ့ဖွယ်ပင်ဖြစ်သည်။

" စန္ဒကူးဇောတနံ့နှင်း၊ ဆောင်းလောသာပြတင်း၊ ယောက်ချင်းခုထထိုင်၊ မြကေခိုင်မင်လုံး၊ ဇင်ကုံးက ထုံလို့သာ . . . ကြိုင် "

ထိုညက ခိုင်တို့အိမ်မှ ပြန်လာသောအခါ ဘာကြောင့်မသိ။ ကျွန်တော့်ရင်တွင် ဆွေးဆွေးမြွေမြွေရှိနေသည်။ ကျွန်တော့်ဘေး၌ ငြိမ်းမောင်ကလည်း ပထဝီကသိုဏ်းဆင်မြန်းလာသည့်ဟန် မြေပြင်ကို မမှိတ်မသုန် ရှုကြည့်ရင်း လိုက်ပါလာ၏။

တိတ်ဆိတ်ခြင်းကို ကျွန်တော်က စတင်ဖြိုခွင်းသည်။

" ဒီညမှာ ငါမယုံချင်တာတွေကို ယုံလိုက်ရတယ် ငြိမ်းမောင် . . . ။ ယုံလိုက်ရတယ် ဆိုပေမယ့် ငါ့စိတ်ထဲမှာ မချမ်းသာဘူး "

ငြိမ်းမောင်က ရယ်သည်။ လည်ချောင်းနှင့် ရင်ဖြင့်ပင်ရယ်သည်။ ထို့နောက် အဘိဓမ္မာဆန်စွာဆို၏။

" မယုံချင်တာ ယုံလိုက်ရတယ်။ ဒီစကားကို သိပ်ကြိုက်တယ် သူငယ်ချင်း။ လူ့ဘဝဆိုတာဟာများသောအားဖြင့် မယုံချင်တာကို ယုံနေတာပဲ။ တစ်နည်းအားဖြင့်တော့လည်း ဖြစ်နေတာကို မဖြစ်လို့မြင်ပြီး မဖြစ်တာကိုလည်း ဖြစ်လာလေမှာလို့ လှည့်စားနေရခြင်းပဲ။ ဒီပညာမှ မတတ်ရင်လည်း ဘဝကို ဘယ်သူမှ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး "

ကျွန်တော် ငြိမ်းမောင်ကို လှည့်ကြည့်မိ၏။ ခန့်ညားရုံမက လေးနက်သော သူ့စကားကြောင့် ပထမဆုံးသူ့ကို အထင်ကြီးမိခြင်းဖြစ်၏။

" ငြိမ်းမောင် . . . ။ မင်းရဲ့စကားကို ဒီတစ်ခါတော့ ပဟေဠိလို့ ငါ မခေါ်ချင်ဘူး သူငယ်ချင်း။ ဒါပေမယ့် မေးခွန်းတစ်ခုတော့ ပြန်ထုတ်ချင်တယ်။ မယုံတာကို ယုံရတာဟာ ဘဝဓမ္မတာဆိုတာ အခု ငါ မယုံချင်တာတွေဟာ အမှန်တွေပေါ့ ဟုတ်လား"ငြိမ်းမောင်က ခေါင်းခါသည်။

"ဒီလိုတော့ မဟုတ်ဘူး သူငယ်ချင်း။ လူတွေဟာ ဘာကြောင့် အမှားနဲ့ အမှန်ဆိုတာကို အလွယ်တကူဆုံးဖြတ်သိချင်ယောင်ဆောင်နေကြသလဲ။ သိပ္ပံပညာရဲ့ သစ္စာတရားဆိုတာတွေတောင် တစ်ထစ်ချ အမှန်မဖြစ်တော့တဲ့ခေတ်မှာ လူမှုရေးရာနဲ့ အသည်းနှလုံးကိစ္စမှ အဆုံးသတ်ပရမတ်ကို မြင်တယ်ဆိုတဲ့ ကိုယ့်ကိုယ်ကိုခန့် ဒိသာပါမောက္ခတွေ ဘာကြောင့် ဒီလောက်ပေါများနေသလဲ "

" ဘာလဲ သူငယ်ချင်း၊ ကိုမြင့်ဟန်တို့ကို မင်းက ကိုယ့်ကိုယ်ကိုခန့် ဒိသာပါမောက္ခလို့ ဆိုလိုသလား "

" မောင်ဘာကို အဓိပ္ပါယ်ကောက်နေသလဲ။ တို့ မူအကြောင်း ပြောနေကြတာ . . . ၊ လူတွေ ဝင်မရှုပ် သင့်ဘူး ထင်တယ် "

ကျွန်တော်က တောင်းပန်ရသည်။

" မင်းမှန်တယ် ငြိမ်းမောင် . . . ငါ့ကိုယ်ငါ တိမ်မှန်းအခုမှ သဘောပေါက်မိတယ်။ ပြန်ပြီး ဒီလိုမကြည့်ပါနဲ့ သူငယ်ချင်း။ ငါနောက်နေတာ မဟုတ်ဘူး။ မင်း . . . အင်ဂျင်နီယာရင်း မယူဘဲ ယထာဘူတပညာဘက် လိုက်သင့်တယ် ထင်တယ်၊ ဘယ့်နှယ်လဲ " ငြိမ်းမောင်က ရယ်သည်။

" မင်းက တကယ်ချီးမွမ်းတယ်ဆိုရင်တော့ . . . ငါ ဂုဏ်ယူပါတယ်။ ဒါပေမယ့် သိပ်ဘဝင်မမြင့်ခင် အာရေဗျ ပုံပြင်တစ်ခုကို ငါ သွားသတိရမိတယ် . . . "

" ဆိုပါဦး "

" တစ်ရံရောအခါက မိုးကောင်းကင်တစ်ခုလုံးကို နှံ့စပ်သိမြင်တဲ့ နက္ခတ္တဗေဒပညာရှင်ကြီးတစ်ဦးရှိသတဲ့။ တစ်ညမှာ ဒီပုဂ္ဂိုလ်ကြီးဟာ ကြယ်တာရာတွေရဲ့ သွားလမ်း၊ လာလမ်းကို မျှော်ငေး လေ့လာမှတ်သား၊ လမ်းလျှောက်ရင်း ရေတွင်းတစ်ခုထဲ ကျသွားသတဲ့။ ပညာရှင်ကြီးဟာ ကယ်ပါ ယူပါ တစာစာ အော်နေတုန်း၊ အစာရှာလာတဲ့ မြေခွေးက အကျိုးအကြောင်း မေးတော့ နက္ခတ္တဗေဒပညာရှင်ကြီးက သူဖြစ်ရပုံကို ဇာတ်စုံခင်းပြောသတဲ့ "

ငြိမ်းမောင်သည် စကားကို ခေတ္တရပ်၍ ရယ်မောသည်။ ငြိမ်းမောင်သည် သူ့စကားကို မည်သူပွဲကျရယ်သည် မရယ်သည် အမှုမထား။ နားထောင်သူရှိလျှင် ကျေနပ်၍ သူ့ဘာသာသူ ရယ်နေနိုင်သောလူစားမျိုးဖြစ်၏။

ယခုလည်း သူ့ဘာသာသူ ရယ်၍အားရမှ စကားဆက်သည်။

" အဲဒီတော့ မြေခွေးက ဆိုသတဲ့ . . . ။ အသင် နက္ခတ္တဗေဒပညာရှင် . . . အသင်ဟာ မိုးပြင်ကိုတော့သိသည်၊ မြေပြင်ကိုတော့ မသိ။ ကြယ်တာရာကိုတော့ မြင်သည်၊ ရေတွင်းကိုတော့ မမြင်။ သင့်ကို ငါကယ်ရန်မလိုတော့ ဆိုပြီး ထွက်သွားသတဲ့။

အင်း . . . အင်း အင်း . . . အင့် . . . အင့် . . . "

မြေနီကုန်းဘက်မှ ကားသည် တက်လာနေ၏။

ကျွန်တော်က ငြိမ်းမောင်၏ ပုခုံးကို ကိုင်၍ မေးမိ၏။

" ငြိမ်းမောင် . . . မင်း ဘာတွေဆိုနေပြန်သလဲ။ ပဟေဠိတွေ ပြန်ဝှက်နေပြန်ပြီလား "

ငြိမ်းမောင်သည် သူ့ပုခုံးထက်မှ ကျွန်တော့်လက်ကို အသာအယာ ဖယ်ချသည်။

သူ့နောက်ဆုံးစကားမှာ ကျွန်တော့်နားတွင် စွဲထင်ရုံမက ရင်၌ အစဉ်ပဲ့တင်ထပ်နေ၏။

" ငါ ပဟေဠိ မဝှက်ပါဘူး သူငယ်ချင်း။ မှန်တာကို ဝန်ခံနေတာပါ။ ငါဟာ စင်စစ်တော့ ရေတွင်းထဲ ကျနစ်နေတဲ့ နက္ခတ္တဗေဒပညာရှင်တစ်ဦးပါ။ ဒါပါပဲ . . . ဟော ကားဆိုက်ပြီ။ မောင် ပြန်ပေတော့ . . . "

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**













# စိန်တလုံးသရက်သီးများအား ပြည်တွင်းဈေးကွက်တွင်သာ ဖြန့်ချိရောင်းချလျက်ရှိ

**ကျောက်ဆည် မေ ၂၀**

စိန်တလုံးသရက်သီးအများဆုံး စိုက်ပျိုးရာ ကျောက်ဆည်ခရိုင်တွင် စိန်တလုံးသရက်သီး ထွက်နှုန်းကျဆင်းခြင်းနှင့် ပြည်တွင်းဈေးနှုန်းမြင့်တက်နေမှုကြောင့် ယခုနှစ်သရက်သီးရာသီ စိန်တလုံးသရက်သီး တစ်ဆင့်မြင့်ထွက်ကုန်အဖြစ် သရက်အဆီ၊ သရက်ဖျော်ရည် ထုတ်လုပ်တင်ပို့ခြင်း၊ နိုင်ငံခြားဈေးကွက်သို့ Export တင်ပို့နိုင်ခြင်းမရှိသေးဘဲ ပြည်တွင်းဈေးကွက်ကိုသာ အသီးလိုက် ဖြန့်ဖြူးရောင်းချနေရသေးကြောင်း သရက်လုပ်ငန်းရှင်များနှင့် သရက်အစုအဖွဲ့များကပြောသည်။

"သရက်သီးကို Export လုပ်ဖို့ သုံးဖွဲ့လောက် လုပ်နေကြတယ်။ ဒါပေမဲ့ ဒီနှစ်က သရက်သီးက အထွက်နည်းတယ်။ ဝယ်မယ်ဆိုရင် ဈေးအမြင့်နဲ့ဝယ်ရမယ်။ ကိုယ်လည်းကိုက်မှာမဟုတ်ဘူး။ နိုင်ငံခြားကလည်း ဈေးမြင့်သွားတော့ နည်းနည်းတွန့်သွားတယ်။ အစက ဝယ်ဖို့ရောင်းဖို့တွေ အားလုံး စီစဉ်ထားတာပါ။ စိန်တလုံးသရက်သီးကတော့ Export မဖြစ်နိုင်လောက်တော့ဘူး။ နောက်ပိုင်း ဟသ်ာသီးတော့ ဖြစ်နိုင်တယ်" ဟု နိုင်ငံခြားသို့ Export တင်ပို့ရန် ဆောင်ရွက်နေသူ သရက်အစုအဖွဲ့ခေါင်းဆောင် ဒေါ်သန်းသန်းဆွေ (သဇင်နွယ်ခြံ) က ပြောပြသည်။

စိန်တလုံးသရက်သီးကို နိုင်ငံခြားသို့ Export တင်ပို့ရာတွင် အဓိကအားဖြင့် တရုတ်နိုင်ငံသို့သာ တင်ပို့လျက်ရှိပြီး အဆိုပါတင်ပို့မှုမှာလည်း အောက်လမ်း၊ တစ်

"ဒီနှစ်ရာသီမှာ တရုတ်ပြည်အပြင် တောင်ကိုရီးယားနဲ့ စင်ကာပူတို့ကိုပါ ပို့ဖို့စီစဉ်ထားပါတယ်။ အဲဒီနိုင်ငံတွေက ငွေပိုရတယ်။ ဒါပေမဲ့ စည်းကမ်းချက်တွေက များတယ်။ သရက်သီးကို သန့်စင်ပြီးပို့ဖို့လည်း သန့်စင်တဲ့ပိုးသတ်တဲ့စက်တွေက နေပြည်တော်နဲ့ မန္တလေးက ထုံးဖိုမှာရှိတယ်။ ကိုယ့်ကားနဲ့ကိုယ် အကုန်အကျခံ စုပေါင်းသယ်ပြီးလုပ်ဖို့အထိ စဉ်းစားတာ။ သရက်ကလည်း တစ်တန်ပို့မယ်ဆို ၁၀ တန်လောက် ဝယ်ရတာ။ အသီးက ဝယ်လို့ကိုမရလို့ မလုပ်နိုင်တော့တာ" ဟု ဒေါ်သန်းသန်းဆွေက ထပ်မံပြောသည်။

စိန်တလုံးသရက်သီးများ အဓိကထွက်ရှိသည့် ကျောက်ဆည်နယ်တွင် သရက်သီးမှ တစ်ဆင့်မြင့်ထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ရန် ငွေကြေးအရင်းအနှီးနှင့် နည်းပညာ၊ သရက်စိုက်တောင်သူများ၏ စိတ်ပါဝင်မှု နည်းနေသေးသောကြောင့် ထုတ်လုပ်နိုင်ခြင်းမရှိသေးဘဲ အမှည့်လွန်အသီးများကို သရက်ပြားသာ ဆောင်ရွက်နိုင်သေးကြောင်း သိရသည်။

ကျောက်ဆည်နယ်ရှိ ဟံမြင့်မိုရ် စိန်တလုံးသရက်သီးသည် အရသာကောင်းမွန်သောကြောင့် ပြည်တွင်းဈေးကွက်တွင် နာမည်ရကာ ရောင်းချရမှုကောင်းသော်လည်း နိုင်ငံခြားတင်ပို့ရန်အတွက်မူ အဆက်အသွယ်နှင့် အရင်းအနှီးများ လိုအပ်နေသေးကြောင်း သိရသည်။

"ကျွန်တော်တို့ဆီကို မနှစ်က ဂျပန်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်နဲ့ အဖွဲ့အစည်းတွေလာပြီး သုတေသနပြုကြ



## စိန်တလုံးသရက်သီးကို မှာယူလိုသည့် နိုင်ငံအများအပြား ရှိသော်လည်း အရည်အသွေးကန့်သတ်ချက် . . .

နည်းအားဖြင့် နယ်စပ်ကုန်သွယ်ရေးမှ ပို့ဆောင်လျက်ရှိသောကြောင့် ဈေးကောင်းရရှိရန်အတွက် ယခုနှစ် သရက်သီးရာသီတွင် လေကြောင်းမှ တရုတ်ပြည်အတွင်း အနှံ့ပို့ဆောင်ရန် ဆောင်ရွက်ခဲ့သော်လည်း အထွက်နှုန်းကျဆင်းကာ ဈေးနှုန်းမြင့်မားမှုကြောင့် ယခုအချိန်ထိ တင်ပို့နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

တယ်။ သူတို့နည်းပညာနဲ့လုပ်တယ်။ သရက်သီးကနေအဆင့်မြင့် ထွက်ကုန်တွေလုပ်ဖို့ သူတို့လေ့လာကြတယ် ကုန်ကြမ်းလုံလောက်အောင်ရရှိရေးတွေ၊ ဈေးနှုန်းတွေမေးတယ်။ နောက်ပိုင်းဘယ်လိုတွေဖြစ်လို့ မလုပ်ဖြစ်လဲ ကျွန်တော်လည်း မသိဘူး။ သရက်သီးကို နိုင်ငံခြားတင်ပို့ဖို့ဆိုရင် အရည်အသွေးမီအောင် လုပ်ဖို့လိုတယ်။ တောင်သူတွေလည်း စိတ်ပါဝင်စားဖို့လိုတယ်။ တောင်သူတွေ တွက်ခြေကိုက်ဖို့လည်း လိုတယ်။ တောင်သူတွေကတော့ သူတို့အတွက် အကျိုးအမြတ်ရရင် လုပ်မှာပဲ" ဟု ဟံမြင့်မိုရ်ကျေးရွာ စိန်တလုံးသရက်နှင့် ပျိုးပင်များရောင်းချသူ ဦးစန်းထွန်းဦးက ပြောသည်။

ယခုအချိန်တွင် စိန်တလုံးသရက်သီးကို ကျောက်ဆည်နယ်မှ အဓိကထွက်ရှိနေသော်လည်း နှစ်အနည်းငယ်အတွင်းမှစတင်ကာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် အများအပြား စိုက်ပျိုးလာသောကြောင့် စိန်တလုံးသရက်သီး အလုံးအရင်းနှင့် ထွက်ရှိလာမည်ဖြစ်သဖြင့် Export အရည်အသွေးပြည့်မီသော အသီးများဖြစ်ရေးနှင့် တစ်ဆင့်မြင့်ထွက်ကုန်အဖြစ် သရက်သီးအဆီ၊ ဖျော်ရည်တို့ကို ကုန်ကျစရိတ်သတ်သာစွာဖြင့် ထုတ်လုပ်ရန်အတွက် ယခုကတည်းက ဆောင်ရွက်သွားရမည်ဟု သရက်စိုက်တောင်သူများကပြောသည်။

မြန်မာနိုင်ငံမှထွက်ရှိသော စိန်တလုံးသရက်သီးကို မှာယူလိုသည့် နိုင်ငံအများအပြားရှိသော်လည်း အရည်အသွေးကန့်သတ်ချက်များ ပြည့်မီမှုသာ လက်ခံရယူလျက်ရှိသောကြောင့် တရုတ်နိုင်ငံသို့သာ အောက်လမ်းမှ အဓိကတင်ပို့နေရကာ သရက်စိုက်တောင်သူများ အကျိုးအမြတ် ဖြစ်ထွန်းသင့်သလောက်မဖြစ်ပဲ တစ်ဆင့်မြင့်ထွက်ကုန်များအဖြစ် ကြာရှည်ခံသိမ်းဆည်းထားနိုင်သည့် သရက်အဆီ၊ သရက်ဖျော်ရည်များ ထုတ်လုပ်ရန်အတွက်လည်း ဒေသတွင်းတွင် လိုအပ်ချက်များစွာ ရှိနေသေးကြောင်း ကျောက်ဆည်ခရိုင်အတွင်းရှိ သရက်စိုက်တောင်သူများကပြောသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**









# အောင်ချမ်းသာကျေးရွာသစ်ကို တရားဝင်ကျေးရွာအဖြစ် သတ်မှတ်ပေးရန် ဒေသခံများလိုလား

**မိုးညှင်း မေ ၂၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ ချောင်းဝကျေးရွာအုပ်စုနှင့် လုံးစန့်ကျေးရွာအုပ်စုအကြား မနခေါကျေးရွာနှင့် ချောင်းဝကျေးရွာတို့ကို ဆက်သွယ်ပြီး အသစ်ဖောက်လုပ်ထားသည့် အင်းတော်ကြီးအင်းအရှေ့ဘက်ကမ်း ကန်ပတ်လမ်းကြီးပေါ်တွင် အသစ်တည်ထားသည့် ကျေးရွာတစ်ရွာဖြစ်ပြီး တရားဝင် အသိအမှတ်ပြုကျေးရွာအဖြစ် သတ်မှတ်ပေးရန် ဒေသခံကျေးရွာသူ၊ ကျေးရွာသားများက လိုလားလျက်ရှိကြောင်း သိရသည်။

အောင်ချမ်းသာကျေးရွာသစ်ကို ချောင်းဝဆရာတော်ဦးတေဇနိယ၏ ဆုံးမဩဝါဒခံယူကာ ချောင်းဝကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ဌေးမှ တစ်ဆင့် မြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ အောင်ချမ်းသာကျေးရွာ အမည်ပေါက် သတ်မှတ်ပေးရန် တင်ပြခဲ့ပြီးဖြစ်သည်။

ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းသစ်၊ လူငယ် ဘောလုံးကွင်းတို့ကို တည်ဆောက်ခဲ့ပြီး၊ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်နိုင်ရန် ပန္နက်တိုင်များစိုက်ထူပြီး ဆက်လက်ဆောက်လုပ်သွားမည်ဖြစ်သည်။

ယင်းကျေးရွာသစ်တွင် အိမ်ထောင်စု ၄၅ စု လူဦးရေ ၂၄၀ ဦးခန့်နေထိုင်လျက်ရှိပြီး ကျေးရွာတစ်ရွာ၏ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီသော်လည်း သက်ဆိုင်ရာမှ တရားဝင်ကျေးရွာအဖြစ် သတ်မှတ်မပေးသေး၍အခက်အခဲနှင့် ကြုံတွေ့နေကြရကြောင်း အောင်ချမ်းသာကျေးရွာမှ ဦးမောင်ညိုက ပြောပြသည်။

"ကျွန်တော်တို့ ကျေးရွာကို အောင်ချမ်းသာကျေးရွာလို့ အမည်ပေးထားပါတယ်။ ကျေးရွာစတင်တည်ထောင်စဉ်က အိမ်ထောင်စု ၇၁ စု ရှိခဲ့ပေမယ့် သက်ဆိုင်ရာက တရားဝင်ကျေးရွာအဖြစ် သတ်မှတ်မပေးလို့ အိမ်ထောင်စု ၂၆ စုက ပြန်လည်ပြောင်းရွှေ့သွားကြပါတယ်။ ကျွန်တော်တို့ ကျေးရွာမှာ အိမ်ထောင်စုတစ်စုကို လယ်မြေဧက ၁၀ ဧကကနေ ၁၅ ဧကအထိ ပိုင်ဆိုင်ကြပါတယ်။ တချို့ဆို ဧက ၃၀ အထိ ရှိကြပါတယ်။

"အရင်ကဆို ဒီနေရာမှာ မြေလွတ် မြေရိုင်းတွေ ကိုင်းပင်တွေပဲရှိတာပါ။ အခုတော့ ကျွန်တော်တို့ အောင်ချမ်းသာကျေးရွာအပါအဝင် ချောင်းဝကျေးရွာအုပ်စုအတွင်းက ကျေးရွာများကပါ လယ်ယာမြေအသစ်တွေ ဖော်ထုတ်ကြတာ ဧကတစ်သောင်းကျော်ရှိနေပါပြီ။ ကျွန်တော်တို့ အောင်ချမ်းသာကျေးရွာသစ်ဟာ ယခုအသစ်ဖောက်လုပ်နေတဲ့ အင်းတော်ကြီးအင်းအရှေ့ကမ်း ကန်ပတ်လမ်းဖြတ်သန်းသွားရာ မနခေါရွာနဲ့ ချောင်းဝရွာအကြားမှာ တည်ရှိပါတယ်။

"လမ်းပန်းဆက်သွယ်ရေးလည်း အဆင်ပြေတယ်။ စိုက်ပျိုးရေးအတွက်လည်း မြေရှိတယ်ဆိုတော့ ရေကန်အသင့် ကြာအသင့်နဲ့ နေချင်ဖွယ် ကျေးရွာတစ်ရွာဖြစ်တာမို့ သက်ဆိုင်ရာ တာဝန်ရှိသူတွေက တရားဝင် အသိအမှတ်ပြုပြီး ရွာအဖြစ် သတ်မှတ်ပေးဖို့ဒေသခံရွာသူ၊ ရွာသားတွေက လိုလားနေကြပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

**နီတိုး**

## နတ်မောက်တွင် သောက်သုံးရေပေးဝေခြင်းများ ဆောင်ရွက်

**နတ်မောက် မေ ၂၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပိတောက်ငုတ်ရွာကြီးကျေးရွာ၌ နေထိုင်သော အိမ်ခြေ ၂၈၆ ရှိ လူဦးရေ ၁၂၈၄ ဦးတို့သည် သောက်သုံးရေခက်ခဲနေ၍ မြို့နယ်အုပ်ချုပ်ရေးမှူး၏လမ်းညွှန်မှုဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မေ ၁၈ ရက် နံနက် ၁၁ နာရီက ဂါလန် ၁၆၀၀ဆံ့ မြို့နယ်မီးသတ် ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများဖြန့်ဝေ ပေးခဲ့ကြောင်းသိရသည်။

ပြည်သူများမှ ရေစည်လှည်းများ၊တစ်ပိုင်တစ်နိုင် ရေသယ်ယာဉ်များဖြင့်သယ်ယူကြပြီး သုံးမိုင်ခန့်ကွာဝေးသည့် ပိတောက်ငုတ်ရွာ၊ လေးကျေးရွာရှိ စက်ရေတွင်းသို့ သောက်သုံးရေများ လာရောက်သယ်ယူနိုင်ရန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ဦးစီးမှူးက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ **လှဝင်း**



## မိုးကြိုကာလ ဝါး၊ ဓနိ၊ သက်ငယ်များ ရောင်းအားကောင်းလျက်ရှိ

**နေပြည်တော် မေ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်တွင် မိုးကြိုကာလဖြစ်သော ယခုအချိန်၌ လူနေအိမ်မျိုးစုံ အသစ်တဖန် ပြန်လည် ဆောက်လုပ်နေခြင်းကြောင့် ဝါး၊ ဓနိ၊ သက်ငယ်များ ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

ဝါးဈေးနှုန်းမှာ ကြသောင်းဝါးကြီး တစ်လုံးလျှင် ကျပ် ၆၀၀နှင့် ကြသောင်းဝါးသေး တစ်လုံးလျှင် ကျပ် ၂၅၀ မှ ကျပ် ၃၀၀ အထိရှိနေကာ သောက်ရေသုံး ငြမ်းဆင်သည့်ထီးရိုးဝါးမှာ ကျပ် ၁၁၀၀ အထိ ဈေးရရှိနေကာ ဝယ်လိုအားကို အကောင်းဆုံး မဖြည့်ဆည်းနိုင်သေးကြောင်းရောင်းချသူများကပြောသည်။

တစ်ဖက်တွင်လည်း ဝါးစိုက်ပျိုးထုတ်လုပ်သူ ရှားပါးနေခြင်းက ဝယ်လိုအားမြင့်တက်နေသော ယခုလိုအချိန်တွင် ဝါးဈေးကို မြင့်တက်သွားစေနိုင်ကြောင်း ဝါး၊ ဓနိ၊ သက်ငယ်ရောင်းချသော ဆိုင်များမှ ဆိုင်ရှင်များက ပြောသည်။

အပူဒဏ်သက်သာသော သက်ငယ်မိုးခြင်းများကြောင့် သက်ငယ်များလည်း ဈေးကောင်းရနေကြကြောင်း သက်ငယ် ၁၀၀ လျှင် ကျပ်တစ်သောင်းထိ ဈေးရကြောင်း သိရသည်။ **ရွှေရဲရင့်**

# မြင်းခြံ အ-ထ-က (၂) နှစ် ၅၀ ပြည့် ရွှေရတုမဂ္ဂဇင်း ထုတ်မည်

**နေပြည်တော် မေ ၂၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အခြေခံပညာအထက်တန်းကျောင်းအမှတ် (၂) ၏ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကိုအာစရိယပူဇော်ပွဲနှင့် ပူးတွဲကျင်းပမည်ဖြစ်ပြီ အထိမ်းအမှတ် မဂ္ဂဇင်းတစ်စောင်လည်းထုတ်ဝေသွားမည်ဟု အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရွှေရတုအထိမ်းအမှတ်ပွဲနှင့် သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ၂၆ ရက်တွင် ကျင်းပရန်စီစဉ်ထားသည်ဟု သိရသည်။

မြင်းခြံမြို့ အရှေ့အရပ်တွင် တည်ရှိသောကြောင့် မြို့ရှေ့ကျောင်းဟုလည်း ခေါ်ဝေါ်လေ့ရှိသော အဆိုပါ အထက်တန်းကျောင်း၏ အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ်ကတည်းက ကျင်းပလာခဲ့ရာ ယခုနှစ်သည် သတ္တမအကြိမ်မြောက်ဖြစ်ပြီး အထက်တန်းကျောင်းအဖြစ် သတ်မှတ်ခံရသည့် နှစ် ၅၀ နှင့် တိုက်ဆိုင်နေသောကြောင့် ရွှေရတုပွဲကို ပူးတွဲကျင်းပရခြင်းဖြစ်သည်။

ယမန်နှစ်က ကျင်းပခဲ့သောဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲတွင် စာပေဟောပြောပွဲများကိုပါ ထည့်သွင်းကျင်းပခဲ့ပြီး ယခုနှစ်တွင် ကျောင်းသားဟောင်းများ၏ မိတ်ဆုံစားပွဲနှင့် ကလေးသူငယ်များအတွက် ပျော်ပွဲရွှင်ပွဲများကိုပါ ထည့်သွင်းကျင်းပရန် အစီအစဉ်ရှိသည်ဟု သိရသည်။

ကော်မတီသည် ရွှေရတုအထိမ်းအမှတ် မဂ္ဂဇင်းတစ်စောင်လည်း ထုတ်ဝေမည်ဖြစ်ရာ စာမူများကိုမကြာမီဖိတ်ခေါ်သွားမည်ဟု သိရသည်။

မြင်းခြံအ-ထ-က (၂) ရွှေရတုပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီနာယက ဦးဌေးဝင်း ဖုန်း-၀၉၂၂၁၅၀၂၀၊ ဥက္ကဋ္ဌ ဦးစိုးမိုးမြင့် ဖုန်း-၀၉၄၀၂၇၄၇၀၇၁ တို့ကို ဆက်သွယ်စုံစမ်းနိုင်သည်။ **(ကြေးမုံ)**

လှိုင်မင်းလတ်
တာရင်းကိုင်သင်တန်း Nov Series / 2015
June-13 စမည်။
LCCI, MYOB, IFR

| Level I+II | သင်တန်းချိန် | Level III | |
| --- | --- | --- | --- |
| Sec(A) Sat+Sun | 7-9 (am) | Sec(A) Sat-Sun | 3-8 pm |
| Sec(B) Sat+Sun | 9-11(am) | Sec(B) Wed-to-Sun | 6-8 pm |
| Sec(C) Sun | 11-3(pm) | Sec(C) Tue-to-Fri | 9-12 am |
| Sec(D) Mon+Tue | 6-8 (pm) | ခုံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ | 09 510 9922 |
| Sec(E) Mon to Fri | 12-3(pm) | | 0979 510 9922 |
| Sec(F) Sat | 11-3(pm) | | 0997 510 9922 |
| Sec(G) Wed | 11-3(pm) | | |

၃၄ ၊ ၄ လွှာ၊ အင်းစိန်လမ်းမ၊ လှည်းတန်း ၊တဗာဂွတ်(လှည်းတန်းမှတ်တိုင်အနီး) 09 7313 6677

Trumpet Travels & Tours
May လရှိုးပိတ်ရက် အပန်းဖြေခရီးစဉ်များ
◆ ငွေဆောင် အပန်းဖြေ (V.I.P) ခရီးစဉ် (၇၅,၀၀၀ ကျပ်) May 29 (၁ညအိပ် ၂ရက်)
◆ ပြည် - ထုံးဘို(အကောက်တောင်) ခရီးစဉ် (၃၅,၀၀၀ ကျပ်) May 30 (နေ့ချင်း ပြန်)
◆ (2-45) ယောက်စီး ကားမျိုးစုံကိုလည်း ဈေးနှုန်းချိုသာစွာဖြင့်စိတ်တိုင်းကျ ငှါးရမ်းနိုင်ပါသည်။
Hot Line- 09 43089536, 09 250021676

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Asia-Pacific Broadcasting Union(ABU)တို့ ပူးပေါင်းစီစဉ်သည့် ABU Radio Song Festival 2015ကို ၂၀၁၅ခုနှစ်၊ မေလ ၂၉ရက် ညနေ၆နာရီမှ ၉နာရီအထိ ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ အာရှပစိဖိတ်ဒေသတွင်း နိုင်ငံများမှ တေးသံရှင်များနှင့် မြန်မာနိုင်ငံမှအနုပညာရှင်များ ပါဝင်သီဆိုကပြဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပါသည်။ ယခုလို မြန်မာနိုင်ငံတွင် ထူးထူးခြားခြားကျင်းပသည့် အထိမ်းအမှတ်ပွဲအား မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးကြရန်ဖိတ်ခေါ်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Tel:09 5188504 နှင့် ၀၆၇-၇၉၁၇၄၊ Fax:067-79205, email.irmrtv@ gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။




### ထိမ်းမြားလက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ်(၈)နေ
ဒေါက်တာ သန်းဌေး(သွားနှင့်ခံတွင်းအထူးကုဆရာဝန်ကြီး)-ဒေါ်လီနိုင်တို့၏သား
ကိုသူရရှိန်-ဒေါက်တာ မေစုမွန်(အရေပြားအထူးကုဆရာဝန်၊ မအူပင်ပြည်သူ့ဆေးရုံကြီး)တို့၏မောင်
**မောင်ကျော်ဇေယျ** B.A (English)
နှင့်
ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မေသူအိမ်ရာ၊ တိုက်(စီ)၊ အခန်းအမှတ်(၁၀၁)နေ
ဦးကျော်ကျော်စိုး(Offshore Drilling Engineer, Daewoo E&P)-ဒေါ်ခင်နွဲ့ကြည်(အကြီးတန်းလိုင်စင်အင်ဂျင်နီယာ၊ Y.C.D.C)တို့၏ သမီးကြီး
မမိုးမိုနိုင်(Cost & Progress Analyst -NSN )၊ မကြည်သာစိုး(Final Year, B.E (Civil) WYTU)တို့၏အစ်မ၊
**မယဉ်ယဉ်ဦး**
**M.A (English) (Thesis) YU, B.Sc (Physics)**
**Diploma in English (YUFL), A.G.T.I (Civil)**

တို့၏ ၂၅-၃-၂၀၁၅ ရက်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် လက်ထပ်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမျိုးမြင့်၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးကြပါသော ဒေါက်တာ ဦးသန်းဌေး(သွား နှင့်ခံတွင်းအထူးကုဆရာဝန်ကြီး)၊ ဒေါ်ကြည်ကြည်နွဲ့(အ. ထ. ပြ(ငြိမ်း))တို့အားလည်းကောင်း၊ ၁-၅-၂၀၁၅ ရက် YUZANA GARDEN HOTEL ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ဆင်မြန်းပေးပါသော ပါမောက္ခ ဒေါက်တာ ဦးသိန်းကြူ(ပါမောက္ခချုပ်(ငြိမ်း) သွားဖက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်))နှင့်ဇနီး ဒေါ်အေးအေး၊ မင်္ဂလာလက်ထပ်လက်စွပ်များဆင်မြန်းပေးပါသော ဦးဝင်းမောင်(ညွှန်ကြားရေးမှူး(ငြိမ်း)ဆည်မြောင်း ဦးစီးဌာန)၊ ဒေါ်ကြည်ကြည်နွဲ့(အထပြ(ငြိမ်း))တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးပါသော မသဇင်သဲစုအေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဇန်းများ ကိုင်ဆောင်ပေးပါသော မမိုမိုနိုင်နှင့် မကြည်သာစိုး၊ သတို့သားအရံ ကိုရဲမင်းထွဋ်နှင့် သတို့သမီးအရံ မနေခြည်စိုးလွင်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော The Aces အဖွဲ့၊ မင်္ဂလာအခါတော်ပေးတေးသံရှင် ဒေါ်စိမ်းမိုမို့ လက်ဝတ်ရတနာများနှင့် မင်္ဂလာဝတ်စုံများ ဆင်မြန်းပေးပါသော Wedding Palace အဖွဲ့၊ မိတ်ကပ်နှင့်ဆံပင်အလှ လင်းလင်း(Artist)နှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗွီဒီယိုမိုးကိုဦးနှင့်အဖွဲ့၊ မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှကူညီပေးပါသော YUZANA GARDEN HOTEL မှ Manger နှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေး ကြပါသော နှစ်ဖက်သောဆွေမျိုးများ၊ သူငယ်ချင်းများ၊ ရပ်နီးရပ်ဝေးမှ မိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ဇေယျ+မယဉ်ယဉ်ဦး

ဆောင်းပါး

# အမှိုက်ပစ်သညာလေ့လာအတုယူစရာ

**à သန့်ဇင်ဝင်း**

သတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍတွင် 'ရေမြောင်းတွင်းအမှိုက်များရှင်းပေးစေလို၊ အမှိုက်ပုံမှ အနံ့ဆိုးများ မခံနိုင်' စသည်ဖြင့် ပေးစာသတင်းများ မကြာခဏဖတ်မိရပါသည်။ စဉ်းစားမိသည်က ဒီအမှိုက်တွေကို ဘယ်သူတွေကများ လာစွန့်လို့ပါလိမ့်။

ပလတ်စတစ်အိတ်ကင်းစင်ဇုန် ပဲခူးမြို့တွင်လည်း ၂၀၁၂ ခုနှစ်ကတည်း စတင်ပြုလုပ်ခဲ့ပါသည်။ ပစိဖိတ်သမုဒ္ဒရာထဲတွင် Plastic Change အဖွဲ့က ရေနမူနာများယူကာ စမ်းသပ်လျက်ရှိရာ ရေနေသတ္တဝါများသည် ပလတ်စတစ်များအစိုင်အခဲများကိုစားမိပြီး ၎င်းတို့၏အစာချေစနစ်များထိခိုက်၍ သေစေနိုင်ကာ မျိုးတုံ့စေနိုင်ကြောင်း၊ သွားပွတ်တံ၊ ကော်ရုပ်များ၊ ကလေးကစားစရာများ၊ အိမ်သုံးပစ္စည်းများ ပလတ်စတစ်စွန့်ပစ်မှုတွင် ပါဝင်နေကြောင်း Plastic Change က ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် အစားအသောက်ထုတ်ပိုးမှုစနစ်သည် နိမ့်ကျနေသေးသည်ဟု ဖွံ့ဖြိုးသည့်နိုင်ငံမှ ပညာရှင်တချို့ကပြောသည်။ 'တချို့အစားအစာများကို ထုတ်ပိုးထားသည်က များများ၊ စားရသည်က နည်းနည်း၊ အမှိုက်တွေရောင်းနေသလိုပဲ' ဟု စားသုံးသူတချို့က ဆိုသည်။ အဆင့်မြင့်ထုတ်ပိုးရောင်းချသည့် နိုင်ငံများတွင် ပဲနို့ကဲ့သို့ အရည်များကို ပလတ်စတစ်ဗူးများအစား သဘာဝပတ်ဝန်းကျင် မထိခိုက်သော စက္ကူသားဖြင့်သာ အဆင့်မြင့် ထုပ်ပိုးရောင်းချနေကြသည်။ သို့သော် ထိုစက်ပစ္စည်းများသည် ဈေးကြီးသဖြင့် မြန်မာပြည်တွင် မထုပ်ပိုးနိုင်သေးပေ။

စင်္ကာပူနိုင်ငံလမ်းမပေါ် မြန်မာစာရေးဆရာတစ်ဦးလမ်းလျှောက်ရင်း သကြားလုံးခွံကလေး စွန့်ပစ်ရာ ကလေးငယ်မှ လက်စွဲမေးငေါ့ကာ အမှိုက်ပုံးကို လက်ညှိုးထိုးပြ၍ ပြန်ကောက်ထည့်ခိုင်းခဲ့သည်။ ဂျပန်နိုင်ငံတွင် မူလတန်းများတွင် အမှိုက်စွန့်ပစ်နည်းနှင့် အခြေခံလူမှုနိတိများကိုသာ သင်ကြားပေးသည်ဟု ရန်ကုန်မြို့တော်စည်ပင်အရာရှိတစ်ဦး သွားရောက်လည်ပတ် လေ့လာမှုအရ သိရသည်။

'သူတို့ဂျပန်နိုင်ငံမှာ အမှိုက်ကို သေချာပစ်တဲ့အလေ့အကျင့်ရှိတယ်။ ငယ်ငယ်ကတည်းက ကလေးတွေကို သင်ပေးထားတာ။ အမှိုက်စို၊ အမှိုက်ခြောက်၊ မီးလောင်လွယ်တဲ့အမှိုက်ဆိုပြီး ခွဲခြားထားတယ်။ ထမင်းကိုစွန့်ပစ်မယ်ဆိုရင်တောင် ရေသေချာဆန်ကာနဲ့စစ်ပြီးမှ စွန့်ပစ်တာ' ဟု သွားရောက်လေ့လာခဲ့သူက ပြောသည်။ ထို့ကြောင့် မြန်မာလူမျိုးများ အမှိုက်ပစ်သညာလေ့လာရပေဦးမည်ဖြစ်သည်။

အမှိုက်စနစ်တကျပစ်နိုင်ရေး ဆုပေး၊ ဒဏ်ပေးစနစ်ဖြင့် လုပ်ဆောင်သွားရန် အစီအစဉ်များရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာမှ တာဝန်ရှိသူကပြောခဲ့သည်။ ဥပမာ-စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူကို ဒဏ်ကြေးဘယ်လောက်၊ စည်းကမ်းမဲ့နေရာ အမှိုက်ပစ်သူကို တွေ့ရှိတိုင်ကြားသူအား ဆုကြေးအဖြစ် အဆိုပါဒဏ်ကြေးငွေများထဲမှ ချီးမြှင့်သွားမည်ဟုလည်း သိရသည်။

ရန်ကုန်မြို့တော်တွင် လူဦးရေတိုးတက်များပြားလာသည်နှင့်အမျှ အမှိုက်များကို စနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများကို ပိုမိုထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေး၊ ရန်ကုန်မြို့တော်ကြီး အမြဲသန့်ရှင်းသာယာလှပစေရေးအတွက် ပြည်သူလူထုနှင့် သက်ဆိုင်ရာတို့ ပူးပေါင်းဆောင်ရွက်စေရန် ရည်ရွယ်၍ 'သန့်ရှင်းရမည်၊ စိမ်းလန်းရမည်၊ တောက်ပရမည်' ဟူသည့်ဆောင်ပုဒ်နှင့်အညီ ဇန်နဝါရီ ၇ ရက်၌ အသန့်ရှင်းဆုံးမြို့နယ်ဆုနှင့် သန့်ရှင်းရေးစွမ်းဆောင်ရည်ဂုဏ်ပြုဆုအား ဆုချီးမြှင့်ပေးခဲ့ကြောင်း ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်မှ ပြောကြားခဲ့သည်။

မေ ၁၈ ရက်မှ ဇွန်လအထိ ပုဂ္ဂလိက အဆင်မြင့်အမှိုက်သိမ်းကုမ္ပဏီနှစ်ခုအား ရန်ကုန်မြို့နေပြည်သူတို့၏ ကြိုက်နှစ်သက်မှုရှိ-မရှိ သိရစေရန် အစမ်းကာလသိမ်းဆည်းသွားစေမည်ဖြစ်ပြီး ပုဂ္ဂလိကသို့လွှဲပြောင်းပြီးပါက အမှိုက်သိမ်းခကိုလည်း နှစ်ဆကျော် တိုးမြင့်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် နေ့စဉ်ထွက်ရှိသည့်အမှိုက် တန်ချိန် ၁၆၅၀ ကျော်ကို လောင်စာအဖြစ် အသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်ကာ ဓာတ်အားဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း YCDC ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ထိန်းသိမ်းရေးဌာနမှူးထံမှ သိရသည်။

ဩစတြေးလျတွင် ပန်းခြံများအတွင်း အပန်းဖြေပြီးနောက် အမှိုက်များထားခဲ့ခြင်းမပြုကြ၊ ပန်းခြံထဲမှ အရာများကိုလည်း ယူဆောင်ခြင်းမပြုရဟု စည်းကမ်းများသတ်မှတ်ထားသည်ဟု မြန်မာနိုင်ငံတွင်လာရောက်တာဝန်းထမ်းဆောင်သူ သဘာဝပတ်ဝန်းကျင်သတင်းဆရာမ မစ္စကလဲက ပြောသည်။


လျှပ်စစ်ဓာတ်အား ကုန်ကြမ်းအမှိုက်များအား ရန်ကုန်မြို့ပြတစ်နေရာရှိ ရေမြောင်းထဲတွင် တန်ဖိုးမဲ့စွာစွန့်ပစ်ထားသည်ကို တွေ့မြင်ရစဉ်။

အမေရိကန်နိုင်ငံတွင်လည်း ဆောင်းရာသီ၌အိမ်ရှေ့တွင်ရှိသော ဆီးနှင်းများကို စည်ပင်မှ အခကြေးငွေဖြင့် ရှင်းပေးရပြီး လမ်းစည်ပင်မှ ရှင်းလင်းချိန်မရောက်သေးမီ လမ်းသွားလမ်းလာများ ချော်မလဲစေရန် အိမ်ရှင်မှ တာဝန်ယူရှင်းပေးရသည့် အလေ့အကျင့်ရှိပါသည်။ အိမ်ရှေ့ဆီးနှင်းများတွင် တစ်စုံတစ်ဦး လဲချော်မှုဖြစ်လာပါက အိမ်ရှင်မှ ပေးလျော်ပေးရသည့် စည်းကမ်းများရှိကြောင်း အမေရိကန်တွင် ၁၀ နှစ်ကျော် နေထိုင်ဖူးသူ ဒေါ်မေခင်ဇော်က ပြောဖူးသည်။ မြန်မာ့ကျေးလက်ဒေသတချို့တွင် စည်ပင်သာယာမရှိဘဲ မိမိအိမ်ရှေ့မိမိအသိဖြင့် ရှင်းလင်းကြသည်။

ရန်ကုန်မြို့လမ်းဘေး ပလက်ဖောင်းများတွင် ကွမ်းတံတွေးများ စည်းကမ်းမဲ့ထွေးကြသဖြင့် ဖြူ နီ၊ ဝါကျား အမှတ်အသားများပင် မြင်သာထင်သာမရှိတော့သဖြင့် သန့်ရှင်းရေးလုပ်သားများက ရေဆေးတိုက်ချွတ်ကြရပြန်သည်။ စည်းကမ်းတကျစွန့်ပစ်ခြင်းဖြင့် ကိုယ်ချင်းစာစေချင်သည်။

ရန်ကုန်မြို့လယ်ခေါင်များတွင်လည်း စည်းကမ်းမဲ့အမှိုက်ပစ်သူများကို CCTV များဖြင့်ရိုက်ကူး မှတ်တမ်းတင်ထားပြီး စည်းကမ်းမဲ့အမှိုက်ပစ်သူများကို ဓာတ်ပုံထုတ်ကာ လမ်းဘေးတွင် ကပ်ထားလျက်ရှိသည်။ ဆိုင်းဘုတ်များကပ်ထားသည်ကိုလည်း တွေ့ရသည်။

အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်သကဲ့သို့ ရေနေသတ္တဝါများ၊ သေကြေခြင်းမှကာကွယ်နိုင်ပြီး ဂေဟစနစ်ကို ကာကွယ်ရာရောက်သည့်အပြင် ထိုစနစ်တကျစွန့်ပစ်သည့်အမှိုက်များမှ လျှပ်စစ်ဓာတ်အားထုတ်ရန် ကုန်ကြမ်းများဖြစ်သည်ကို အမှိုက်စွန့်ပစ်တိုင်း သတိရစေချင်ပါသည်။ သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေပြီး မိမိဝန်းကျင်သန့်ရှင်းရေးအတွက် လူတိုင်းကိုယ်စီ အလေ့ကျင့်ကောင်းများကို အတုယူကာ ပြုမူဆောင်ရွက် နေထိုင်နိုင်ကြပါစေ။ ။




**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ပြည်သူ့ဆေးရုံကြီး၊ စစ်ကိုင်းမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကုသရေးဦးစီးဌာန၊ စစ်ကိုင်းမြို့၊ ပြည်သူ့ဆေးရုံကြီး၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေအရ လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက် - ၂၂-၅-၂၀၁၅(သောကြာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၂-၆-၂၀၁၅(တနင်္လာနေ့) ညနေ၄နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း နိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ပြည်သူ့ဆေးရုံကြီး၊ စစ်ကိုင်းမြို့
ဖုန်း-၀၇၂-၂၁၀၃၅



# ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာ–ဂျပန်အသင်း၏နာယက၊ "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း" အား ၂၀၁၃–၂၀၁၄ အခွန်စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုး ထမ်းဆောင်ခဲ့သော အခွန်ထမ်းလုပ်ငန်းရှင်ဖြစ်ခြင်း၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အားကစားစသည့် ကဏ္ဍအသီးသီးတွင် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် လူအား၊ ငွေအား ထည့်ဝင်၍ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ "အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရှင်ဆု" (နိုင်ငံတော် အခွန်ဘဏ္ဍာတာဝန် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့်လုပ်ငန်းရှင်–ပထမဆု)ကို (၃)နှစ်ဆက် ဂုဏ်ပြုချီးမြှင့်ခြင်း ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာကဏ္ဍအသီးသီး၌ ဆတက် ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာ–ဂျပန်အသင်း
(Myanmar-Japan Association)

MYANMAR JAPAN ASSOCIATION

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
## ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေ၊ ရေဆင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အသုံးပြုမည့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ၂၀၁၅ခုနှစ်၊ မေလ ၂၈ရက် နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရန် ကြေညာအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | ဓာတ်ခွဲခန်းသုံးပစ္စည်းများ | ၅၂မျိုး |
| ၂။ | ရုံးသုံးစက်ပစ္စည်းများ | ၁၁မျိုး |
| ၃။ | မီးဖိုချောင်သုံးပစ္စည်းများ (စတီးထမင်းပေါင်းအိုးနှင့်အိုးခွက်များ) | (၆၀၀)ဦး အတွက်ချက်ပြုတ်ရန် |
| ၄။ | ပရိဘောဂများ | ၇မျိုး |

၂။ တင်ဒါပုံစံ၊ စံချိန်စံညွှန်းများ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကိုအောက်ပါလိပ်စာများနှင့်ဖုန်းအမှတ်-၀၆၇-၄၁၆၅၂၆၊ ၀၆၇-၄၁၆၅၂၅၊ ၀၆၇-၄၁၆၅၃၀များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း ရယူနိုင်ပါကြောင်းနှင့် မွေးရေ/ကျေးလက် facebook နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvsyezin.edu.mmတွင် ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**

**အမည်ပြောင်း** အထက(ခွဲ) လေးဒေါင့်ကန်ကျောင်း ဆဋ္ဌမတန်း(A)အောင်မြင်ပြီးသည့် အဖ ဦးထွန်းလင်း၏ သမီးဖြစ်သူ မခိုင်သဇင်သော်အား ယနေ့မှစ၍ မခင်ဇေရယ်ထွန်းဟု အမည်ပြောင်းလဲခေါ်ဆိုပေးပါရန်။ **မခင်ဇေရယ်ထွန်း**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ စင်ကာပူ-မြန်မာသက်မွေးပညာသင်ကျောင်း ဖွင့်လှစ်မည့် အမှတ်(၁၂၃)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အောက်ပါလုပ်ငန်းများအား Open Tender များ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) ကျောင်းဝင်းအတွင်း 33/0.4KV 1500KVA Substation တပ်ဆင်ခြင်း
(ခ) ကနေဒီခွဲရုံမှ ကျောင်းဝင်းအတွင်း Substation အထိ မီးလိုင်းများ သွယ်တန်းခြင်း
(ဂ) လက်ရှိကျောင်းဝင်းအတွင်းရှိ 500KVA Substationအား နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန၊ တောင်ပိုင်းရုံးခွဲ၊ ရုံးဝင်းအတွင်း ပြောင်းရွှေ့ခြင်း

၂။ Open Tender ပုံစံများကို ၁၉-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)တွင် တစ်စုံလျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၉-၆-၂၀၁၅ရက် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၁၈သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းဦးစီးမျူးရုံးမှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မြင်းခြံခရိုင်လူမှုဝန်ထမ်းရုံး(၆၀'×၄၀'×၁၁') (၁)ထပ် RC ရုံးအဆောက်အအုံ(၁)လုံးဆောက်လုပ်ခြင်း။ (ရေ၊ မီး၊ မိလ္လာအပါအဝင်)
(ခ) မြင်းခြံမူလတန်းကြိုကျောင်း(၁၅၀'×၃၀'×၁၁')(၁)ထပ် RC ကျောင်းဆောက်လုပ်ခြင်း။(ရေ၊ မီး၊ မိလ္လာအပါအဝင်)
(ဂ) တောင်သာမူလတန်းကြိုကျောင်း(၁၅၀'×၃၀'×၁၁')(၁)ထပ် RC ကျောင်းဆောက်လုပ်ခြင်း(ရေ၊ မီး၊ မိလ္လာအပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာရယူရန်-၁၉-၅-၂၀၁၅ရက် မှ ၁၈-၆-၂၀၁၅ရက်အထိ
(ခ) တင်ဒါတင်သွင်းရန်-၁၉-၆-၂၀၁၅ရက် ၁၆း၀၀နာရီ
(ဂ) တင်ဒါဖွင့်ရက်-၂၀-၆-၂၀၁၅ရက်

၃။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဖုန်း-၀၂-၆၁၁၅၀၊ ၀၂-၇၂၁၀၃သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

၂၀၁၅ခုနှစ်၊ မေလ ၁၅ရက်တွင် ကျင်းပသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် **ဦးတင်မောင်ဦး** (ငွေရည်ပုလဲကုမ္ပဏီ၊ နောင်ချိုမြို့နယ်)အား နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုဖြစ်သည့် **စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု** ချီးမြှင့်ခြင်းခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

**Asia Beverages** ကုမ္ပဏီ

ရန်ကုန်မြို့။

ES SEMINAR
Executive Seminar Series by
Organized by ML
Lynn Thaik Nyunt
(MYANMAR'S LAND)
ဟောပြောမည့်သူ
သရာလင်းထိုက်ညွန့်
(မြန်မာ့မြေ)
CEO, Myanmar's Land Institute
ဟောပြောမည့်နေရာ - Myanmar's Land Institute
Seminar 1
Value Proposition (Value Proposition Design)
Ticket Price 15000 K
May 24 (Sun) 2015, 10:00 AM to 2:00 PM
Seminar 2
(Connecting)
Ticket Price 15000 K
May 31 (Sun) 2015, 10:00 AM to 2:00 PM



For 2 Seminars Ticket Price
25000 K
Limited Seats
Campus 1 - 209(B), Shwegonedine Road, Kominkochin Quartar, Bahan Township, Yangon.
Campus 2 - Taw Win Centre (3rd Floor). website : www.lynnthaiknyunt.com
Can Contact : 548500, 098628594, 0943121060, 095010014, 0932350785
Book Your Tickets Now!

MYANMAR TRADE DIRECTORY
သင်၏ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေဖို့
Myanmar Trade Directory သုံးကြပါစို့
မြန်မာကုန်သွယ်ရေးလမ်းညွှန် (ရန်ကုန်) - ၂၀၁၅ ကို
အောက်ပါစာအုပ်ဆိုင်များ နှင့် Super Market များ



- အင်းဝစာပေတိုက်
- စာပေလောက (၂/၅/၆)
- စာပေဗိမာန်
- ရာပြည့်စာအုပ်ဆိုင်
- TAB Book Centre
- City Mart
- Ocean Super Center

တွင်ဝယ်ယူရရှိနိုင်ပါသည်။
၂၀၁၆ခုနှစ်
အတွက်လူကြီးမင်းတို့၏စီးပွားရေးလုပ်ငန်းများဖော်ပြပေးလိုပါက...
Distributed By Myanmar Perfect Link Co.,Ltd.

မျိုး 380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်
ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

**ဘိုးဘွားပိုင်အိမ်နှင့်ခြံ အမြန်ရောင်းမည်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ဗိုလ်အောင်ကျော်လမ်းမကြီး (ပါဆယ်လမ်း)မြို့လယ်၊ ဘူတာရုံနှင့်နီးသည်။ မြေကွက်အကျယ် (၁၁၉၀၀) sqft, နှစ်ထပ်တိုက်ခံ၊ ပျဉ်ထောင်၊ (ရေမီးစုံ)၊ ဘဏ်၊ ရုံး၊ သိုလှောင်ရုံ စီးပွားရေးဆောင်ရွက်နိုင်သော နေရာကောင်းဖြစ်သည်။

ဆက်သွယ်ရန်ဖုန်း-
၀၉၉၇၉၈၃၈၆၇၆၊ ၀၉-၅၁၉၆၁၇၈၊
၀၉-၃၀၁၀၁၃၅၇၊ ၀၁-၅၆၁၁၆၃

**ငှားမည်(ပိုင်ရှင်)**

၁။ လှိုင်ပါရမီလမ်းမပေါ်၊ စိန်ဂေဟာမျက်စောင်းထိုး၊ ပေ(၁၆×၄၈)(ပထပ်)၊ ရေမီးကိုယ်ပိုင် ထောင့်ခန်း၊ တစ်လ(၂)သိန်း
၂။ ကားပါကင်အတွက် ခြံ ပေ(၂၅×၁၂၅)၊ အုတ်တံတိုင်းခတ်ပြီး၊ လှိုင်မြို့နယ်၊ ညွှန့်နှိုင်း

**ဖုန်း-၀၉-၇၃၂၀၇၁၂၈**

**နေလမင်း**

**အိမ်ခြံမြေနှင့်အထွေထွေအကျိုးဆောင်လုပ်ငန်း**

အနယ်နယ်အရပ်ရပ်မှ လူကြီးမင်းများနှင့် မိတ်ဆွေများအား အထူးဖိတ်ခေါ်ပါသည်။ ပြင်ဦးလွင်မြို့ရှိ အကောင်းဆုံး အိမ်ခြံမြေများကို ရောင်းခြင်း၊ ဝယ်ခြင်းကိစ္စအဝဝကို စိတ်တိုင်းကျဆောင်ရွက်ပေးပြီး ရင်နှီးမြှုပ်နှံလိုသူများအတွက် အောက်ပါဝန်ဆောင်မှုများကို အကောင်းဆုံးဆောင်ရွက်ပေးနေပြီး-

- တိကျမှန်ကန်သော မြေကွက်များကိုသာ အရောင်းအဝယ်ပြုလုပ်ပေးခြင်း
- အရောင်းအဝယ်ပြုလုပ်သော မြေကွက်များကို လူကြီးမင်းတို့ စိတ်တိုင်းကျ ဌာနဆိုင်ရာရုံးများတွင် စစ်ဆေးပေးခြင်း
- ဥပဒေအကျိုးဆောင်ရှေ့နေဖြင့် ခိုင်ခိုင်မာမာစာချုပ်ချုပ်ဆိုပေးခြင်း၊ GP, SP လွှဲပေးခြင်း
- လူကြီးမင်းများ ပြင်ဦးလွင်သို့ လာရောက်လျှင် ကားဝင်း၌ လာရောက်ကြိုဆိုပြီး လူကြီးမင်းတို့ စိတ်တိုင်းကျမြေကွက်များကို သက်သောင့်သက်သာ လိုက်လံကြည့်ရှုနိုင်ရန် အပြည့်အဝ ဝန်ဆောင်မှုပေးခြင်း
- စိတ်တိုင်းကျဝယ်ယူပြီးသော မြေကွက်များကို အုတ်တံတိုင်းခတ်၊ အလှဆင်ခြင်းအပြင် အိမ်ဆောက်ခြင်း၊ ပြန်လည်ရောင်းချပေးခြင်းများကိုပါ တာဝန်ယူဆောင်ရွက်ပေးနေပါသည်။

** ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဘုရားကြီးအနီး၊ ရပ်ကွက်ကြီး(၁၁) ရေငယ်နှင့် ရပ်ကွက်ကြီး(၁၂) ရေချမ်းအိုးတွင်ရှိသော မြေကွက်များ၊ မြို့ရှောင်လမ်းအနီးရှိ ကျီးကိုင်မြေကွက်များ၊ ရပ်ကွက်ကြီး(၂၀) နောင်ခမ်းကြီးရှိ မြေကွက်များ၊ ရပ်ကွက်ကြီး(၁၃) ဆင်ခေါင်းလေး၊ နောင်လုံး၊ ရေသရောက်ကုန်း၊ အနီးစခန်း၊ အောင်ချမ်းသာ၊ ကွန်ပျူတာတက္ကသိုလ်အနီးရှိ မြေကွက်များနှင့် အခြားပြင်ဦးလွင်မြို့ရှိ အကောင်းဆုံးနှင့် ဈေးနှုန်းအသက်သာဆုံးမြေကွက်များစွာကို အမြန်ဆုံးရောင်းရန်ရှိသောကြောင့် လူကြီးမင်းတို့ စိတ်တိုင်းကျ မြေကွက်များကို ပိုင်ဆိုင်နိုင်ရန် အမြန်ဆုံးဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**(စုံစမ်းချိန်- နံနက် ၈နာရီမှ ညနေ ၅နာရီအထိ)**

**စုံစမ်းရန်**

ရုံးချုပ်- အိမ်အမှတ်(၁၉/၄၃)၊ ဖူးပြာမူယာလမ်းသွယ်၊ ဂေါက်ကလပ်လမ်း၊ ပြင်ဦးလွင်မြို့။
ရုံးခွဲ(၁)- အမှတ်(၉)၊ နတ်စင်လမ်း၊ ရပ်ကွက်ကြီး(၂၀)၊ ပြင်ဦးလွင်မြို့။
ရုံးခွဲ(၂)- အမှတ်(၂၈)၊ ၁၇လမ်းထိပ်၊ မန္တလေး-လားရှိုးလမ်းမကြီးဘေး၊ ပြင်ဦးလွင်မြို့။
ရုံးခွဲ(၃)- အမှတ်(၂၇၅)၊ မန္တလေး-ပြင်ဦးလွင်အတက်လမ်းမကြီးဘေး၊ သုံးတောင်။
ရုံးခွဲ(၄)- အမှတ်(၁၇-B)က၊ ကားကြီးကွင်းဈေးအရှေ့၊ ပဒေသာမြို့သစ်၊ ပြင်ဦးလွင်မြို့။
ဖုန်းနံပါတ်-၀၉-၄၇၁၃၆၁၀၄၊ ၀၉-၄၉၂၇၆၉၉၉၊ ၀၉-၄၀၂၅၅၁၂၀၃




## မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် ဒုတိယအကြိမ်မြောက် အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲ

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်၏ ဒုတိယအကြိမ်မြောက် အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂ ရက်တွင် ကျင်းပမည်ဖြစ်ပါ၍ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ရွေးချယ်တင်မြှောက်ပွဲတွင် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံမည့်သင်္ဘောသားများကို ကော်မရှင်အနေဖြင့် ဖိတ်ခေါ်အပ်ပါသည်၊

သတ်မှတ်ထားသော အရည်အချင်းနှင့်ပြည့်စုံသည့် အရွေးချယ်ခံသင်္ဘောသားကိုယ်စားလှယ်လောင်းများသည် ကော်မရှင်မှသတ်မှတ်ထားသော အမည်စာရင်း တင်သွင်းလွှာပုံစံအား ၂၀၁၅ခုနှစ်၊ မေလ ၁၉ ရက်မှစတင်၍ လာရောက်ထုတ်ယူနိုင်ပြီး ပုံစံတွင် လိုအပ်သည်များကို ဖြည့်စွက်၍ ၂၀၁၅ခုနှစ်၊ ဇူလိုင်လ ၂ ရက် ၁၇း၀၀ နာရီ နောက်ဆုံးထား၍ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်လာရောက်အကြောင်းကြားတင်ပြရပါမည်၊

ဆန္ဒမဲပေးမည့်သူများသည် အဖွဲ့ချုပ်ဝင်ကတ်ပြား လက်ဝယ်ရှိရမည်ဖြစ်သောကြောင့် အဖွဲ့ချုပ်ဝင်ကတ်ပြားမထုတ်ရသေးသူများ ကတ်ပျောက်၊ ကတ်ပျက်သည့်အဖွဲ့ချုပ်ဝင်များအနေဖြင့် အဖွဲ့ချုပ်ရုံးသို့ အမြန်ဆုံးဆက်သွယ်ပေးပါရန်နှင့် နှစ်စဉ်ကြေးပေးသွင်းရန် ကျန်ရှိသည့် အဖွဲ့ချုပ်ဝင်များ နှစ်စဉ်ကြေး လာရောက်ပေးသွင်းကြပါရန် နှိုးဆော်အပ်ပါသည်၊

**ရွေးချယ်တင်မြှောက်ရေးကော်မရှင်အဖွဲ့**

ရွေးချယ်တင်မြှောက်ရေးကော်မရှင်ရုံးခွဲ
ဆက်သွယ်ရန်လိပ်စာ - အမှတ်(၅၃)၊ (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်းနံပါတ် - ၉၅(၉)၇၃၀၅၀၆၀၁၊ ၉၅(၉)၄၃၁၄၁၂၉၇



## ပရဟိတကျောင်းသူမိန်းကလေးအိပ်ဆောင် လိုအင်ဆန္ဒဖြည့်ဆည်းစေလို

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ၂၀၀၁ခုနှစ်၊ ဇွန်လ ၁ ရက်တွင် နိုင်ငံတော်အစိုးရသာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ်၂၀၁၄-၂၀၁၅ပညာသင်နှစ်မှာ(၂၇၀)ကျော်သာ မိဘမဲ့၊ နွမ်းပါး၊ တိုင်းရင်းသား မူ၊ လယ်၊ ထက်ကျောင်းသား၊ ကျောင်းသူများကို ထိန်းသိမ်းစောင့်ရှောက်ပညာသင်ကြားပေးလျက်ရှိပါသည်။

ကျောင်းသူမိန်းကလေး (၁၀၀)ဝန်းကျင်ရှိပါသည်။ အိပ်ဆောင်အခက်အခဲကြောင့် ရွာထဲက အိမ်တွေမှာ အကူအညီတောင်းပြီးထားရပါသည်။ သို့ဖြစ်ပါ၍ ကျောင်းသူမိန်းကလေးများကိုယ့်ကျောင်းအတွင်းမှာ လုံခြုံချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် အလျားပေ(၈၀)×အနံပေ(၄၀) (2RC) အဆောက်အအုံကိုလာမည့် ပညာသင်နှစ်အမီကြိုးစားတည်ဆောက်နေပါသည်။ ၎င်းအဆောက်အအုံတွင် အခန်း(၁၆)ခန်းပါရှိပြီး တစ်ခန်းလျှင်(၂၅)သိန်းကျပ် ကုန်ကျမှာဖြစ်ပါသည်။ (၁)ခန်းစာအလှူရှင်များကို ကမ္ပည်းမော်ကွန်းထိုး၍ဂုဏ်ပြုပေးသွားမှာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများမှ မိန်းကလေးအိပ်ဆောင်လိုအင်ဆန္ဒပြည့်ဝစေရန် စွမ်းနိုင်သမျှ ဝိုင်းဝန်းကူညီဖြည့်ဆည်းစေလိုကြောင်းစေတနာကောင်းဖြင့် အသိပေးနှိုးဆော်လိုက်ရပါသည်။

**ဆက်သွယ်ရန်-**
**ကျောင်းအုပ်ဆရာတော်နှင့်အကျိုးဆောင်များ**
**မြို့ဦးပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း**
**တောင်စွန်းစံပြကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်**
**ဖုန်း-၀၉-၂၅၅၇၄၈၆၂၄၊ ၀၉-၄၉၃၁၅၃၇၀၊ ၀၅၇-၆၆၃၀၂**
**ကမ္ဘောဇဘဏ်အကောင့်နံပါတ် ဦးဇဋိလ(A/C No.၀၀၇-၃၀၁-၀၀၇၀၀၇၀၈၀၀၂)**







- သက်တမ်းအရင့်ဆုံးနှင့် ကျောင်းသူကျောင်းသားများ အမှန်တကယ် အားထားရသည့် အင်္ဂလိပ်စာစဉ်
- ယခင် New Light of Myanmar အင်္ဂလိပ်သတင်းစာအယ်ဒီတာများ ရေးသားပြုစုသည့် အင်္ဂလိပ်စာစဉ်

**Student's Companion**

- မေရှန်းပုံစံသစ်နှင့်အညီ အသစ်ပြန်လည် ရေးသားပြုစုထားသည်။
- ဇွန်လမှ ဒီဇင်ဘာလအထိ လစဉ်ပုံမှန် ထုတ်ဝေမည်ဖြစ်ပြီး မှာယူလိုသူများ အောက်ပါဖုန်းနံပါတ်များသို့ တိုက်ရိုက် ဆက်သွယ်နိုင်ပါသည်။

ဖုန်း- ၀၉- ၇၃၀ ၅၂၄၉၀၊ ၀၉- ၇၉၁ ၆၂၁ ၆၈၁၊ ၀၉- ၇၉၅ ၄၅၆ ၇၉၅

### အမည်ပြောင်း

နေပြည်တော် အထက(၂) Grade-11(A)မှ အဖ ဦးညီညီထွန်း၏သမီးဖြစ်သူ မခိုင်မာအား မခိုင်မာညီငွေးထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ မခိုင်မာညီငွေးထွန်း

### ဝှာမည်

မ/ဒဂုံ၊ 36ရပ်ကွက်၊ (VIP)
ခြံ 54'x90' အိမ် 2½ RC(သစ်)
ရေနွေးစိမ်ကန်ပါ။
Ph: 09-73073644

### ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

မောင် မင်းမင်းထွဏ်း [၁၂/မဂတ(နိုင်)၀၉၂၇၅၉]နှင့်မဇင်မြတ်စည်သူ[၁၂/မဂတ(နိုင်)၀၉၁၈၉၃]တို့သည် ၁၈-၅-၂၀၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟိုတရားရုံးချုပ် ဒုတိယညွှန်ကြားရေးမှူးတရားသူကြီး ဒေါ်ချိုရွှေမှောက်၌ နှစ်ဦး သဘောတူလက်မှတ်ရေးထိုး ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မဇင်မြတ်စည်သူ**

Sweet Angel NAIL ART & BEAUTY TRAINING SCHOOL
**အခမဲ့ပညာဒါနသင်တန်းများ**
သင်ထောက်ကူပစ္စည်းတစ်စုံဝယ်ယူ၍ဖြင့် အခမဲ့သင်ကြားပေးပါမည်။

| ဘာသာရပ် | ပစ္စည်းဖိုး | သင်တန်းကာလ |
|---|---|---|
| ဆံပင်ညှပ် | 50,000 | 2 Months |
| ဆံထုံး | 50,000 | 1 Month |
| မိတ်ကပ် | 50,000 | 1 Week |
| လက်သည်းပုံဖော်ပန်းချီ | 50,000 | 1 Month |
| လျှော် + ပေါင်းတင် ဆေးဆိုး/ဖြောင့် | 50,000 | 2 Weeks |
| မျက်နှာဆေးချေးချွတ် အဆီပ်ထုပ်၊ ပေါင်းတင် | 50,000 | 2 Weeks |

သင်တန်းပြီးဆုံးလျှင် သင်တန်းဆင်းလက်မှတ်ထုတ်ပေးမည်။ ကျွမ်းကျင်သူများအား လစာဖြင့် အလုပ်ပြန်ခန့်မည်။ အလုပ်ရရန် ကူညီပေးမည်။

အခန်း(406)၊ ပန်းခြံတာဝါ၊ ဗားဂရာလမ်းနှင့်ဓမ္မစေတီလမ်းထောင့်၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
Ph: 01-538510, 09-5107347,09-33546597

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက ရွှေတိုက်ကိုစိုး**

Hot Line No-0930500100

# ရခိုင်ပြည်နယ် တဖြည်းဖြည်း တည်ငြိမ်အေးချမ်းလာပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ရရှိနေ





'w , orwa'¦uwmpi;armucr; ppawlrl lrlv , acmi;(b v;r)wwm; wnaqmuaerlu n½p0/ (owi;p0)

**နေပြည်တော် မေ ၂၀**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့် ဦးခင်ရီ၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့နယ် ရေချမ်းပြင်ကျေးရွာအနီး၌ ရခိုင်ပြည်နယ်အစိုးရ၊ ဒေသခံပြည်သူများနှင့်ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ ပူးပေါင်းတည်ဆောက်လျက်ရှိသည့် တံတားအရှည်ပေ ၁၆၀၊ အကျယ် ၁၄ ပေရှိ သံကူကွန်ကရစ် အမျိုးအစား ရေချမ်းပြင်တံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့နယ် ရေချမ်းပြင်ကျေးရွာအုပ်စု အုန်းရည်ပေါ်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကျေးလက်အိမ်ရာဖော်ထုတ်နေမှုကိုလည်းကောင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၏ ထောက်ပံ့မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာပိုင် မျှင်ငါးပိ၊ ပုစွန်ခြောက်လုပ်ငန်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို မေးမြန်းဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် နယ်မြေခံတပ်နယ်ဧည့်ခန်းမ၌ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များနှင့်တွေ့ဆုံ၍

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒**

# မိတ္ထီလာ(မြောက်)ကန် ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်း စက်ယန္တရား အစီး ၄၀၀ ဖြင့် နှစ်လအတွင်း အပြီးတူးဖော်မည်



တင်လှိုင်(မိတ္ထီလာ)
ဓာတ်ပုံ-သန့်ဇင်(မိတ္ထီလာ)

**မိတ္ထီလာ မေ ၂၀**

မိတ္ထီလာမြို့တွင် ရှေးမင်းကောင်းမင်းမြတ် မင်း ၁၇ ဆက် တူးဖော်ဆည်ဖို့ခဲ့သော သမိုင်းဝင်မိတ္ထီလာကန်တော်ကြီးရှိသည်။ မိတ္ထီလာကန်တော်ကြီးကို မိတ္ထီလာ-ကျောက်ပန်းတောင်းသွားကားလမ်း၏တောင်ဘက်ကန်ကို တောင်ကန်ဟူ၍ သတ်မှတ်ပြီး ကားလမ်း၏ မြောက်ဘက်ကန်ကို မြောက်ကန်ဟူ၍ ခွဲခြားသတ်မှတ်ထားသည်။ တောင်ကန်ရေမှာ ကြည်လင်သန့်ရှင်းနေပြီး မြောက်ကန်ရေမှာ မုန်တိုင်ချောင်းရေ တိုက်ရိုက်စီးဝင်သဖြင့် ကန်ရေမှာ နောက်ကျိနေသည်။ မိတ္ထီလာကန်တော်ကြီးမှာ မြို့လူထုသောက်သုံးရေနှင့် စိုက်ပျိုးရေကို အဓိကအားထားနေရသောကန်တော်ကြီးဖြစ်သည်။

မိတ္ထီလာကန်တော်ကြီးမှာ ထင်ရှားကျော်ကြားသဖြင့် စာဆိုအကျော်အမော်တို့က "ရေမှာ စစ်ကိုင်း၊ လှိုင်းမှာ ပခန်းငယ်၊ လယ်မှာ တောင်တွင်း၊ စပါးမှာ ရမည်းသင်း၊ အင်းမှာ တောင်သမန်၊ ကန်မှာ မိတ္ထီလာ"ဟုတင်စားစပ်ဆိုထားကြသည်။

ဤကဲ့သို့ ထင်ရှားကျော်ကြားသော အထင်ကရ သမိုင်းဝင်ထင်ရှားသော မိတ္ထီလာကန်တော်ကြီးမှာ နှစ်ပေါင်းထောင်ချီ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ◯**


ယနေ့

**မာတိကာ**

အာရှ ယူ -၂၃ ဘော်လီဘောပြိုင်ပွဲ အီရန်အသင်း ချန်ပီယံဆု ဆွတ်ခူး

စာမျက်နှာ - ၈

မန္တလေး၌ အငှားအိမ်ရာများ တည်ဆောက်ပေး

စာမျက်နှာ - ၂၁







Gmail themirror.npt@gmail.com
www.facebook.com/themirrordaily